www.burmeseclassic.com

# တာတေ

စီစဉ်သည်

# မျှော်ဝင်တောင်သခင်မ

တာတေ ၊ မင်းဘုန်းသိမ်သူ ၊ ဘိုးသာဒင်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဘုန်းဇော်(၀၀၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
စာအုပ်ချုပ် - မိဘအရိပ်(ဇာနည်)စာအုပ်ချုပ်လုပ်ငန်း
ကွန်ပျူတာ - ဇာနည်မော်၊ ယမုံစိုး
အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊ ၂၀၁၇ - ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး - ၅၀၀ - ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၉၊ ရာဇာဓိရာဇ်လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com




# မှော်ဝင်တောင်သခင်မ

တာတေ ၊ မင်းဘုန်းသိမ်သူ ၊ ဘိုးသာဒင်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

■ တာတေ

မော်ဝင်တောင်သခင်မ ........................................ ၅

■ မင်းဘုန်းသိခ်သူ

ခေါင်းတလားထဲမှ ထွက်လာသော ရုပ်အလောင်း .................. ၇၄

■ ဘိုးသာဒင်

ကိုးလောင်းစံအိမ် ........................................ ၁၃၉

www.burmeseclassic.com

www.burmeseclassic.com



# တာတေ

## မျှော်လင့်တောင့်သခင်မ

ဆရာကြီး ဒေါက်တာမင်းအောင်နဲ့ လျှောက်လိုက်နေတုန်း ကလေဗျာ။ ဒီတုန်းက တာတေဆိုတဲ့ ကျုပ်က ယာထဲ ကိုင်းထဲ လည်း သိပ်လုပ်သေးတာ မဟုတ်ဘူးဗျ။ အဘပဲ ယာထဲဆင်းတော့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မနိုင်ရင် လူငှားချရတာပေါ့ဗျာ။ ကျုပ်ကတော့ ရွာထဲရုပ်ထဲသွား လာပြီး သာရေးနာရေးတွေ လုပ်နေတာ။ ကျုပ်တို့ ထနောင်းကုန်း တစ်ဝိုက်က ရွာတွေဆိုတာ တာတေ့ခြေရာချည်းပေါ့ဗျာ။ ဘယ်ရွာ မှာ ဘာအကြောင်းရှိရှိ ကျုပ်ကို လာခေါ်ကြတာချည်းပဲဗျ။ ကျုပ် ကလည်း ဘယ်က လာခေါ်ခေါ် ဘယ်တော့မှ ငြင်းတဲ့ကောင် မဟုတ်ဘူးဗျို့။ ချက်ချင်းကို ထလိုက်တဲ့ကောင်ဗျ။

ကိစ္စရှိရင် ဆရာကြီး ဦးမင်းအောင်က ဆရာနံ့ဖကို လူ လွှတ်ခေါ်တယ်ဗျ။ ဆရာနံ့ဖက တစ်ခါ ကျုပ်ကို ဝင်ခေါ်တယ်။ ပြီးရင် ဆရာကြီးရယ်၊ ဆရာနံ့ဖရယ်၊ ကျုပ်ရယ် ခရီးထွက်ကြ တော့တာပေါ့ဗျ။ ဆရာကြီး ဦးမင်းအောင်ကိုတော့ ခင်ဗျား မှတ်မိ ဦးမှာပါ။ ရန်ကုန်ကလေဗျာ။ ဗဟန်းမှာ နေတာလေ။ ခင်ဗျား မှတ်မိသေးလား။ ဆရာကြီးနေတဲ့လမ်းက သစ်ပင်ကြီးတွေ အုပ် ဆိုင်းပြီး ညို့မှိုင်းနေတဲ့ လမ်းကြီးလေဗျာ။ ခြံနံပါတ်က (၂၇)ဗျာ။ ခြံဝင်းကျယ်ကြီးထဲမှာ ရေနံ့ဝနေအောင် သုတ်ထားတဲ့ ကျွန်းအိမ် မည်းမည်းကြီးနဲ့ နေတာဗျ။ အိမ်က ရှေးအိမ်ကြီး၊ ဆင်ဝင်ကြီး ထုတ်ပြီး ဆောက်ထားတာ၊ သံဘာဂျာတံခါးကြီးတပ်လို့။ လွှတ် ကျက်သရေရှိတဲ့ အိမ်ကြီးပါဗျာ။

အဲဒီအိမ်ကြီးထဲမှာနေတဲ့ ဆရာကြီး ဒေါက်တာမင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အတော်ကို တည်ကြည်ခန့်ညားပြီး ကျက်သရေရှိတာပါဗျာ။ မျက်နှာက တည်ငြိမ်ပြီး အေးချမ်းနေတာဗျ။ အရပ်က ၆ ပေနီးပါး ရှိတယ်။ ကိုယ်လုံးက ထွားထွားကျိုင်းကျိုင်း၊ တောင့်တောင့်နိုင်နိုင်ဗျ။ တကယ့်ကို မြန်မာပီသတဲ့ ရုပ်ရည်ပါဗျာ။ အထူးခြားဆုံးကတော့ ဆရာကြီးရဲ့ မျက်လုံးတွေပဲဗျ။ နက်မှောင်ပြီး အရောင်တောက်နေသလိုကို ထင်ရတာဗျ။ ပြောပုံဆိုပုံ နေပုံထိုင်ပုံကို ကြည့်တာနဲ့တင် ဂုဏ်သရေရှိတဲ့လူဆိုတာ အသိသာကြီးပါဗျာ။ အသက်ကတော့ ၆၀ ကျော်လောက် ရှိမယ်ထင်တယ်။

နက်မှောင်နေတဲ့ ဆံပင်တွေကို ဆီရွှဲရွှဲလိမ်းပြီး သပ်သပ်ရပ်ရပ် ဖြီးထားတယ်။ ပြီးတော့ တစ်ပတ်နွမ်းအင်္ကျီ လုံချည်လေးတွေကိုပဲ ဝတ်လေ့ရှိတယ်။ ဆရာကြီးရဲ့ပုံက အင်မတန် ခန့်ထည်ပေမယ့် အနေကတော့ လွတ်ရိုးသားတာဗျို့။ ဒါပေမဲ့ ဆရာကြီး ဒေါက်တာမင်းအောင်က နိုင်ငံတော်တော်များများမှာ ဆရာဝန်အလုပ်ကို လုပ်ရင်း အထက်လမ်း မှော်ပညာတွေကို လေ့လာဆည်းပူးခဲ့တဲ့သူဗျ။ ပြီးတော့ ရောက်လေရာမှာ အောက်လမ်းမှော်ပညာသယ်တွေ၊ စုန်း၊ ကဝေတွေကို တွေ့တိုင်း နိုင်နင်းခဲ့တဲ့သူလေဗျာ။

ဆရာကြီးအကြောင်းကို သေသေချာချာ သိချင်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရေးခဲ့တဲ့ '**ကစေဆယ့်နှစ်ကြိုး**' စာအုပ်မှာ ဖတ်ကြည့်ပေတော့ဗျာ။

အခုလည်း ဆရာကြီး ဦးမင်းအောင်က ဆရာနံ့ဖကို လူလွှတ်ပြီး ခေါ်တယ်။ ဆရာနံ့ဖက ရှမ်းပြည်ကနေ ရန်ကုန်ကို ဆင်းသွားပြီ။ ကျုပ်ဆီကို သူ့တပည့် ကိုပုလို့ခေါ်တဲ့ ရှမ်းဆရာ တစ်ယောက်ကို လွှတ်ပြီး ခေါ်ခိုင်းတယ်။

အရင်တစ်ခါတုန်းကလည်း ကျုပ်ဆီကို ဆရာပု ရောက်လာပြီး ခေါ်ဖူးတယ်ဗျ။ အဘနဲ့ အမေ့ကို ခွင့်တောင်းပြီး ဆရာပုနဲ့ ကျုပ် လိုက်ချလာခဲ့တယ်ဗျ။

ရန်ကုန်က ဆရာကြီး ဦးမင်းအောင်ရဲ့ ခြံကြီးထဲကို ရောက်တော့ ဆရာကြီးနဲ့ ဆရာနံ့ဖက ကျုပ်ကို ခရီးဦးကြိုပြုကြပါတယ်။ ဗဟန်းက ဆရာကြီးရဲ့ အိမ်ကြီးထဲမှာ ဆရာနံ့ဖက တစ်ခန်း၊ ကျုပ်နဲ့ ဆရာပုက တစ်ခန်း တည်းကြရတယ်။ ဆရာကြီး ဦးမင်းအောင်ကတော့ အိမ်မှာ သိပ်မရှိဘူးဗျ။ အပြင်ကို သွားနေတာ များတယ်။ တစ်ခုခုကို အရေးတကြီး စီစဉ်နေတဲ့ပုံပဲဗျို့။

ကျုပ်က ဆရာနံ့ဖကို မေးကြည့်လိုက်တယ်။

"ဆရာ၊ ဆရာကြီးကို ကြည့်ရတာ အလုပ်တော်တော်



www.burmeseclassic.com

www.burmeseclassic.com


များနေတဲ့ပုံပဲနော်”

ဆရာနဲ့ဖက ခေါင်းလေးညိတ်ပြီး ပြန်ပြောတယ်ဗျ။

“ဟုတ်တယ် မောင်တာတေရဲ့၊ ဆရာကြီး သွားလာလှုပ်ရှားနေပုံကို ကြည့်ရတာ တော်တော်ကို အရေးကြီးတဲ့ကိစ္စကြီး တစ်ခုကို လုပ်တော့မယ့်ပုံပဲကွ”

“ဟုတ်တယ် ဆရာ၊ ခါတိုင်းဆိုရင် ညဘက်တွေ ဘာတွေမှာ ကျုပ်တို့နဲ့ စကားစမြည်လေးပြောချိန် ရှိသေးတယ်။ ဒီတစ်ခါက ညဘက်ကို ဆရာကြီး ပြန်ရောက်ဘာ၊ ဘယ်အချိန် ရောက်မှန်းတောင် မသိဘူးဗျ”

“အေး ဟုတ်တယ်၊ မောင်တာတေတို့ ကိုပုတို့ အိပ်ပျော်သွားတဲ့အချိန်ကျမှ ပြန်လာတာကွဲ့၊ ဒီရောက်တော့လည်း ညစာစားသောက်ပြီးရင် ကျုပ်နဲ့ အလုပ်တွေ ဆက်လုပ်ကြသေးတယ်၊ မောင်တာတေရဲ့”

ကျုပ် တွေးလိုက်မိတယ်ဗျ။ ဆရာနဲ့ဖကတော့ ဆရာကြီး အရေးတကြီး စီမံနေတဲ့ကိစ္စကို သိသင့်သလောက်တော့ သိမှာပဲ လို့။ ဒါပေမဲ့ ကျုပ်ကို ပြောပြလို့ မဖြစ်လို့ရှိမှာလို့ ကျုပ်တွေးမိတယ်။ တာတေက ဆရာတွေနဲ့ လိုက်ခဲ့တာ များပြီလေဗျာ၊ ဆရာတွေအကြောင်းကိုလည်း ကောင်းကောင်းသိနေတဲ့ကောင်ဗျ၊


www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းကြောင်းတွေမှာက မသိစေချင်ရင် မသိအောင် နေရတာဗျို့။ ဆရာကြီးတွေက တပည့်ကို ပြောမပြဘူးဆိုတာ တပည့်မသိစေချင်လို့ပေါ့ဗျာ။ ဒါမျိုးကို အတင်းမစပ်စုရဘူးဗျ။ ကိုယ့်ကိုခိုင်းတဲ့ကိစ္စ၊ တာဝန်ပေးတဲ့ကိစ္စကိုသာ ပိုင်ပိုင်နိုင်နိုင် လုပ်ကြရတာ။

ကျုပ်ဆရာကြီး အိမ်ရောက်ပြီး ငါးရက်မြောက်တဲ့နေ့မှာ ခရီးစထွက်ရတယ်။ ဆရာကြီးရယ်၊ ဆရာနှံ့ဖရယ်၊ ဆရာပုရယ်၊ ကျုပ်ရယ်ပေါ့ဗျာ။ လော်ကယ်ရထားကြီး စီးခဲ့ကြတာဗျ။ ရထားက တစ်ဘူတာပြီး တစ်ဘူတာ ရပ်လာလိုက်တာ တောင်ငူဘူတာ ရောက်တော့ ကျုပ်တို့ ဆင်းကြတယ်။ ဘူတာရုံမှာ ဆရာကြီး ဦးမင်းအောင်ရဲ့ တပည့်တစ်ယောက် လာကြိုတယ်။ နာမည်က ဆရာထူးတဲ့ဗျ။ သျှောင်တစောင်းလေးထုံးလို့။ ပုဝါပန်းရောင်လေး ပေါင်းထားတယ်။

"ဘယ်လိုလဲဟေ့ မောင်ထူး၊ ဒီကအခြေအနေတွေ"

ဆရာထူးရဲ့အိမ်ကို ရောက်တာနဲ့ ဆရာကြီးက တန်းမေးတာဗျို့။

"အခြေအနေကောင်းတယ် ဆရာကြီး"

"ဘယ်လိုကောင်းတာတုံး မောင်ထူးရဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ဒီကောင်တွေ မြတ်စောညီနောင်ဘုရားနားက ဝိုင်းကြီး တစ်ဝိုင်းထဲမှာ လူစုနေကြတယ်။ လူစုံအောင် မရောက်သေးဘူး ဆရာကြီး၊ တဖွဲဖွဲလာနေကြတယ်။ လွန်ခဲ့တဲ့ သုံးရက်က တစ်သုတ် ထွက်သွားတာ လူငါးဆယ်လောက်ရှိတယ်။ မနေ့က နောက်တစ်သုတ် ထပ်ထွက်သွားတယ်။ လူငါးဆယ်လောက်ပဲ ဆရာကြီး၊ သဘက်ခါ ကျရင် နောက်ဆုံးတစ်သုတ် ထွက်မယ်၊ အဲဒီအသုတ်မှာလည်း လူငါးဆယ်ပဲတဲ့။ အဲဒီအသုတ်မှာပါတဲ့လူတွေက လာနေကြတုန်း ပဲ၊ အဲဒီအထဲက အကောင်နှစ်ကောင်ကို ကျုပ်လူတွေက သဲတောင် ကြီးဘက်မှာ ဖမ်းထားပြီးပြီ ဆရာကြီး။ အဲဒီကောင်နှစ်ကောင်ရဲ့ နာမည်တွေ၊ အသက်တွေ၊ သူတို့ရထားတဲ့ ပညာအဆင့်တွေ၊ မိဘမျိုးရိုးတွေ အားလုံးကို ကျုပ်လူတွေက စစ်ဆေးထားပြီးပြီ။ တစ်ယောက်က ဟောဒီသူငယ်အရွယ်လောက်ပဲ ရှိသေးတယ်"

ဆရာထူးက ကျုပ်ကို လက်ညှိုးထိုးပြီး ပြောတာဗျ။

"ဟေ...ဟုတ်လားကွ မောင်ထူး၊ ဒါဆို ဟန်ကျတာ ပေါ့ကွာ၊ ဒါထက် နောက်တစ်ယောက်ကရောကွဲ့"

ဆရာကြီးက ကိုထူးကိုမေးတော့ ကိုထူးက ဆရာပုကို လက်ညှိုးထိုးပြတယ်။

"ဟာ...ဒါဆိုရင် ပိုပြီးဟန်ကျတာပေါ့ မောင်ထူးရဲ့၊


www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ဖမ်းထားတဲ့ အောက်လမ်းကောင်နှစ်ကောင်က ငါ့လူတွေနဲ့ ရှယ်တူတွေဆိုတော့ လူစားထိုးဖို့ကိစ္စက တော်တော့်ကို အခက်ပြေတာပေါ့ကွယ်၊ ကဲ…နှံဖရေ၊ မင်းတပည့် မောင်ပုနဲ့ မောင်တာတေကို ဒီညတော့ အကျိုးအကြောင်းလေး ပြောထားပေတော့ကွယ်၊ ပြီးတော့ မောင်ထူးက သူတို့နှစ်ယောက်ကို ပြောသင့်တာပြောပြီး လေ့ကျင့်သင့်တာတွေ လေ့ကျင့်ခိုင်းပေတော့၊ မနက်ဖြန်တစ်ရက်လုံးလုံး အချိန်ရတာပဲမို့လား"

"ဟုတ်ပါတယ် ဆရာကြီး"

ဆရာထူးရဲ့ပိုင်းက တော်တော်ကျယ်သားဗျ။ အိမ်ကလည်း တိုက်ခံအိမ်ကြီး၊ တော်တော်ကျယ်တယ်။ သူ့မိသားစုက အိမ်အောက်ထပ်မှာပဲ နေကြတာဗျ။ အိမ်ပေါ်ထပ်ကြီးမှာက ဆရာထူး တစ်ယောက်တည်း နေတာ။

ဆရာထူးရဲ့ မိန်းမနဲ့ သားသမီးတွေက ဆရာကြီး ဦးမင်းအောင်ကို လွှတ်ရိုသေကြတာဗျ။ စကားပြောရင်ကိုပဲ လက်အုပ်တွေချီပြီး ပြောကြတာ။ ဒီအိမ်ကြီးကို ဆရာကြီးကတော့ မကြာမကြာ ရောက်ဖူးတဲ့ပုံပဲဗျ။

ကျုပ်တို့ကိုလည်း ကျွေးမွေးပြုစုလိုက်ကြတာဗျာ မပြောပါနဲ့တော့။ ကြာတော့ ကျုပ်ဖြင့် အားတောင်နာလာတယ်ဗျို့။



www.burmeseclassic.com

www.burmeseclassic.com


ညစာ စားသောက်ပြီးတော့ အိမ်ပေါ်ထပ်က ဆရာထူးရဲ့ ဘုရားခန်းအကျယ်ကြီးထဲမှာ ဆရာကြီးနဲ့ ဆရာထူးတို့ ပုတီးစိပ်ကြရောဗျို့။ ဆရာစိုင်းနွံဖက ကျုပ်နဲ့ ကိုပု တည်းတဲ့အခန်းထဲမှာ ကျုပ်တို့နှစ်ယောက်ကို စပြီးပြောတော့တာပေါ့ဗျာ။ ဆရာနွံဖက သင်ဖြူးဖျာလေးတစ်ချပ်မှာ တင်ပလ္လင်ခွေထိုင်လို့ ကျုပ်နဲ့ ဆရာပုက သူ့ရှေ့မှာ ငြိမ်ငြိမ်လေးထိုင်ပြီး နားထောင်ကြတာပေါ့ဗျာ။

"ကဲ…ကိုပုနဲ့ မောင်တာတေတို့ နှစ်ယောက်စလုံး နားထောင်ကြကွဲ့၊ ကျုပ်တို့ ဒီခရီးကို ထွက်ရတဲ့ အဓိကရည်ရွယ်ချက်က 'မှော်ဝင်ဂိုဏ်း' ထဲကို ထိုးဖောက်ဝင်ဖို့ပဲကွဲ့"

"ဗျာ…မှော်ဝင်ဂိုဏ်း၊ ဟုတ်လား ဆရာ"

"အေး…ဟုတ်တယ် မောင်တာတေ၊ မှော်ဝင်ဂိုဏ်းကွဲ့၊ ဆရာ့တပည့် ကိုပုကတော့ ပညာစခန်းလျှောက်နေတာဆိုတော့ သူက ဒီအကြောင်းကို အတန်အသင့် ကြားဖူးပြီးသားပေါ့၊ မောင်တာတေကတော့ သိမှာမဟုတ်သေးဘူးလေ"

"ဟုတ်ပါတယ် ဆရာ၊ ကျုပ် ဒီနာမည်ကို အခုမှ ကြားဖူးတာပါ"

"မှော်ဝင်ကျမ်းဆိုတာ ဒီလောကမှာရှိတယ် မောင်တာတေ ရဲ့၊ ကျမ်းစာအုပ်ကြီးတစ်အုပ်လုံး ရွှေစက္ကူနဲ့ လုပ်ထားတာကွဲ့


www.burmeseclassic.com

www.burmeseclassic.com



ရွှေစက္ကူဆိုတာက ရွှေကို စက္ကူလို အပြားပါးပါးလေးခတ်ပြီး အဲဒီပေါ်မှာ စာတွေရေးထားတာကွဲ့၊ ကျမ်းစာကို ရေးထားတဲ့ အက္ခရာက မာဂဓဘာသာစကားနဲ့ ရေးထားတာလို့ ပြောတယ်၊ ဒီနိုင်ငံက ကျမ်းစာတော့ မဖြစ်နိုင်ဘူး မောင်တာတေရဲ့၊ ဒီနိုင်ငံက ရှေးဟောင်းကျမ်းစာတွေဆိုတာ ပုရပိုဒ်တွေနဲ့ပဲ ရေးလေ့ရှိတာလေ။ အခုကျမ်းစာက စာအုပ်ဆိုတော့ ဒီနိုင်ငံက လက်ရာမဟုတ်ဘူးလို့ ဆရာထင်တယ်ကွဲ့"

"ဆရာပြောတာ ဟုတ်လိမ့်မယ်၊ တခြားနိုင်ငံက ကျမ်းစာအုပ်ကြီး ဖြစ်မယ်ဗျ၊ နို့ အဲဒီမှော်ဝင်ကျမ်းကြီးက ဘယ်လိုဖြစ်လို့တုံး ဆရာ"

"ဒီလိုကွဲ့ မောင်တာတေရဲ့၊ ဒီကျမ်းကြီးက ရွှေစက္ကူပေါ်မှာ မာဂဓဘာသာနဲ့ ရေးထားခဲ့တဲ့ မှော်ပညာကျမ်းကြီးကွဲ့၊ ရှေးနှစ်ပေါင်း သုံးထောင်လောက်က ရှားပါးပျောက်ကွယ်သွားတဲ့ ပညာတွေတောင် ပါသတဲ့၊ ပြီးတော့ မှော်ကျင့်စဉ်တွေ၊ ကိုယ်ခွဲထုတ်တဲ့ ပညာတွေကစပြီး အင်မတန်မှ အံ့ဩဖွယ်ကောင်းတဲ့ ပညာရပ်တွေအထိ ပါတယ်ဆိုပဲ"

"နေပါဦး ဆရာရဲ့၊ အဲဒီကျမ်းကြီးထဲက မှော်ပညာတွေက အထက်လမ်းပညာတွေလား၊ အောက်လမ်းပညာတွေလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ...ဘယ်က အထက်လမ်းပညာရှင်မှာလဲ မောင်တာ တောရယ်၊ အမှောင်ပညာတွေ၊ အောက်လမ်းမှော်တွေပေါ့"

"ဟင်..ဒါဆိုရင် ဒီကျမ်းကြီးက တော်တော်ကို အန္တရာယ် ရှိတာပါလား ဆရာရယ်"

"အေး ဟုတ်တယ် မောင်တာတေ၊ ဒါကြောင့်လည်း တစ်ကမ္ဘာလုံးမှာရှိတဲ့ အထက်ပုဂ္ဂိုလ်ကြီးတွေ တိုင်ပင်ပြီး အမှောင် မှော်သိုက်ကြီးဖြစ်တဲ့ ဒီမှော်ဝင်ရွှေစာအုပ်ကြီးကို ကမ္ဘာပေါ်မှာ ဘယ်သူမှ မမြင်ရ၊ မတွေ့ရအောင် ဝှက်ထားလိုက်ကြတာ၊ နှစ်တွေ ထောင်ချီနေပြီကွဲ့၊ ဒါပေမဲ့ ဒီမှော်ဝင်ကျမ်း ရွှေစာအုပ်ကြီးကို အနော်ရထာမင်းလက်ထက်မှာ ပုဂံပြည်က အရည်းကြီးတစ်ပါးက ရသွားတယ်"

"ဟင်...ဘယ်လိုလုပ်ပြီး ရသွားတာတုံး ဆရာရဲ့၊ တစ်ကမ္ဘာလုံးက အထက်ပုဂ္ဂိုလ်ကြီးတွေ တိုင်ပင်စည်းဝေးပြီး ဝှက်ထားတဲ့ မှော်ဝင်ကျမ်းကြီးကို ဒီအရည်းကြီးက ဘယ်လိုများ ရသွားတာတုံး ဆရာရဲ့"

"အဲဒါတော့ ကျုပ်လည်း သေသေချာချာ မသိဘူးကွဲ့၊ ဒါပေမဲ့ ကျုပ်တွေးကြည့်မိတာကတော့ သူနဲ့ ဒီကျမ်းနဲ့ဟာ အကြောင်းဆက်တစ်ခု ရှိနေလို့ သူရသွားတာနေမှာပေါ့ မောင်တာ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တေရယ်''

''ဒါဆိုရင် ဒီရွှေစာအုပ်ကြီးက အခု ဘယ်သူ့လက်ထဲကို ရောက်နေပြီလဲ ဆရာ''

ကျုပ်မေးတာကို ဆရာနဲ့ဖက အံ့ဩသွားပုံပဲဗျ။

''ဟာ…မောင်တာတေရဲ့၊ ဘယ်သူ့လက်ထဲမှ မရောက်ဘူးလေကွယ်၊ အဲဒီကျမ်းကြီးကို ရသွားတဲ့ အရှည်းလက်ထဲမှာပဲ ရှိနေတာပေါ့''

''ဗျာ၊ ဒါ ဒါဆိုရင် အဲဒီအရှည်းက အနော်ရထာမင်း လက်ထက်ကတည်းက အခုထိ မသေသေးဘူးပေါ့ ဟုတ်လား ဆရာ''

''အေး ဟုတ်တယ်လေ မောင်တာတေရဲ့၊ အရှည်းက ဘယ်သေတော့မှာတုံး၊ ဒီကျမ်းကြီးထဲက ကျင့်စဉ်တွေ ကျင့်ပြီး နေလာခဲ့တာလေကွယ်''

''ဟာ…ဒါဆိုရင် မှော်ပညာတွေ တစ်ဖက်ကမ်းခတ်အောင် တတ်နေပြီပေါ့ ဟုတ်လား ဆရာ''

''သိပ်ဟုတ်တာပေါ့ မောင်တာတေ''

''ဟာ…ဒါဆိုရင် ဒီအရှည်းကြီးကို ဆရာကြီး ယှဉ်နိုင်ပါ့မလား ဆရာရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...မောင်တာတေက ဒါကိုတွေးပြီး ပူနေတာကိုး၊ ဒီအတွက်တော့ မပူနဲ့ကွဲ့၊ ဒီကိစ္စကို ဆောင်ရွက်ဖို့ ဆရာကြီး ဦးမင်းအောင်ဆီကို တစ်ကမ္ဘာလုံးက အထက်ပုဂ္ဂိုလ်ကြီးတွေ တစ်ယောက်ပြီးတစ်ယောက် ကြွလာကြပြီး သိဒ္ဓိတွေတင်ပေးသွား ကြပြီကွဲ့။ ပြီးတော့ အဆင့်မြင့်တဲ့ အထက်လမ်းပညာတွေလည်း သင်ပေးသွားကြတယ်။ ပေးသင့်တဲ့ပစ္စည်းတွေလည်း ပေးခဲ့ကြ တယ် မောင်တာတေရဲ့၊ ဒါပေမဲ့ ခက်နေတာက အရည်းက သူ တတ်ထားတဲ့ မှော်ပညာနဲ့ သူနေတဲ့ ကျောက်ဂူကြီးထဲမှာ စီမံထား တာတွေက တော်တော်ကို အဆင့်မြင့်နေတာကွဲ့၊ ဒီတော့ အထက် ပုဂ္ဂိုလ်တွေတောင် လွယ်လွယ်နဲ့ ဝင်လို့မရနိုင်အောင် ဖြစ်နေတာ၊ သူနေတဲ့ ကျောက်ဂူကြီးကိုလည်း သူ့ရဲ့ မှော်အတတ်နဲ့ ဖျောက် ထားတာ၊ ဘယ်လိုပုဂ္ဂိုလ်မှ ရှာလို့မတွေ့နိုင်ဘူး။ အခုလို မောင်တာ တေနဲ့ ကိုပုနဲ့ကို သူတို့လူတွေနဲ့ရောပြီး ထည့်လိုက်တဲ့အခါ မောင်တာတေက လမ်းကြောင်းကို ပြသွားရမယ်၊ မောင်တာတေ စလွယ်သိုင်းလွယ်ထားတဲ့ လွယ်အိတ်ကြီးထဲမှာ အမှတ်အသား လုပ်ထားတဲ့ ဇီးဖြူသီးတွေ ထည့်ပေးလိုက်မယ်၊ အဲဒီဇီးဖြူသီးတွေ ကို မောင်တာတေက သွားရင်းနဲ့ မသိမသာ ချထားခဲ့ရမယ်။ ဆရာကြီးရယ်၊ ဆရာထူးရယ်၊ ကျုပ်ရယ်က နောက်က လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com


ခဲ့မယ်"

"ဩော်…ဒီလိုလား၊ စိတ်ချပါ ဆရာ၊ ကျုပ် အမှတ်အသားတွေ သေသေချာချာ လုပ်ခဲ့ပါ့မယ်"

ကျုပ်ကသာ ဆရာနဲ့ဖကို မေးဟယ်မြန်းဟယ် လုပ်နေတာဗျ၊ ကိုပုဆိုတဲ့ လူကတော့ နဂိုကလည်း အေးအေးနေတတ်တဲ့ လူထင်ပါရဲ့ဗျာ၊ ဘာမှဝင်မပြောဘဲ ခေါင်းလေးပဲ ညိတ်ပြလိုက်၊ ပြုံးပြလိုက်နဲ့ပဲ ငြိမ်နေတော့တာဗျို့။ ဒါပေမဲ့ ဒီလူ့ကို ကြည့်ရတာ စကားနည်းသလောက် သတ္တိတော့ ရှိမယ့်ပုံပဲဗျ။

"နေပါဦး ဆရာရဲ့၊ အခုသွားတဲ့လူတွေက အရည်းရဲ့ တပည့်တွေလား"

ကျုပ်က ထပ်ပြီးစပ်စုပြန်ရောဗျ။

"မှော်ဝင်ဂိုဏ်းကြီးရဲ့ ဂိုဏ်းဝင်တွေပေါ့ မောင်တာတေရဲ့၊ အရည်းပူဇော်ပွဲက အနှစ်ငါးဆယ်မှာမှ တစ်ခါလုပ်တာလေ၊ အရည်းပူဇော်ပွဲကို တစ်ခါတက်ဖူးတဲ့လူတွေက နောက်ထပ်မလာရတော့ဘူး။ တစ်ခါမှ မပူဇော်ရသေးတဲ့ ဂိုဏ်းဝင်တွေပဲ လာကြရတာကွဲ့၊ ဒါကြောင့် ဘာမှမစိုးရိမ်နဲ့၊ တစ်ယောက်နဲ့ တစ်ယောက် လည်း သိကြတာမဟုတ်ဘူး၊ ဒီကိုလည်း ရောက်ဖူးတဲ့သူ တစ်ယောက်မှ မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..အဲဒါဆိုရင်တော့ တော်တော်ကို အဆင်ပြေတာပဲ ဆရာ"

"မောင်တာတေတို့က အရည်းပူဇော်ပွဲပြီးလို့ ဂိုဏ်းဝင်တွေ ပြန်ထွက်လို့ လူကုန်ရင် ဂူတံခါးကြီးက သူ့အလိုလို ပြန်ပိတ်သွားလိမ့်မယ်၊ ဒီအချိန်မှာ ဆရာကြီးနဲ့ ကျုပ်တို့အဖွဲ့က ဂူတံခါးဝမှာ အဆင်သင့် ရောက်နေကြမယ်။ မောင်တာတေက မင်းကို ဆရာကြီး ပေးလိုက်မယ့် ကမ္ဘာ့ပထမံအင်းတော်နဲ့ ပိတ်သွားတဲ့ ကျောက်ဂူတံခါးကို ပစ်လိုက်ပေတော့။ ဂူတံခါးကြီး ချက်ချင်း ပွင့်သွားလိမ့်မယ်၊ ဘာမှမကြောက်နဲ့၊ ကျုပ်တို့ ချက်ချင်း ပြေးဝင်လာမယ်။ ကိုပုနဲ့ မောင်တာတေတို့ တာဝန် အဲဒီမှာ ပြီးပြီ၊ ကျန်တဲ့အပိုင်းကတော့ ဆရာကြီးအပိုင်းပဲ။ ဒါပေမဲ့ ဆရာကြီး ညွှန်ကြားတာကိုတော့ ကျုပ်တို့ ဆက်လုပ်ရမှာပေါ့ကွယ်"

နောက်နေ့ရောက်တော့ ဆရာထူးက ကျုပ်နဲ့ ကိုပုကို သင်စရာရှိတာတွေ သင်တော့တာပဲဗျို့။ မှော်ဝင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်၊ အရည်းကြီးကို အရိုအသေပေးတဲ့ အမူအရာ၊ ကန်တော့ပုံ ကန်တော့နည်းကစပြီး အရည်းရှေ့မှာ ထိုင်ပုံနေပုံတွေပါ လေ့ကျင့်ပေးတာဗျ။

ကျုပ်နာမည်က တာနောတဲ့ဗျ။ ကိုပုနာမည်က ပုညတဲ့၊ ကျုပ်တို့ကို ရွှေဒင်္ဂါးတစ်ပြားစီ ပေးတယ်။ ဒင်္ဂါးပြားပေါ်မှာက



www.burmeseclassic.com

www.burmeseclassic.com



အရှည်းရဲ့ပုံပါတယ်။ 'မော်ဝင်ဂိုဏ်းတော်၊ ပေါက္ကံရာမ နေပြည်တော်' ဆိုတဲ့ စာလုံးလည်း ပါတယ်။ ဒီဒင်္ဂါးပြား ပြနိုင်မှ ဂိုဏ်းတော်ရှိတဲ့ ရွှေဂူတော်ကြီးထဲကို ဝင်ရမှာတဲ့ဗျ။

အဲဒီရွှေဒင်္ဂါးပုံကို ခင်ဗျား မြင်ဖူးအောင် ကျုပ်ထည့်ပြလိုက်တယ်။ ဒီပုံပဲဗျ။



နောက်နေ့ ညနေပိုင်းမှာ ကိုပုနဲ့ ကျုပ် မြတ်စောညီနောင်ဘုရားနားက ဝိုင်းကြီးထဲကို ရောက်သွားတယ်။ ခြံပေါက်ဝမှာ ကတည်းက ကျုပ်တို့ကို အမျိုးမျိုးစစ်ဆေးတော့တာပါပဲဗျာ။

သူတို့မေးသမျှ စကားဝှက်တွေကို ဆရာထူး ကြိုပြီးသင်ထားတဲ့အတိုင်း ကျုပ်တို့နှစ်ယောက်က ဖြေကြတယ်။ သူတို့က ကျုပ်တို့ကို မေးတယ်။

"ဘယ်မင်းလက်ထက်တော်လဲ"

"အနော်ရထာမင်းလက်ထက်တော်ပါ"





"ဘယ်မင်းကို ရှိခိုးမှာလဲ"

"အရှည်းမင်းကို ရှိခိုးမှာပါ"

"အရှည်းမင်းရဲ့ နာမတော် သိလား"

"မင်းရဲစက္က ကိုယ်တော်မြတ်ပါ"

"လောကမှာ ဘယ်ပညာအမြတ်ဆုံးလဲ"

"မော်ဝင်ပညာ အမြတ်ဆုံးပါ"

"ဘယ်ကျမ်းထွက်လဲ"

"ရွှေကျမ်းထွက်ပါ"

"ဘယ်ဘာသာနဲ့ ရေးသတုံး"

"မာဂဓဘာသာနဲ့ ရေးပါတယ်"

"ဟုတ်ပြီ၊ ရပြီ၊ အထဲဝင်တော့ ဟောဒီမှာ သံတောင်ဆရာနှစ်ပါး ကြွလာပြီဟေ့"

ခြံဝက စစ်ဆေးတဲ့သူက အော်လိုက်တော့ ကျုပ်တို့ကို ကြိုဖို့ အိမ်ကြီးထဲက သျှောင်ထုံးနဲ့ လူနှစ်ယောက် ပြေးထွက်လာကြတယ်ဗျ။ ကိုပုနဲ့ ကျုပ်နဲ့ကို ရိုရိုသေသေ ခရီးဦးကြိုပြုကြတယ်။

"ဩော် ဆရာလေးက ငယ်ငယ်လေး ရှိသေးတာပဗျာ"

ကြိုတဲ့သူနှစ်ယောက်ထဲက တစ်ယောက်က ကျုပ်ကို ကြည့်ပြီးပြောတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာငယ်ပေမယ့် ပညာမငယ်ဘူး မိတ်ဆွေရေ"

ဘာစကားမှ မပြောတဲ့ တံငါကိုဘာဝေ ဆရာပုက လွှတ်ခနဲ ဝင်ပြောလိုက်တာဗျ။ ကျုပ်တောင် အံ့သြသွားတယ်။

"သြော် ဟုတ်မှာပါ၊ ဟုတ်မှာပါ၊ ဒါကြောင့်လည်း အရည်းပူဇော်ပွဲကို ပါလာတာပေါ့လေ"

အဲဒီညမှာပဲ လူစုံသွားလို့ နောက်နေ့မနက် အစောကြီး ခရီးထွက်ကြတယ်။ တောထဲတောင်ထဲကို ခြေကျင်သွားကြရတာဗျ။ လမ်းမှာစားဖို့ ရိက္ခာထုပ်တစ်ထုပ်စီ ပေးထားတယ်။ ကျုပ်ကတော့ နောက်ဆုံးက လိုက်ခဲ့ပြီး တစ်လမ်းလုံးမှာ ဇီးဖြူသီးလုံးတွေ မသိမသာ ချထားခဲ့တယ်ဗျ။ ကျုပ်တို့လူအုပ်က ခြောက်ဆယ်လောက်ရှိတယ်။ တောထဲမှာ တန်းပြီးလျှောက်လာခဲ့ကြတာ ပျော်စရာတောင် ကောင်းသေးတော့ဗျာ။ တောင်တွေတက်လိုက်၊ ပြန်ဆင်းလိုက်၊ နောက်တစ်တောင် တက်လိုက်နဲ့ တောင်ဘယ်နှလုံး တက်ခဲ့ရမှန်းတောင် မသိတော့ပါဘူးဗျာ။

နေမွန်းတည့်ချိန်ရောက်တော့ လူအုပ်ကို ဦးဆောင်ပြီး သွားနေတဲ့လူက ရိက္ခာထုပ်ဖြည်ပြီး စားနိုင်ပြီလို့ ပြောလိုက်တော့ ကျုပ်တို့တွေ သစ်ပင်ရိပ်အောက်တွေမှာထိုင်ပြီး နေ့လည်စာ စားကြရတာပေါ့ဗျာ။ ဆိတ်သားခြောက်မီးဖုတ်နဲ့ ကောက်ညှင်းပေါင်းဗျ။ ဆာနေလို့လား မသိပါဘူးဗျာ၊ စားလို့ကောင်းလိုက်တာမှ ကောက်ညှင်းလုံး တစ်စေ့တောင် မကျန်ဘူးဗျ။ စားသောက်ပြီးတော့ တောင်ငူက ဂိုဏ်းထောက်ကြီး ထည့်ပေးလိုက်တဲ့ ရေပုလင်းတွေ ထုတ်သောက်ကြတယ်။

"ကဲ...ခရီးဆက်ကြစို့ ညီအစ်ကိုတို့"

လို့ ခေါင်းဆောင်လုပ်တဲ့သူက ဆော်သြလိုက်တယ်ဗျ။ ကျုပ်တို့လည်း ခရီးဆက်ထွက်လာကြတယ်။ နေဝင်ကာနီးအချိန်လောက်ရောက်တော့...

"ကဲ...ညီအစ်ကိုတော်တို့၊ ရွှေဂူတော်ကြီးကိုတော့ ရောက်ပါပြီ၊ ဒါပေမဲ့ ဘယ်သူမှ မြင်ကြရမှာ မဟုတ်ပါဘူး၊ မနက်မိုးလင်းတော့မှ ကျုပ်တို့ရဲ့ မြင့်မြတ်တော်မူတဲ့ ဂိုဏ်းချုပ်ကြီးက ရွှေဂူတော်ကြီးကို မြင်ခွင့်ပြုမှာဖြစ်တယ်။ ဒီတော့မှ ကျုပ်တို့အားလုံး ဂိုဏ်းချုပ်ကိုယ်တော်မြတ်ကို ဝင်ပြီးပူဇော်ကြရမှာ ဖြစ်တယ်။ ဒီညတော့ အခုရောက်တဲ့နေရာမှာပဲ အဆင်ပြေသလို နေရာရှာပြီး နားကြပါ။ ဝေးဝေးလံလံကိုတော့ သွားခွင့်မပြုပါဘူး။ ကဲ ပါလာတဲ့ရိက္ခာထုပ်တစ်ထုပ်ကို ထုတ်ပြီးစားသောက်နိုင်ပါတယ်။ မဆာသေးရင်လည်း မစားပါနဲ့၊ ဆာတော့မှ စားကြပါ"

ကျုပ်နဲ့ ကိုပုနဲ့ သရက်ပင်ကြီးတစ်ပင်အောက်မှာပဲ နေရာ







www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ကြတယ်။ ကျုပ်လည်း ဘေးပတ်ဝန်းကျင်ကို လိုက်ကြည့်တာပဲဗျ။ ဒါပေမဲ့ သူတို့ပြောတဲ့ ရွှေဂူတော်ကြီးဆိုတာ အရိပ်အယောင်တောင် မမြင်ရပါဘူးဗျာ။ မော်ဝင်ဂိုဏ်းချုပ်ကြီးက သူစံမြန်းတဲ့ ဂူကြီးကို ဖျောက်ထားနိုင်လောက်အောင် စွမ်းတာကိုတော့ ကျုပ်အနေနဲ့ အံ့သြလို့ မဆုံးဘူးဗျာ။

ရွှေစာအုပ်ကြီးထဲက ရွှေစက္ကူတွေပေါ်မှာ မာဂဓဘာသာနဲ့ ရေးထားတဲ့ ရှေးဟောင်းမှော်ပညာတွေဟာ ဘယ်လောက်များ အစွမ်းထက်နေတယ်ဆိုတာ ကျုပ်ဖြင့် တွေးတောင်မတွေးတတ်တော့ပါဘူးဗျာ။

တောထဲတောင်ထဲမှာ အိပ်ဖူးတဲ့ကောင်ဆိုပေမယ့် ဒီညတော့ ကျုပ်အိပ်လို့ကို မရတာဗျ။ ဆရာပုလည်း ကျုပ်လိုပဲဗျ။ အိပ်မပျော်လို့ ထထိုင်ပြီး ဆေးတံဖွာနေတယ်။ ဒီတော့ ကျုပ်လည်း ပါလာတဲ့ နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ဖွာရတော့တာပေါ့ဗျာ။ တခြားလူတွေလည်း ကျုပ်တို့လိုပဲဗျ။ ကိုယ့်လူစုနဲ့ကိုယ် တိုးတိုး၊ တိုးတိုးနဲ့ စကားပြောနေကြတယ်။ အိပ်တဲ့သူလည်း အိပ်နေတာပေါ့ဗျာ။ တချို့လည်း တခေါခေါနဲ့တောင် ဟောက်နေလိုက်သေးသဗျ။

မနက်အရုဏ်တက်လို့ အလင်းရောက်လာတဲ့အချိန်





လောက်ကျတော့ ကျုပ် အိပ်ရာကထပြီး ဟိုကြည့် ဒီကြည့် လျှောက်ကြည့်လိုက်တယ်။

ဟာ..ကျုပ်တို့ရောက်နေတဲ့တောင်မှာ တောင်ထွတ်ဖြူဖြူကြီး ရှိနေတာပဲဗျ။ ညနေက အဲဒီတောင်ထွတ်ကြီးကို လုံးလုံးမမြင်ရတာဗျို့။ အလင်းရောင်ဖျော့ဖျော့လေးမှာ တောင်ထွတ်ကြီးက အရောင်တွေတောင် တဖျတ်ဖျတ် လက်နေတာဗျ။ အဲဒီတောင်ထွတ်ကြီးပေါ်မှာက ဘာသစ်ပင်မှ မပေါက်ဘူးဗျို့။ ဖြူဖွေးနေတဲ့ စကျင်ကျောက်တောင်ကြီးဗျ။ ဒီစကျင်တောင်ထွတ်ကြီးဟာ မော်ဝင်ဂိုဏ်းချုပ်ကြီး စံမြန်းတဲ့ ရွှေဂူတော်ကြီးပဲ ဖြစ်လိမ့်မယ်လို့ ကျုပ်တွေးလိုက်မိတယ်။ ခဏနေတော့ အိပ်ပျော်နေတဲ့ ဆရာပုနိုးလာတယ်။ ကျုပ်က ဆရာပုကို အသာလေး လက်ကုတ်ပြီး စကျင်တောင်ထွတ် ဖြူဖြူကြီးကို ပြလိုက်တယ်။

"ဟာ"

"သူတို့ဂိုဏ်းချုပ်ကြီးက သူနေတဲ့ ရွှေဂူကြီးကို အားလုံးမြင်အောင် ပြလိုက်ပြီကွ တာတေရ၊ အဲဒါ လူမမြင်အောင် ဖျောက်ထားတဲ့ တောင်ထွတ်ကြီးပဲကွ"

ကိုပုကလည်း တအံ့တသြဖြစ်ပြီး ကျုပ်ကိုပြောတယ်။ ကျုပ်တို့ ငေးကြည့်နေတုန်း တခြားသူတွေလည်း နိုးလာပြီး ဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြတယ်ဗျ။ သူတို့ကတော့ ပျော်နေကြတာပေါ့ဗျာ။ သူတို့ သိချင်နေတဲ့ ရွှေဂူကြီးကို ရောက်ရတော့မှာလေ။ ပြီးတော့ သူတို့ သိပ်တွေ့ချင်နေတဲ့ မှော်ဝင်ဂိုဏ်းချုပ်ကြီးကိုလည်း ဖူးမြော်ကြရမှာမို့လား။ ကျုပ်နဲ့ ကိုပုကတော့ ရင်ထဲမှာ တဒိတ်ဒိတ် ဖြစ်နေပြီပေါ့ဗျာ။

ဆရာကြီးတို့ ဆရာနန္ဒတို့ ရောက်မှလာကြရဲ့လား။ ကျုပ် ချခဲ့တဲ့ စီးဖြူသီးတွေကိုရော တွေ့ကြရဲ့လား။ ကျုပ်ကတော့ ဆရာနန္ဒ ပြောတဲ့အတိုင်း လုပ်မှာပဲပေါ့ဗျာ။ ပူဇော်ပွဲပြီးလို့ လူတွေ အားလုံး ပြန်သွားပြီးရင် မှော်ဝင်ဂိုဏ်းချုပ်က သူ့ရဲ့ ရွှေဂူကြီးကို ပြန်ပြီးဖျောက်ပစ်လိုက်မှာဗျ။ ဒါကြီးပျောက်မသွားခင်မှာ ပိတ် ထားတဲ့ တံခါးကြီးကို ကျုပ်က ကမ္ဘာ့ပထမံအင်းတော်ကြီးနဲ့ ပစ်ရမှာ။ ဒါမှ တံခါးကြီး ပြန်ပိတ်လို့ မရတော့ဘဲ ဂူကြီးကိုလည်း ဖျောက်ပစ်လို့ မရတော့မှာလေဗျာ။ ဒီတော့မှ ဆရာကြီးတို့က ဂူထဲကို လာလို့ရကြမှာဗျ။

"ကဲ…မှော်ဝင်ဂိုဏ်းရဲ့ ဂိုဏ်းထောက်၊ ဂိုဏ်းကြပ်၊ ဂိုဏ်းအုပ်တို့ဗျာ၊ တစ်သက်မှာ တစ်ခါ ဖူးမြော်ခွင့်ရတဲ့ မှော်ဝင် ဂိုဏ်းချုပ် မင်းရဲ့စက္ခုကို မကြာခင် ဖူးမြော်ရပါတော့မယ်၊ အားလုံး ကျောက်ဖြူတောင်ထွတ်ကြီးပေါ်ကိုတက်ဖို့ ပြင်ကြပေတော့ဗျို့"





လူအုပ်ကြီးရဲ့ ဦးဆောင်သူက အားလုံးကို လှမ်းခေါ်လိုက် တယ်။ ပြီးတော့ လှမ်းမြင်နေရတဲ့ ကျောက်ဖြူတောင်ထွတ်ကြီးကို စပြီးတက်ကြရောဗျို့။ ဆရာပုနဲ့ ကျုပ်လည်း လူအုပ်နဲ့ရောပြီး ပါသွားတော့တာပေါ့ဗျာ။

ကျုပ်တို့လူစု တောင်ထွတ်ကြီးတစ်နေရာကိုရောက်တော့ တောင်ပတ်လမ်းကလေးတစ်ခုကို တွေ့လိုက်တယ်။ လမ်းရဲ့ဘေး မှာ လက်ရမ်းတောင် တပ်ထားတာဗျ။

"ကဲ…အားလုံးရပ်ကြတော့၊ မကြာခင် ရွှေဂူကြီးရဲ့ ဝင်ပေါက်တံခါး ပွင့်လာတော့မယ်"

ကျုပ်တို့တက်လာတဲ့လမ်းက တောင်တက်လမ်း မဟုတ် တော့ဘဲ တဖြည်းဖြည်းနဲ့ ဂူဖောက်တဲ့လမ်း ဖြစ်လာတယ်ဗျ။ လမ်းမှညီပြီး ချောနေတာပါဗျ။ တောင်ကြီးတစ်တောင်လုံးက စကျင်တောင်ကြီး ဖြစ်မယ်လို့ ကျုပ် ခန့်မှန်းကြည့်လိုက်မိတယ်။

"ကျွီ၊ ကျွီ၊ ကျွီ၊ ဝုန်း၊ ဝုန်း၊ ကျွီ၊ ကျွီ"

ဟာ…ဂူတံခါးကြီး ပွင့်သွားပြီဗျို့။ ထိုးတံခါးကြီးတစ်ချပ် လိုပဲ ကျောက်နံရံကြီးက ဘေးဘက်ကို ရွေ့သွားတာဗျ။

"ဟာ"

လူတွေရဲ့ ပါးစပ်က ယောင်ပြီး 'ဟာ' ကနဲ အော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတာဗျ။ ဒီထဲမှာ ကျုပ်လည်း ပါတာပေါ့ဗျ။ ဆရာပုလည်း 'ဟာ' ကနဲ အော်လိုက်တာပဲဗျ။ တံခါးဝမှာ ကျားကြီးတစ်ကောင် ဝိတ်ရပ်နေတာလေဗျာ။ ကျုပ်စိတ်ထင်တော့ ဆယ့်ငါးတောင်လောက် ရှိမယ်ထင်တယ်ဗျ။ ခေါင်းကြီးကတင် တင်းတောင်းကြီးလောက်ရှိတာဗျ။ နားရွက်ဝိုင်းဝိုင်းကြီးက တစ်ခုခုကို နားစွင့်နေသလို အကြမ်းပန်းကန် အဝိုင်းလောက်ရှိတဲ့ မျက်လုံးကြီးနှစ်လုံးကလည်း အရောင်ကို တောက်နေတာဗျို့။ အမြီးကြီးက တဘုတ်ဘုတ်နဲ့ ရိုက်နေသေးသဗျ။

"ကဲ ‥ဂိုဏ်းတော်သားတို့၊ အဲဒါ တံခါးမှူး ဗျဂ္ဃပါပဲဗျာ၊ ဂိုဏ်းတော်ကြီးရဲ့ တံဆိပ်တော်ဖြစ်တဲ့ ရွှေဒင်္ဂါးတံဆိပ်တော်ကို အဆင်သင့်ထုတ်ပြီး ထောင်ကိုင်ထားကြပါ။ တံဆိပ်တော် မပါရင်တော့ ရွှေဂူကြီးထဲကို မဝင်ကြပါနဲ့၊ ဒီကပဲ လှည့်ပြန်ကြပါ၊ တံဆိပ်တော် မပါရင် ဗျဂ္ဃကြီးက အဝင်ခံမှာ မဟုတ်ဘူးဗျ၊ အခင်မသင့်ရင် သူ့ရဲ့လက်ကြီးနဲ့ လွှဲရိုက်တာ ခံရတတ်ပါတယ်။ ကဲ တံဆိပ်တော်တွေပါတဲ့သူက တစ်ယောက်ချင်း တန်းစီပြီး ဝင်သွားကြပါ။ ဗျဂ္ဃကြီးရဲ့ မျက်နှာကိုလည်း သွားမကြည့်မိပါစေနဲ့၊ ကဲ ဝင်လို့ရပါပြီ၊ ဝင်ကြပါ၊ ဝင်ကြပါ"

အားလုံး တစ်ယောက်ချင်း တံဆိပ်တော် ရွှေဒင်္ဂါးချပ်





တွေ မြှောက်ကိုင်ပြီး ဝင်သွားကြတယ်ဗျ။ ကျုပ်နဲ့ ကိုပုက လူဆုံးဆယ်လောက်အရောက်မှာ ဝင်ခဲ့ကြတယ်။ ဗျဂ္ဃကြီးရဲ့ရှေ့ကိုဖြတ်တော့ ကြက်သီးတွေဆိုတာ တဖျန်းဖျန်း ထလိုက်တာဗျာ။ ဆရာပုကို ကြည့်တော့လည်း မျက်နှာလေး ဆီးရွက်လောက် ရှိတော့တာဗျို့။ ကျုပ်တို့နှစ်ယောက်လုံး ဂူကြီးထဲကို ချောချောမောမော ရောက်လာခဲ့ပြီဗျ။

"ဟာ၊ အကျယ်ကြီးပါလား"

ကျုပ်ပါးစပ်က လွှတ်ကနဲ ထွက်သွားတာဗျ။ ဂူကြီးက အကျယ်ကြီးဗျာ။ အတွင်းနံရံတွေကလည်း ဖွေးဆွတ်နေတာဗျ၊ ကောင်းလိုက်တဲ့ စကျင်ကျောက်ဗျာ။ ကျုပ်စိတ်ထင်တော့ ဂူကြီးရဲ့ အကျယ်ဟာ ဘောလုံးကွင်းကြီးတစ်ဝက်လောက် ရှိမယ်ထင်တယ်ဗျ။ ဂူနံရံမှာ အခန်းတွေဖောက်ထားပြီး ကျွန်းသားတံခါးကြီးတွေ တပ်ထားတာဗျ။ အခန်းပေါင်း ဘယ်လောက်ရှိတယ်တော့ ကျုပ်မသိဘူးဗျ။ တော်တော်တော့ များတယ်။ အလယ်ခေါင်က ခန်းမကျယ်ကြီးကလည်း အောက်ကြမ်းပြင်ကို ညီနေအောင် ချောထားတာဗျို့။ ခန်းမကြီးရဲ့ထိပ်မှာ ကျောက်လှေကားလေးကို ကြောင်လိမ်ပုံသဏ္ဌာန် လုပ်ထားတဲ့ စကျင်ကျောက်ခုံကြီးတစ်ခု ရှိတယ်။ ကျုပ်စိတ်ထင်တော့ ဆယ်ပေလောက် မြင့်မယ်ထင်တယ်။ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ရန်းတွေလည်း တပ်ထားတယ်။ နောက်မှာ အနီရောင်ကတ္တီပါ ခန်းဆီးကြီးကာပြီး အလယ်မှာ ရွှေပလ္လင်ကြီးတစ်လုံး ချထားတယ်။ ကျုပ်တို့လူစု ခန်းမကြီးရဲ့ရှေ့မှာ နေရာယူလိုက်ကြတယ်။ ကျုပ်တို့ နေရာယူပြီး ခဏကြာတော့ အခန်းတံခါးတွေ ပွင့်လာပြီး လူတွေ ထွက်လာကြတယ်။ ဟာ…မနည်းပါလား။

"မောင်တာတေ၊ အဲဒါ ကျုပ်တို့ရှေ့က သွားနှင့်တဲ့အဖွဲ့ တွေလေကွာ၊ သူတို့ကို ဒီဂူကြီးထဲမှာ တည်းခိုခွင့်ပေးထားတာကွ၊ ပူဇော်ပွဲက ခုမှ စမှာလေ။ အခန်းထဲက ထွက်လာတဲ့လူတွေလည်း ကျုပ်တို့နဲ့ရောပြီး ခန်းမကြီးထဲမှာ နေရာယူလိုက်ကြတယ်။ ခဏ နေတော့ ခန်းမကြီးတစ်ခုလုံး မွှေးကြိုင်သွားရောဗျို့။ ကျုပ်က အမွှေးတိုင်တွေဘာတွေများ ထွန်းတာလားလို့ လိုက်ကြည့်တယ်။ ဘာအငွေ့မှ ထွက်နေတာ မတွေ့ဘူးဗျ။

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်နေလိုက်တာဗျာ။ အပ်တစ်ချောင်း ကျရင်တောင် အသံကြားရမလားပဲဗျ။ ဟော… ကျောက်စင်မြင့်ကြီး အနောက်ဘက်က အခန်းတစ်ခန်း ပွင့်လာပြီး အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနဲ့ လူကြီးနှစ်ယောက် ထွက်လာတယ်။ ပိုးလုံချည် တောင်ရှည်တွေ ဝတ်လို့ဗျ။ ရွှေနား ကွပ်ထားတဲ့ သိုရင်းအင်္ကျီအနီရောင်တွေ ဝတ်ထားတယ်။ ခေါင်း





မှာလည်း ရွှေခေါင်းဆောင်းတွေ ဆောင်းထားကြတယ်။ စကျင် ကျောက်သားလေးကို ကွေ့ပတ်ပြီး ဆယ်ပေလောက်မြင့်တဲ့ စကျင် စင်မြင့်ပေါ်ကို တက်သွားတယ်။ ပြီးတော့ နှစ်ယောက်သား ကျောက်သားလက်ရန်းအနားမှာ မားမားကြီးတွေ ရပ်လိုက်ကြ တယ်။

ဟော…လူတွေက လက်အုပ်ချီပြီး ကန်တော့ကြပြီဗျို့။ ကျုပ်တို့လည်း ရောပြီးကန်တော့ရတာပေါ့ဗျာ။ လူထွားကြီး နှစ်ယောက်ထဲက တစ်ယောက်က စကားပြောတယ်။

"မှော်ဝင်ဂိုဏ်းကြီးရဲ့ ဂိုဏ်းတော်ဝင်တို့၊ သင်တို့သည် ဂိုဏ်းတော်ကြီးရဲ့ စည်းကမ်းကို လိုက်နာကြပါ၏လော"

"လိုက်နာကြပါတယ် ဘိုးဘိုးဘုရား"

လူတွေက တစ်ပြိုင်တည်းဖြေတော့ ဂူကြီးတစ်ခုလုံး တိမ်းသွားတော့တာပေါ့ဗျာ။

"ဂိုဏ်းတော်ကြီးက မှာကြားသည့်အတိုင်း လျှို့ဝှက်စွာ နေထိုင်ကြပါ၏လော"

"နေထိုင်ပါတယ် ဘိုးဘိုး"

"ပညာစခန်း၊ တက်လမ်းကျင့်စဉ်များကိုရော လုံ့လ ဝီရိယရှိရှိနဲ့ ကျင့်ကြံကြပါ၏လော"



www.burmeseclassic.com

www.burmeseclassic.com



"ကျင့်ကြံပါတယ် ဘိုးဘိုး"

"အိမ်း…ကျုပ်ကတော့ ပုဂံနေပြည်တော်က ဘိုးဘိုးနရီနှပါ ဂိုဏ်းတော်သားတို့၊ ဟောဒါကတော့ ကျုပ်လိုပဲ ပုဂံနေပြည်တော်မှာ နေခဲ့တဲ့ ဘိုးဘိုးတာဘိနှပါဗျာ၊ ကဲ မကြာခင်မှာ မော်ဝင်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် သက်တော် တစ်ထောင့်နှစ်ရာ ရှိပြီဖြစ်တဲ့ ကပ္ပမော်ဝိဇ္ဇာကြီး အရည်းမင်းရဲစက္ကူ ဖူးမြော်ခံ ကြွလာတော့မှာဖြစ်လို့ လက်အုပ်ချီမိုးထားကြပေတော့ ဂိုဏ်းတော်သားတို့"

"ဒူ၊ ဒူ၊ ဒူ၊ ဒူ၊ ဒူ၊ ဒူ၊ ဒူ၊ ဒူ၊ ဒူ"

"တူ၊ တူ၊ တူ၊ တူ၊ ကူ၊ တူ"

ဟော‥မောင်းသံကိုးချက်ဗျ။ ပြီးတော့ ခရုသင်းမှုတ်သံ။ ဟာ တံခါးကြီးတစ်ချပ် ပွင့်သွားပြီဗျို့။ အခန်းထဲက အလင်းရောင်တွေကို အဝေးကြီးကတောင် လှမ်းမြင်နေရတာဗျို့။ အခန်းကြီးက ဘယ်လောက်ကျယ်တယ်တော့ မပြောတတ်ဘူးဗျ။ အခန်းထဲမှာတော့ မီးရောင်တွေ လင်းထိန်နေတာဗျို့။ ဟော ထွက်လာပြီ။ ထွက်လာပြီ။ ဟာ ပုဂံခေတ်က စစ်သူကြီးဝတ်စုံနဲ့ လူလေးယောက်က ရှေ့ကထွက်လာပြီး အခန်းကြီးရဲ့အဝမှာ နေရာယူလိုက်ကြတယ်။ သူတို့နောက်က ရွှေဝေါယာဉ်ထမ်းပြီး ထွက်လာပြီဗျို့။

"တူ၊ တူ၊ တူ၊ တူ၊ တူ"





"ဒူ၊ ဒူ၊ ဒူ၊ ဒူ၊ ဒူ"

ခရုသင်းမှုတ်သံ၊ မောင်းသံတွေက ပိုပြီးကျယ်လာတယ်ဗျ။ ရတနာတွေ စီထားတဲ့ ရွှေဝေါယာဉ်ရဲ့နောက်မှာ ပုဂံခေတ်ဝတ်စုံအဝါလေးတွေ ဝတ်ထားတဲ့ မိန်းမချောချော လေးယောက်လည်း ပါလာတယ်။

တကယ်ကို ဘုရင်တစ်ပါး ကြွလာတဲ့အတိုင်းပါ ဗျာ။ တရွေ့ရွေ့နဲ့ စကျင်ကျောက် စင်မြင့်အနားကိုရောက်တော့ စစ်သူကြီးလေးယောက်က ကျောက်လှေကားဘေးမှာ နှစ်ယောက်၊ စင်မြင့်ရှေ့မှာ နှစ်ယောက် နေရာယူလိုက်ကြတယ်။ ဝေါယာဉ်ထဲက ဂိုဏ်းချုပ်ကြီး ထွက်လာတယ်။ ဂိုဏ်းချုပ်ကြီးက ကျောက်လှေကားထစ်တွေအတိုင်း တက်သွားတယ်။ ဝတ်ထားတာကတော့ ပုဂံခေတ်က အရည်းကြီးတွေပုံစံမျိုးပဲဗျ။ 'ဆံကေသာလက်လေးသစ်၊ ဆိုးညစ်သည့်စီတုံ' ဆိုတဲ့အတိုင်းပါပဲဗျာ။ ဆံပင်ရှည်ပွပွကြီးက ပခုံးပေါ်အထိ အုပ်နေတယ်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကလည်း အရှည်ကြီးဗျ။ ဝတ်ထားတာကတော့ သင်္ကန်းလိုလို ညိုညိုမည်းမည်းကြီးဗျ။ ဒါပေမဲ့ မျက်လုံးတွေကတော့ တလက်လက်နဲ့ကို တောက်နေတာဗျို့။ ကျုပ်စိတ်ထင်တော့ အသက်ငါးဆယ်လောက်ပဲ ရှိမယ်ထင်တယ်။ ဒါပေမဲ့ အသက်ထောင့်နှစ်ရာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို ခုလိုတွေ့ရတော့ ကျုပ်လည်း အံ့ဩတာပေါ့ဗျာ။ ပုဂံအရည်းက ရွှေပလ္လင်ပေါ်ကိုတက်ပြီး ထိုင်တယ်။ ဂိုဏ်းသားတွေက အားလုံးမတ်တတ်ထရပ်ကြတယ်။ ဒါက ဂိုဏ်းသားတွေရဲ့ ပထမဆင့် ပူဇော်နည်းပေါ့ဗျာ။ ဒီပူဇော်နည်းတွေကို ဆရာနံ့ဖက ကျုပ်တို့ကို သင်ပြီးသားလေဗျာ။

လက်အုပ်ချီပြီး ရှေ့ကို ခြေတစ်လှမ်း လှမ်းရတယ်။ ပြီးတော့ ကိုယ်ကို တစ်ပတ်လှည့်ပြီး နောက်ကို ခြေတစ်လှမ်း ပြန်ဆုတ်ရတယ်။ နဂိုနေရာ ပြန်ရောက်တာပေါ့ဗျာ။ ဒီအတိုင်း နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး ကိုယ်ကို တစ်ပတ်လှည့်ရတယ်။ ပြီးတော့မှ ရှေ့ကို ခြေတစ်လှမ်း ပြန်တိုးရတယ်။

ပြီးတော့ ညာဘက်ကို ခြေတစ်လှမ်း တစ်ပတ်လှည့်၊ နဂိုနေရာ ပြန်လာ။ ဘယ်ဘက်ကို ခြေတစ်လှမ်း တစ်ပတ်လှည့် နဂိုနေရာ ပြန်လာ။ ပြီးမှ ထိုင်ချရတယ်။ ဒူးနှစ်ဖက်ကိုထောက်ပြီး ခြေဖျားနဲ့ ထောက်ထိုင်ရတယ်။ လက်အုပ်ချီပြီး တစ်ခါရှိခိုး၊ တစ်ခါပြန်ထိုင်၊ သုံးခါ ရှိခိုးရတယ်။ ပြီးတော့မှ တင်ပလ္လင်ခွေထိုင်ပြီး ခါးကို မတ်မတ်ထားပြီး လက်အုပ်ချီထားရတယ်။

"အားလုံး မျက်စိပိတ်၊ ဂိုဏ်းချုပ်ဆီကို အာရုံစိုက်ထားကြပေတော့"





ဘိုးဘိုးနရိန္ဒာက ပြောလိုက်တယ်။ ပုဂံအရည်းကြီးရဲ့ မန္တန်ရွတ်သံက ကျောက်လိုဏ်ဂူကြီးထဲမှာ ဟိန်းပြီးထွက်လာရောဗျို့။ အရည်းက အသံတော့ တော်တော်ကို အောင်တာဗျ။ ဘာတွေရွတ်နေတာလဲတော့ ကျုပ်လည်း မသိဘူး။ ကျုပ်က မျက်စိမှိတ်ချင်ယောင်ဆောင်ပြီး ကြည့်နေတာဗျို့။ ဟာ အရည်းမင်းရဲ့စက္ခုက မန္တန်ရွတ်ရင်း သူ့ရဲ့လက်ဝါးနှစ်ဖက်ကို ပွတ်နေတယ်ဗျ။ ဟာ သူ့လက်ထဲက အလင်းရောင်တွေ ထွက်လာပြီဗျို့။ ဟာ စက်တွေများလား။ အလင်းတွေက ဖြာထွက်လာပြီး ဂိုဏ်းသားတွေဆီကို ရောက်လာတယ်။ ဂိုဏ်းသားတွေက အဲဒီအလင်းရောင်တွေကို အားရပါးရ ရှူသွင်းနေကြတယ်ဗျ။ တချို့က ပါးစပ်တွေ ဟထားကြတယ်။

"တာတေ၊ အသက်အောင့်ထား၊ မရှူနဲ့"

လို့ ကိုပုဏ ကျုပ်ကို တိုးတိုးလေးပြောတယ်။ ကျုပ်လည်း အသက်အောင့်ထားလိုက်တယ်။ အရည်းလွှတ်လိုက်တဲ့ အလင်းတွေက ဂူကြီးတစ်ခုလုံး လင်းလို့ဗျာ။ ခဏနေတော့ အလင်းရောင်တွေ ပျောက်သွားတယ်။

"အားလုံး ငြိမ်သက်ပြီး နားထောင်ကြပေတော့၊ ဂိုဏ်းချုပ်ကိုယ်တော် ဩဝါဒစကား ပြောကြားတော်မူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းဝင်သား တပည့်တို့၊ ငါကိုယ်တော်မြတ် မင်းရဲ့ စက္ကု ဒီဂိုဏ်းကို တည်ထောင်လာခဲ့တာ ညောင်ရမ်းမင်းဆက် ရှိစဉ်ကတည်းကပဲကွဲ့၊ မှော်ဝင်ရွှေကျမ်းကြီး ငါကိုယ်တော်မြတ် လက်ကို ရောက်ရှိလာတာ ငါတို့အရည်းသာသနာကို ဖျက်ဆီးပစ် ခဲ့တဲ့ အနော်ရထာဘုရင်လက်ထက်ကတည်းကပဲ တပည့်တို့။ ဒီနိုင်ငံမှာ ဗုဒ္ဓသာသနာ နှစ်ငါးထောင်ပြည့်လို့ ကွယ်ပသွားခဲ့ရင် ငါကိုယ်တော်ကို ဘုရားအဖြစ် ကိုးကွယ်စေရမကွဲ့၊ ဗုဒ္ဓက သေတဲ့ ဘုရား၊ ငါကိုယ်တော်က မသေတဲ့ဘုရားပေါ့၊ မှန်လားဟေ့ တပည့်တို့"

"မှန်လှပါဘုရား"

"အေး…အဲဒီအခါကျရင် မင်းတို့နဲ့ ငါနဲ့ ပြန်ဆုံကြရ မယ်၊ မင်းတို့ဟာ အရည်းဘုရားရဲ့ သာဝကတွေ ဖြစ်ကြရလိမ့် မယ်၊ မှန်လားဟေ့"

"မှန်လှပါဘုရား"

ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ သူက ဒီနိုင်ငံမှာ ဘုရား လုပ်ဖို့တောင် စိတ်ကူးနေတဲ့သူပါလား။ ကျုပ်ဖြင့် အခုချက်ချင်း တောင်ပြေးပြီး ဓားနဲ့ခုတ်ချပစ်လိုက်ချင်လာတယ်ဗျာ။ ဒီအရည်းဟာ ဗုဒ္ဓသာသနာနဲ့ ဖီလာဆန့်ကျင်နေတဲ့ သာသနာ့အပြင်ဘက်က





အမှောင်ဝါဒီပဲဗျာ။ ကျုပ်ဖြင့် ပုဂံအရည်းကို ကြည့်ပြီး တော်တော် ကို ရွံရှာမိတော့တာပဲဗျာ။

မွန်းတည့်ချိန်ရောက်တော့ အရည်းပူဇော်ပွဲ ပြီးပြီဗျ။ တဖွဲဖွဲ ရောက်လာတဲ့ ဂိုဏ်းသားတွေကို အမြန်လမ်းမှာ စားဖို့ ရိက္ခာထုပ် တွေ ဝေတယ်။ ကျုပ်နဲ့ ကိုပုလည်း ယူရတာပေါ့ဗျာ။ ပြီးတာနဲ့ ဂူထဲက တဖွဲဖွဲ ပြန်ထွက်ကြတယ်။ ပြန်အထွက်မှာတော့ ကျား ကြီးက မစစ်တော့ဘူးဗျ။ တံခါးနဲ့ မလှမ်းမကမ်းမှာဝပ်ပြီး ကြည့် နေတယ်။ ဒီမှာတင် ကျုပ်နဲ့ ကိုပုက အခန်းလွတ်တစ်ခုထဲကိုဝင် ပြီး ပုန်းနေလိုက်တယ်။ ရွှေဂူကြီးထဲမှာ အခန်းတွေက အများကြီး လေဗျာ။ အရည်းနဲ့ သူ့ရဲ့ ရဲရွှေတော်တွေက သူထွက်လာတဲ့ အခန်းကြီးထဲကို ပြန်ဝင်သွားကြရောဗျ။ ကျုပ် သေသေချာချာ မှတ်ထားလိုက်တယ်။ ပုဂံအရည်း ဘယ်အခန်းကို ဝင်တာတုံးဆို တာ ကျုပ် မှတ်ထားမှဖြစ်မှာလေဗျာ။ ဒါမှ ဆရာကြီးတို့ ဆရာနံ့ဖ တို့ ဝင်လာတဲ့အခါ ကျုပ်ပြနိုင်မှာပေါ့။

တန်းစီပြီး ဂူထဲက ပြန်ထွက်နေတဲ့ ဂိုဏ်းသားတွေ ကုန် သွားပြီဗျို့။ တံခါးစောင့်တဲ့ ကျားကြီးက ချက်ချင်းထလာပြီး တံခါးဝမှာရပ်ရင်း အပြင်ဘက်ကို လိုက်ကြည့်တယ်။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း၊ ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ ကျားကြီးက ဆက်တိုက်လေးခါ ဟိန်းလိုက်တယ်။

"ကျွီ၊ ကျွီ၊ ကျွီ၊ ကျွီ၊ ကျွီ၊ ဂျိမ်း"

ဟော ဂူတံခါးကြီး သူ့အလိုလို ပိတ်သွားပြီဗျို့။

"ဝေါင်း"

ဟာ၊ ကျားကြီးက နောက်ဂျွမ်းပစ်လိုက်ပြီဗျို့။

"ဝေါင်း"

ဟာ၊ နောက်တစ်ခါ နောက်ဂျွမ်းပစ်ပြန်ပြီဗျို့။

"ဝေါင်း"

ဟော၊ တတိယတစ်ခါ နောက်ဂျွမ်းထပ်ပစ်ပြန်ပြီဗျို့။ ဟာ လူဖြစ်သွားပြီဗျို့။ ကျားကြီး လူဖြစ်သွားပြီဗျာ။ ဒီလူလည်း ရွှေချည်ကွပ်ထားတဲ့ သိုရင်းအင်္ကျီအနီဝတ်နဲ့ တောင်ရှည်ပုဆိုးနဲ့ပဲ ဗျ။ ခေါင်းမှာတောင် ချွှောင်ထုံးလေး ထုံးလို့ဗျို့။ လူကတော့ တော်တော်ထွားကျိုင်းတာကလားဗျာ။ ကျုပ်စိတ်ထင်တော့ အရပ် ခုနစ်ပေလောက်ကို ရှိမယ့်ထင်တယ်ဗျ။

ကျားကနေ လူဖြစ်သွားတဲ့ ဗျွှ ကြီး တံခါးဝကနေ လှည့်ထွက်သွားတယ်။ ကြည့်ရတာတော့ ဂိုဏ်းချုပ်ကိုယ်တော် ပုဂံအရှည်း ဝင်သွားတဲ့ အခန်းထဲကို ဝင်ပြီးလိုက်မလို့ထင်တယ်ဗျ။

ဗျွှ ကြီး တော်တော်ဝေးသွားတဲ့အချိန်မှာ ကျုပ်က ဆရာ





ကြီး အပ်ထားတဲ့ ကမ္ဘာ့ပထမံအင်းတော်ကြီးကို လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ပုန်းနေတဲ့အခန်းထဲက ထွက်လာတယ်။ ဆရာပုက ဗျွှ ကြီးကို မျက်ခြေမပြတ် ကြည့်နေတယ်ဗျ။

ဘာပဲဖြစ်ဖြစ် ကျုပ်တာဝန်ကို ပြီးဆုံးအောင် ကျုပ်လုပ်ရ တော့မှာပေါ့ဗျာ။ ဆရာကြီးတို့သာ အပြင်မှာ အဆင်သင့်ရောက် မနေရင်တော့ ကျုပ်ရော၊ ဆရာပုရော သေပြီပေါ့ဗျာ။ ဒါပေမဲ့ ကျုပ် ဆရာကြီးတို့ ဆရာနွံဖတို့ကို ယုံတယ်။

ဆရာနွံဖ သင်ပေးတဲ့ အင်းဟိန်းတဲ့ဂါထာကို ကျုပ် နှုတ်ကရွတ်ဆောင်းကျကျ ရွတ်လိုက်တယ်။ ပြီးတော့ ပိတ်သွားတဲ့ တံခါးကြီးကို အင်းနဲ့ပစ်ဖို့ ကျုပ်မြင်လိုက်တယ်။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟာ ကျုပ်နောက်ကျောဘက်က ကျားဟိန်းသံကြီး ပေါ် လာတယ်ဗျို့။

"တာတေ ပစ်၊ မြန်မြန်ပစ်၊ ဗျွှ ကြီး မြင်သွားပြီး ကျားကြီး ပြန်ဖြစ်သွားပြီဟေ့"

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း ဝေါင်း"

ပစ်ပြီဗျာ။ ပစ်ပြီ။ ကျုပ် ပစ်လိုက်ပြီ။ ဂူတံခါးကြီးကို ကျုပ်လက်ထဲက ကမ္ဘာ့ပထမံအင်းကြီးနဲ့ ပစ်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဟာ၊ မီးလုံးကြီးများ နည်းတဲ့မီးလုံးကြီး မဟုတ်ဘူးဗျို့။ ဂူတံခါးကြီးကို အင်းချုပ်သွားထိတဲ့အချိန်မှာ မီးတောက်ကြီး ထတောက်သွားလိုက်တာဗျာ။ ကျုပ်တောင် လန့်ပြီး နောက်ကို ခုန်ဆုတ်လိုက်မိတယ်။

"ကျွီ၊ ကျွီ၊ ကျွီ၊ ဂျိန်း၊ ဂျိန်း၊ ဂျိန်း"

ဟာ၊ ဖွင့်ပြီဗျို့။ ပွင့်သွားပြီ။ ရွှေဂူကြီးရဲ့ တံခါးကြီး ပွင့်သွားပြီဗျို့။ အရည်းကြီးရဲ့ မော်ပညာနဲ့ ပိတ်ထားတဲ့ ဂူတံခါးကြီးကို အပြင်က ဖွင့်လိုက်တော့ ဘယ်လိုပညာနဲ့ပဲဖွင့်ဖွင့် မပွင့်ဘူးတဲ့ဗျ။ ဒါကြောင့် ကျုပ်တို့ ဂူထဲကို ရောက်အောင်ဝင်ပြီး အတွင်းကနေ အင်းနဲ့ ပစ်ဖွင့်ရတာဗျ။ ဂူတံခါးကြီး ပွင့်သွားပေမယ့် ဂူဝမှာ မီးခိုးလုံးကြီးက ခုထိ မှောင်နေတုန်းဗျ။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟာ၊ ကျုပ်နောက်ကျောက ဇာ္ဗလ ကြီးရဲ့ ဟိန်းသံကြီး ပေါ်လာပြီး တစ်ယောက်ယောက်နဲ့ သဲကြီးမဲကြီး သတ်ပုတ်နေတဲ့ အသံဗျ။ ကျုပ် ချက်ချင်းနောက်ကို လှည့်ကြည့်လိုက်တယ်။ ဟာ…ဆရာပု၊ ဆရာပု။ ကျုပ်ပါးစပ်က လွှတ်ကနဲတောင် အော်လိုက်မိတယ်။ ဆရာပုက တကယ်တော့ အာဂလူပဲဗျ။ ဒီလူ





ကိုယ်ဖော့မှော် ကောင်းကောင်းတတ်တဲ့ လူပဲဗျာ။ လူကြည့်တော့ သာ မြဲ့စိစိဗျ။ ဇာ္ဗလ ကြီးက သူ့ကို ခုန်အုပ်လိုက်၊ လက်ဝါးကြီးနဲ့ လှမ်းရိုက်လိုက် လုပ်ပေမယ့် ဆရာပုကို တစ်ချက်မှ မထိဘူးဗျ။ ဆရာပုက ဖျတ်ကနဲ ဖျတ်ကနဲ ကိုယ်ပျောက်သလို ပျောက်ပျောက် သွားတာဗျ။ ဇာ္ဗလ ကြီးက ကိုပုကို ဖမ်းလို့မရလေ ဒေါသကြီးလာ လေပေါ့ဗျာ။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟာ မြင်သွားပြီဗျို့။ ကျုပ်ကို ဇာ္ဗလ ကြီး မြင်သွားပြီဗျ။ တင်းပောင်းလောက်ရှိတဲ့ ခေါင်းကြီးက ကျုပ်ဘက်ကို လှည့်လာတယ်။

ဟာ…ကျုပ်ရင်ထဲမှာ ဒိန်းကနဲတောင် မြည်သွားသလိုပဲဗျာ။ ကျုပ်က ဆရာပုလို ကိုယ်ဖော့မှော်တတ်တဲ့ကောင် မဟုတ်ဘူးလေဗျာ။ ဇာ္ဗလ ကြီးက သူ့ဒေါသတွေအားလုံးကို ကျုပ်ဆီပုံလိုက် သလိုပဲဗျ။

"ဝေါင်း"

ဇာ္ဗလ ကြီးက ခါးကြီး နွဲ့နွဲ့ နွဲ့နွဲ့နဲ့ ကျုပ်ဘက်ကို လျှောက် လာရောဗျို့။

"မောင်တာတေ၊ မကြောက်နဲ့၊ ဆရာကြီးတို့ ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နောက်ဘက်က အသံဗျ။ ဆရာကြီး ဒေါက်တာ ဦးမင်းအောင်ရဲ့ အသံလေဗျာ။ ကျားပါးစပ်ကြီးထဲရောက်တော့မယ့်ဆဲဆဲမှာ ဆရာကြီးအသံကို ကြားလိုက်ရတော့ ကျုပ်မှာ ပျော်လိုက်တာဗျာ။ မပြောပါနဲ့တော့။

"တာတေ မကြောက်နဲ့ ညီလေး"

ဒီတုန်းမှာပဲ ဆရာပုကလည်း ကျုပ်ကို စိုးရိမ်ပြီး ပြေးထွက်လာပါလေရောဗျာ။ ကျုပ်ကို စိုးရိမ်ပြီး သတိလက်လွှတ်ပြေးထွက်လာတဲ့ ဆရာပုကို မြင်သွားတဲ့ ဖျူ့ကြီးက သူ့လက်ကြီးနဲ့ ဖျတ်ကနဲ လှမ်းရိုက်ချလိုက်တယ်ဗျာ။

"ဖုန်း၊ ဝေါင်း၊ ဝေါင်း"

ဟာ ဆရာပု၊ ဆရာပု။ ဟာ့ ဆရာပုကို ဖျူ့ကြီး ကိုက်ပြီ၊ ကိုက်ပြီ။

ဆရာကြီးက ရှေ့ကို ပြေးထွက်လာပြီး အင်းတစ်ချပ်နဲ့ ဖျူ့ကြီးကို ပစ်လိုက်တယ်။

"ဝုန်း"

အင်းက ဝုန်းကနဲမြည်ပြီး မီးခိုးလုံးကြီးနဲ့ မီးတောက်ကြီး ထသွားတယ်ဗျို့။ ဆရာကြီးရယ်၊ ဆရာစိုင်းနွံဖရယ်၊ ဆရာထူးရယ် သုံးယောက်သား အင်းတစ်ချပ်စီကိုင်ပြီး မီးခိုးလုံးကြီးကြား





ထဲကို ကြည့်နေကြတယ်ဗျ။ မီးခိုးတွေပျယ်ပြီး မီးတောက်တွေ ငြိမ်းသွားတော့...

"ဟာ ဆရာပု သေပြီထင်ပါရဲ့ဗျာ"

ကျုပ်ပါးစပ်က လွှတ်ကနဲ ထွက်သွားတာဗျ။ လည်ပင်းမှာ သွေးတွေပန်းထွက်နေတဲ့ အပေါက်ကြီးနဲ့ ဆရာပု သွေးအိုင်ထဲမှာ ငြိမ်နေပြီဗျ။ ဆရာပုနဲ့ သုံးတောင်လောက်အကွာမှာ ဖျူ့ကြီးလည်း မီးလောင်ထားသလို မဲတူးပြီး ငြိမ်နေရောဗျို့။

"ဖြစ်ရလေ တပည့်ရယ်"

လို့ ပြောပြီး ဆရာနွံဖက ဆရာပုဆီကို ပြေးထွက်သွားတယ်။

"နွံဖ မသွားနဲ့၊ ရန်သူ ရောက်လာတော့မယ်"

ဆရာနွံဖ တုံ့ခနဲ ရပ်သွားတယ်။ ဆရာကြီး ထင်တဲ့အတိုင်းပါပဲဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဘယ်ကရောက်လာတဲ့ ခွေးလေးကျပိုးတွေလဲဟေ့၊ ငါ့ရွှေဂူတံခါးကို အပြင်က ဖွင့်မရတော့ အတွင်းကိုရောက်အောင် ခိုးဝင်ပြီး အတွင်းကနေ ဖွင့်တယ်။ တံခါးပျက်သွားတော့ ငါ ရွှေဂူကို ဖျောက်လို့မရတော့ဘူးပ။ ငါ့သားကြီး ဖျူ့ကို အသေသတ်တာကိုတော့ ငါ အနာခံမှာပဲဟ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ မင်းတို့ ဘာအတွက် ဒီကိုလာတယ်ဆိုတာ လျှောက်တင်စမ်း''

''အရည်း ကျုပ် ဒီကိုလာတာ တစ်ကမ္ဘာလုံးမှာရှိတဲ့ အထက်ပုဂ္ဂိုလ်ကြီးတွေရဲ့ဆန္ဒနဲ့ လာခဲ့တာပဲ။ အရည်းခိုးယူသွားခဲ့တဲ့ မော်ဝင်တောင်သခင်မရဲ့ မော်ရှင်ရွှေကျမ်းကြီးကို ပြန်အပ်ပါ။ ဒီအတွက် ကျုပ်တို့ ရောက်လာခဲ့တာပဲ။ မော်ဝင်ကျမ်းကို အခုချက်ချင်း အပ်နှံလိုက်ရင် ကျုပ်တို့ ဒီနေရာကနေ လှည့်ပြီးပြန်မယ်။ မအပ်ရင်တော့ ရတဲ့နည်းနဲ့ ယူရလိမ့်မယ်၊ အရည်းမှင်းရဲ့စကား''

''တောက်၊ မင်း တော်တော်စော်ကားတဲ့ အကောင်ပဲ၊ ပြောစမ်း ယောကောင်၊ မင်းနာမည် ဘယ်သူတုံး''

''ဒေါက်တာမင်းအောင်''

''လက်စသတ်တော့ ကမ္ဘာပတ်ပြီး မွေနေတဲ့ မလောက်လေး မလောက်စားကောင်ပဲကိုး''

''ဝုန်း''

ဟာ အရည်း အရည်း၊ ပုဂံအရည်း ပျောက်သွားပြီဗျို့။

''မောင်တာတေ မင်းမျက်ကွင်းဆေး ကွင်းထားလား''

ဆရာနန္ဒဖက ကျုပ်ကို လှမ်းမေးတယ်။

''ဟုတ်ကဲ့၊ ကွင်းထားတယ် ဆရာ''

''ဒါဆိုရင် မင်း ဟိုဂါထာရွတ်တော့၊ မင်းကို လာကာနီး





မှာ ကျုပ်သင်ပေးလိုက်တဲ့ ဂါထာလေ၊ ရွတ် ရွတ် မြန်မြန်ရွတ်''

ကျုပ်က တောင်ငူမှာတုန်းက ဆရာနန္ဒဖ သင်ပေးတဲ့ ဂါထာကို ရွတ်လိုက်တယ်။ ဟာ တွေ့ပြီဗျို့။ တွေ့ပြီ။ အရည်းကို ကျုပ်တွေ့ပြီ။ အရည်းက ကိုယ်သာ ဖျောက်လိုက်တာဗျ။ ဘယ်ကိုမှ ရောက်သွားတာ မဟုတ်ဘူး။ စောစောကနေရာမှာပဲ မားမားကြီးရပ်နေတာ။

''ဆရာကြီး၊ အရည်း စောစောကနေရာမှာပဲ ရပ်နေတာ''

လျှင်လိုက်တဲ့ ဆရာကြီးဗျာ။ ကျုပ်စကားတောင် မဆုံးသေးဘူး၊ လက်ထဲကအင်းနဲ့ လှမ်းပစ်လိုက်တာဗျို့။

''ဝုန်း''

''နှဖနဲ့ မောင်ထူး၊ မင်းတို့ အင်းတွေပစ်တော့၊ ဒီကောင်ကြီးကို အချိန်ဆွဲတိုက်လို့ မရဘူး၊ လက်ဦးမှုယူပြီး ဆက်တိုက်သာ ပစ်ကြ''

''ဝုန်း'' ''ဝုန်း''

ဆရာကြီးပစ်တဲ့ အင်းကြောင့် ဝုန်းကနဲ တစ်ချက်မြည်ပြီး မီးတောက်ကြီးရော မီးခိုးလုံးကြီးရော ထသွားတယ်ဗျ။ ဆရာနန္ဒဖနဲ့ ဆရာထူးက အဲဒီမီးတောက်ကြီးထဲကိုပဲ အင်းတစ်ချပ်စီ ထပ်ပစ်လိုက်ကြတော့ ဝုန်းကနဲ၊ ဝုန်းကနဲ ထပ်မြည်သွားပြီး မီးတောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ပိုကြီးသွားတယ်ဗျို့။

ဟာ၊ လူတွေ ပြေးထွက်လာကြပြီဗျို့။ ဂူကြီးရဲ့ အခန်းတွေထဲက အရည်းရဲ့ တပည့်လက်သားတွေ ပြေးထွက်လာကြတာဗျို့။ အပေါ်ပိုင်းမှာ အင်္ကျီဗလာနဲ့ ခါးတောင်းကျိုက်ထားတဲ့လူတွေ၊ အရည်းလိုပဲ ပုဂံအရည်းကြီးတွေပုံစံ ဝတ်ထားတဲ့လူတွေ၊ ဆံပင်ဖားလျားချထားတဲ့ မိန်းမတွေ အားလုံး နှစ်ဆယ် အစိတ်တော့ ရှိမယ်ဗျ။

"ဝုန်း"

ဟာ၊ မီးတောက်ကြီး ငြိမ်းသွားပြီဗျို့။ ပြေးထွက်လာတဲ့ လူတွေက စက်တွေ တစ်ပြိုင်တည်း လွှတ်ပေးလိုက်ကြတာ။ မီးတောက်ကြီးကို ရေနဲ့ ဖျန်းလိုက်သလိုကို ငြိမ်သွားတာဗျို့။

အို…တော်တော်ကို အဆင့်မြင့်တဲ့ ပညာတွေပါလားလို့ ကျုပ်တွေးလိုက်မိတယ်။ မီးလို ပူပြင်းတောက်လောင်တဲ့ စက်တွေ ရှိသလို ရေလို အေးမြနေတဲ့ စက်လည်း ရှိတာပဲဆိုတာ အခုမှ ကျုပ်တွေးမိတာဗျ။

ဟာ၊ အရည်း မသေဘူးဗျ။ အရည်းက ဂူကြမ်းပြင်မှာ တင်ပလ္လင်ခွေပြီး ထိုင်နေတယ်။ ဟော အရည်းရဲ့ တစ်ကိုယ်လုံးက စက်တွေ ဖြာထွက်လာပြီဗျို့။





"နှမ၊ မောင်ထူး သတိထားကြ၊ ဒါ မှော်စက်ဝန်းလို့ ခေါ်တယ်၊ ငါတို့အားလုံးကို စက်ဝိုင်းလိုဝိုင်းပြီး တစ်ပြိုင်နက်တည်း သတ်ပစ်မယ့်စက်ကွ၊ မင်းတို့ကို ပေးထားတဲ့ ကပ္ပပထမံအင်းတော် ထုတ်တော့"

"ဟင်၊ နောက်ဆုံးအင်းလား ဆရာကြီး"

"အေး ဟုတ်တယ်၊ အချိန်မပေးနဲ့တော့ နှမ၊ အချိန်ကြာရင် ငါတို့ အရည်းကို ယှဉ်နိုင်မှာ မဟုတ်ဘူး၊ ငါ အရင်ပစ်မယ်၊ ငါပစ်ပြီးတာနဲ့ မင်းတို့နှစ်ယောက်က ပြေးထွက်သွားပြီး နောက်က လူစုကို နှစ်ချပ်စလုံးသာ ပစ်ကြ။ မောင်တာတေ ဒီအင်းသုံးချပ်ရဲ့ အရှိန်ကြောင့် ဒီဂူကြီး တဖြည်းဖြည်း ပြိုကျလိမ့်မယ်။ ဆရာကြီးတို့ အင်းပစ်ပြီးတာနဲ့ မင်းက အရည်းနေတဲ့အခန်းထဲကိုပြေးပြီး မှော်ဝင်ကျမ်း ရွှေစာအုပ်ကြီးကို မြန်မြန်ရှာပြီး မြန်မြန်ပြန်ပြေးခဲ့ပေတော့ ကြားလား၊ မောင်တာတေ"

"ဟုတ်ကဲ့ ဆရာကြီး"

အရည်းရဲ့ တပည့်တွေကလည်း အရည်းလိုပဲဗျ။ တစ်ကိုယ်လုံးကနေ စက်တွေ ထုတ်နေကြတယ်ဗျ။

"ကဲ ပုဂံအရည်း၊ ဟောဒါ တစ်ကမ္ဘာလုံးမှာရှိတဲ့ မြင့်မြတ်တဲ့ ပထမံပုဂ္ဂိုလ်ကြီးတွေအားလုံးရဲ့ သိဒ္ဓိတွေပေါင်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိပေါင်းအင်းတဲ့၊ မင်းခံနိုင်ရင် ခံပေတော့၊ ကဲကွာ၊ ပစ်ပြီဟေ့”

“အုန်း”

ဟာ၊ ပြင်းလိုက်တဲ့ အင်းကြီးဗျာ။ အုန်းကနဲ မြည်ပြီး ရောမမီးတောက်ကြီးက ဝူအမိုးကိုတောင် ထိနေပါရောလားဗျာ။

“နှံ့ဖနဲ့ မောင်ထူး ဘာကိုကြောင်ကြည့်နေတာတုံး၊ အင်းတော်တွေ ပစ်တော့လေ”

ဆရာကြီး သတိပေးလိုက်တော့မှ ဆရာနှံ့ဖနဲ့ ဆရာထူးတို့ သတိဝင်သွားကြပြီး ရှေ့ကို ပြေးထွက်သွားကြရောဗျို့။ ဟော ပစ်ပြီ၊ ပစ်ပြီ။ ပစ်လိုက်ကြပြီဗျို့။

“အုန်း” “အုန်း”

ဟာ ဆရာနှံ့ဖတို့ပစ်တဲ့ အင်းတွေကလည်း တော်တော်ကို ပြင်းထန်တာပဲဗျာ။ မီးတောက်ကြီးတွေက ဝူအမိုးထိအောင် ထတောက်တော့တာပဲဗျို့။

“မောင်တာတေ၊ ပြေးတော့”

ဆရာကြီးက ကျုပ်ကို သတိပေးလိုက်သံ ကြားတာနဲ့ ကျုပ် နံရံကိုကပ်ပြီး တစ်ရှိန်ထိုးပြေးခဲ့ရောဗျို့။ မှုလိုက်တာတော့ မပြောပါနဲ့တော့ဗျာ။ ကျုပ် စောစောကမှတ်ထားတဲ့ အရည်းအခန်းကို တန်းပြေးပြီး အခန်းထဲကို ဝင်လိုက်တယ်။ အခန်းက သိပ်





တော့မကျယ်ဘူးဗျ။ ကျုပ် အမြန်ဆုံး လိုက်ရှာတယ်။ ရွှေကျမ်းစာအုပ်ကြီးကို ဘယ်မှာမှ ရှာလို့မတွေ့ဘူးဗျ။

“ဒုန်း၊ ဒုန်း”

ဟာ ဝူနံရံကြီးတွေ ပဲ့ကျတဲ့အသံပဲဗျို့။ ကျုပ်စိတ်တွေ အရမ်းလှုပ်ရှားပြီး တစ်ကိုယ်လုံး ချွေးတွေပြန်လာတယ်။ နောက်ဆုံး ဘယ်မှာမှ ရှာလို့မတွေ့တော့ အရည်းရဲ့ ခေါင်းအုံးအောက်မှာ များလားဆိုပြီး အရည်းရဲ့ ရွှေသလွန်ပေါ်က အိပ်ရာဆီကို ကျုပ် ပြေးသွားတယ်။ ကတ္တီပါအနက်နဲ့ ချုပ်ထားတဲ့ အရည်းရဲ့ခေါင်းအုံးကို ကျုပ် မပြီးဖယ်လိုက်တယ်။

ဘာမှမတွေ့ဘူးဗျ။ ခေါင်းအုံးအောက်မှာ ဘာမှမရှိဘူး။ ဟင်၊ ကျုပ် တစ်ခုသတိထားလိုက်မိတယ်။ ကျုပ်လက်ထဲမှာ မ,ထားတဲ့ အရည်းရဲ့ ကတ္တီပါခေါင်းအုံးက အလေးကြီး ဖြစ်နေတာဗျ။

“ဒုန်း” “ဒုန်း” “ဒုန်း”

ဟော ဝူနံရံကြီးတွေ ပဲ့ကျပြန်ပြီဗျို့။ ကျုပ် အချိန်မဆိုင်းဘဲ အရည်းရဲ့ ခေါင်းအုံးကို ကျုပ်လွယ်အိတ်ကြီးထဲမှာ ပါလာတဲ့ ဓားနဲ့ ထိုးခွဲလိုက်တယ်။

ဟာ တွေ့ပြီဗျို့၊ တွေ့ပြီ။ ဒါ ရွှေကျမ်းကြီးပဲ ဖြစ်မယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



လဲမို့တွေကြားမှာ အရည်းရဲ့ သက်န်းညို့မဲမဲကြီးနဲ့ အလုံထုပ်ထား တဲ့ ပစ္စည်းဗျ။ ကျုပ် ခေါင်းအုံးထဲက ချက်ချင်းဆွဲထုတ်ပြီး သက်န်းကြီးကို ဖြည်လိုက်တယ်။

ဟာ၊ ဟုတ်ပါ့ဗျာ။ ရွှေရောင်ဝင်းနေတဲ့ ရွှေကျမ်းကြီးဗျ။ ကျုပ် အတွင်းကို လှန်ကြည့်လိုက်တယ်။ ရွှေကို စက္ကူလို ပါးပါး လေး အပြားခတ်ပြီး စာတွေရေးထားတာဗျ။ ရွှေစာမျက်နှာတိုင်းမှာ စာတွေမှ ပြည့်နေတာဗျ။ ဒါပေမဲ့ ဘာတွေရေးထားတယ်ဆိုတာ တော့ ကျုပ်မသိဘူးဗျ။ ဆရာနဲ့ဖပြောတဲ့ မာဂဓဘာသာဆိုတာ ထင်တယ်။ ရွှေစာအုပ်ကြီးရဲ့ မျက်နှာဖုံးပေါ်မှာလည်း စာလုံး အကြီးကြီးတွေ ရေးထားတယ်။ ဒါပေမဲ့ ကျုပ် ဘာတစ်လုံးမှ မဖတ်တတ်ဘူးဗျ။

"ဒုန်း" "ဒုန်း" "ဒုန်း"

ဟာ၊ ဝူအမိုးတွေပါ ပြိုကုန်ပြီဗျို့။ ကျုပ် ချက်ချင်းပဲ ရွှေကျမ်းစာအုပ်ကြီးကို လွယ်အိတ်ကြီးထဲကို သေသေချာချာထည့်၊ လွယ်အိတ်ကို စလွယ်သိုင်းလွယ်လိုက်တယ်။ အရည်းအခန်းအဝ ကနေ ဂူကြီးရဲ့ အခြေအနေကို ကျုပ်လှမ်းကြည့်လိုက်တယ်။

ဟာ၊ ဂူကြီးတစ်ခုလုံးမှ မီးတွေ တဟုန်းဟုန်းတောက်လို့ ဗျ!! ဂူရဲ့ဟိုဘက်က နံရံနားမှာတော့ မီးမရောက်သေးဘူး။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှစဉ်းစားမနေတော့ဘဲ အဲဒီဂူနံရံအရောက် စွတ်ပြေးခဲ့တော့တာ ပေါ့ဗျာ။ ပြီးတော့မှ ဂူနံရံကြီးကိုကပ်ပြီး ဆရာကြီးတို့ရှိတဲ့ဘက်ကို ပြေးရတာဗျ။ ကျုပ်ပြေးလာတာကို လှမ်းမြင်တဲ့ ဆရာနွံဖက…

"မောင်တာတေ၊ လာ လာ၊ ဒီဘက်ကိုပြေး၊ ဒီဘက်ကို"

လို့ လှမ်းအော်ပြောတယ်။ ကျုပ် သူတို့အနားကို ရောက်တာနဲ့ ဆရာကြီး ဦးမင်းအောင်က ကျုပ်ကို ဆီးပြောပြန်ရောဗျ။

"မောင်တာတေ ဂူပေါက်ကိုသာ တန်းပြေး တန်းပြေး၊ ပြီးရင် ဂူပြင်ကို မြန်မြန်ပြေးထွက်"

ကျုပ်လည်း မရပ်တော့ဘဲ ဂူပေါက်ကို ဆက်ပြေးပြီး ဂူကြီးရဲ့ အပြင်ဘက်ကို တန်းပြေးခဲ့တော့တာပေါ့ဗျာ။

ကျုပ် နောက်ကိုတစ်ချက်လှည့်ကြည့်တော့ ဆရာကြီးရော ဆရာနွံဖနဲ့ ဆရာထူးရော သူတို့ရဲ့ ဆေးလွယ်အိတ်ကြီးတွေပွေ့ပြီး ကျုပ်နောက်က ပြေးလိုက်လာကြတာဗျို့။

"ဆက်ပြေး မောင်တာတေ မရပ်နဲ့၊ ဆက်ပြေး"

ဂူအပြင်ကိုရောက်တော့ ကျုပ်က ရပ်မလို့လုပ်လိုက်တဲ့ အချိန်မှာ နောက်က လှမ်းအော်လိုက်တဲ့ ဆရာကြီး ဦးမင်းအောင်ရဲ့ အသံကို ကြားလိုက်တာနဲ့ ဆက်ပြေးရပြန်ရောဗျို့။ ကျုပ်တို့ တောင်ထွတ်ပေါ်ကို တက်ခဲ့တဲ့လမ်းအတိုင်း ပြေးလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



တောင်လက်မောင်းကြီးပေါ်ကိုတောင် ရောက်ခဲ့ပြီဗျို့။ ကျုပ်လည်း မောပြီး ရှေ့ဆက်မပြေးနိုင်တော့တာနဲ့ ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး ရပ်လိုက်ရောဗျာ။ ကျုပ် နောက်ကိုလှည့်ကြည့်တော့ ကျုပ်လိုပဲဗျ။ ဆရာကြီး ဦးမင်းအောင်တို့ သုံးယောက်လည်း မောကြီးပမ်းကြီး ပြေးလာပြီး ကျုပ်နားမှာ ရပ်လိုက်ကြတယ်။

"ဒီနေရာလောက်ဆို လွတ်လောက်ပါပြီ"

လို့ ဆရာကြီး ပြောလိုက်တော့မှ ကျုပ်လည်း စိတ်အေး သွားတော့တာပေါ့ဗျာ။

"ဝုန်း၊ ဒုန်း၊ ဒုန်း၊ အုန်း၊ အုန်း"

ဟာ သွားပြီဗျို့။ ပုဂံအရည်း မင်းရဲစတ္တရဲ့ ရွှေဂူတော်ကြီး ပြိုကျသွားပြီဗျို့။ မသေမရှင် ဖြစ်နေတဲ့ အရည်းနဲ့ သူ့လူတွေလည်း ဇာတ်သိမ်းသွားကြပြီပေါ့ဗျာ။ အသက်တစ်ထောင်ကျော်တဲ့ ပုဂံခေတ်ကတည်းက ကျန်နေတဲ့ မှော်ဝင်ဂိုဏ်းသားတွေ အခုတော့ ကျောက်တုံးပုံကြီးအောက်မှာ အဆုံးသတ်သွားပြီပေါ့ဗျာ။

ဒါပေမဲ့ ဒီကျောက်တုံးပုံကြီးအောက်မှာ ကျုပ်တို့အထဲက ဆရာပု ကျန်ခဲ့တာကိုတော့ တော်တော်ကို စိတ်မကောင်းဖြစ်မိတယ်ဗျာ။ ဆရာကြီးတို့လည်း ကျုပ်လိုပဲ စိတ်မကောင်းဖြစ်နေကြ ပုံပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အုန်း"

ဟာ ကျန်နေတဲ့ ဂူကြီးရဲ့ အပိုင်းတွေ ထပ်ပြိုကျပြန်ပြီဗျို့။ ဟာ ဒီတစ်ခါတော့ ကျောက်တုံးတွေ ကျုပ်တို့ဘက်ကိုပါ လိမ့်ကျလာတာဗျို့။ ဆရာကြီးတို့ရော၊ ကျုပ်ရော၊ သစ်ပင်အကြီးကြီးတွေနောက်ကို ပြေးပြီးကပ်လိုက်ကြရတယ်ဗျ။ ဒါပေမဲ့ ကျောက်တုံးကြီးတွေက ကျုပ်တို့နေရာမရောက်ခင်ဘဲ ရပ်သွားကြတာပါ။

ဒီတော့မှ ကျုပ်က ကျုပ်လွယ်အိတ်ထဲက ရွှေကျမ်းစာအုပ်ကြီးကိုထုတ်ပြီး ဆရာကြီးကို ရိုရိုသေသေ အပ်လိုက်တယ်။

ဆရာကြီးက ပြုံးပြီး ရွှေကျမ်းစာအုပ်ကြီးကို ကြည့်နေတယ်။

"တော်ပါပေတယ် မောင်တာတေရယ်၊ ကဲ ကျုပ်တို့ခရီးဆက်ကြစို့ကွယ်"

ကျုပ် အံ့သြသွားတယ်ဗျ။ ဆရာကြီးက ပြန်မယ်လို့မပြောဘဲ ခရီးဆက်ကြစို့ဆိုတော့ ကျုပ် သဘောမပေါက်ဘူးဖြစ်သွားတယ်။ ဒီရွှေကျမ်းကြီးကိုရရင် ကျုပ်တို့ ကိစ္စပြီးပြီလို့ပဲကျုပ်က ထင်နေတာဗျ။

အခုတော့ ဆရာကြီးက ခရီးဆက်ရမယ်ဆိုတော့လည်းဆက်ရုံပေါ့ဗျာ။ တာတေဆိုတဲ့ကောင်ကလည်း ဒီလိုမျိုး စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



စရာတွေကို တွေ့နေကြုံနေလို့ကတော့ ဟိမဝန္တာတောင်ကြီးကို တက်မယ်ဆိုရင်တောင် လိုက်ဖို့အဆင်သင့်ပဲဗျို့။

ဆရာကြီးက နေကို တစ်ချက်မော့ကြည့်တယ်။

"ကဲ လာကြဟေ့၊ မြောက်ဘက်စူးစူးကို တည့်တည့်သွားရုံပဲကွဲ့"

လို့ ပြောပြီး ရှေ့က ဦးဆောင်ပြီးထွက်တယ်။ မော်ဝင်ကျမ်း ရွှေစာအုပ်ကြီးကိုတော့ သူ့လွယ်အိတ်ကြီးထဲမှာ သေသေချာချာ ထည့်ထားတယ်ဗျ။

မြောက်စူးစူးကို မနားတမ်းလာခဲ့ကြတာ မိုးချုပ်စအချိန်ကိုရောက်တော့ ကရင်ရွာလေးတစ်ရွာကို ရောက်လာရောဗျ။ ဒီမှာတင် ကျုပ် တော်တော်အံ့သြသွားတာဗျာ။ ဆရာကြီး ဦးမင်းအောင်ကိုတွေ့တော့ ရွာထဲက ကရင်အဘိုးကြီး သုံးလေးယောက် ပြေးထွက်လာပြီး နှုတ်ဆက်ကြတယ်။ ဆရာကြီးကို အဘိုးကြီးတွေက ကရင်လို ပြောတာဗျ။ ဆရာကြီး ဦးမင်းအောင်ကလည်း သူတို့ကို ကရင်လိုပဲ ပြန်ပြောဗျို့။ ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ဒီလိုနေရာမျိုးမှာတောင် ဆရာကြီး ဦးမင်းအောင်ကို တရိုတသေရှိကြတာပါလားလို့ တွေးမိလို့ဗျ။

ခြေတံရှည်အိမ်ကြီးတစ်အိမ်ပေါ်ကို ခေါ်သွားကြတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်တွေမှာရော၊ နံရံတွေမှာရော တိရစ္ဆာန်ခေါင်းခွံတွေ ချိတ်ထားတာ ပြည့်လို့ဗျာ။

"နှဗ၊ ဒါ မုဆိုးကြီး လုကွာရဲ့ အိမ်ပဲကွ၊ ကျုပ်နဲ့ လုကွာက အလွန်ခင်ကြတာကွဲ့"

လေ့ကားဆုံးတော့ အိမ်ကြီးရဲ့ တံခါးပေါက်ကို ရောက်ရောဗျ။ ဆရာကြီးက တံခါးဝမှာ မတ်တတ်ရပ်ပြီး အိမ်ထဲကို ကြည့်နေတယ်။

"ဟာ၊ ဆရာဝန်ကြီးပါလား၊ ဟား ဟား ဟား ဟား၊ ဝမ်းသာလိုက်တာကွာ"

လို့ ဗမာစကားကို ဂာရင်သံဝဲဝဲကြီးနဲ့ပြောတာ ကြားလိုက်ရတယ်ဗျ။

"လုကွာ၊ ကျန်းမာတယ်မို့လား"

"ဟာ...ကျန်းကတော့ မာလိုက်တာမှ ဆရာဝန်ကြီးရာ"

လို့ ပြန်ပြောသံ ကြားလိုက်ရတယ်။ ဆရာကြီး ဦးမင်းအောင်က အိမ်ထဲကို ဝင်သွားရောဗျ။ ကျုပ်တို့လည်း နောက်က လိုက်ဝင်ကြတာပေါ့ဗျာ။

အိမ်ကြီးက တော်တော်လေး ကျယ်သားဗျ။ ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ဖျာခင်းမထားဘူးဗျ။ တောကောင်သားရေတွေ ခင်းထားတာ။ ကျားသားရေတွေတောင် ပါတယ်ဗျို့။ ကျုပ်ကြည့်လိုက်တော့ အသက်ငါးဆယ်ကျော်လောက်ရှိတဲ့ ကရင်လူမျိုးတစ်ယောက်ထိုင်လို့ဗျ။ သူ့ရှေ့မှာ ဒူးလေးကြီးတစ်လက်လည်း ချထားတယ်။ မြားကျည်တောက်လည်း ချထားတယ်။ ဒူးလေးကို သေသေချာချာတိုက်နေတာ ထင်တယ်ဗျ။

ကျုပ်တို့ကို ခေါ်လာတဲ့ ကရင်အဘိုးကြီး သုံးယောက်ရော ကျုပ်တို့ရော တောကောင်သားရေတွေပေါ်မှာ ဝင်ထိုင်ကြတယ်။ ဟာ၊ ထိုင်လို့ တော်တော်ကောင်းတာပဲဗျာ။

"လုကျွာ တောတက်ဖို့ ပြင်နေတာလားဗျ"

"ဟုတ်တယ် ဆရာဝန်ကြီး၊ ညက အိပ်မက် မက်တယ်၊ ကျုပ် လူတစ်စုနဲ့အတူတူ မှော်ဝင်တောင်ကို လိုက်ရှာရတယ်လို့ မက်တယ်တဲ့ဗျ၊ ဒါနဲ့ ကျုပ် ဒူးလေးကို အဆင်သင့်ပြင်နေတာ။ ကျုပ်က အိပ်မက်ကို အလကားမမက်ဘူး ဆရာဝန်ကြီးရဲ့၊ အကြောင်းကိစ္စရှိမှ မက်တာ၊ ဒါကြောင့် အကြောင်းရှိတော့မယ် ထင်လို့ လေးတွေ မြားတွေကို ပြင်နေတာကွ"

"ဟား၊ ဟား၊ ဟား၊ လုကျွာရဲ့ အိပ်မက်က တည့်တည့်ကြီးကို မက်ကာပါလား၊ ဟား၊ ဟား၊ ဟား၊ ဟား၊ ခင်ဗျားနဲ့



www.burmeseclassic.com

www.burmeseclassic.com


မှော်ဝင်တောင် လိုက်ရှာမယ့်လူစုဆို ကျုပ်တို့ပဲ လုကွာရဲ့၊ ကျုပ်တို့က အရေးကြီးတဲ့ကိစ္စနဲ့ မှော်ဝင်တောင်ကို မဖြစ်မနေသွားဖို့ လုကွာကို လာခေါ်တာ။

"အို…ဒီလိုလား ဆရာဝန်ကြီးရဲ့၊ ကျုပ် အိပ်မက်တွေ အကြောင်းကို ကျုပ်က သိပြီးသားပါဗျာ၊ ဒါကြောင့် ထွက်ဖို့ အဆင်သင့်ပြင်ထားပြီးသားပါ"

ကျုပ်တို့ကို တောအမဲဟင်းလျာတွေနဲ့ လုကွာရဲ့ မိသားစုက ကောင်းကောင်းမွန်မွန် ဧည့်ခံကြသဗျ။ ညစာ စားသောက်ပြီးတော့ ဆရာကြီးက ပြောသဗျ။

"နှံ့ဖနဲ့ မောင်ထူး၊ မင်းတို့ လုကွာအသက် ဘယ်လောက်ရှိပြီလို့ ထင်ကြတုံး"

"ငါးဆယ့်ငါး၊ ငါးဆယ့်ခြောက်တော့ ရှိရောပေါ့ ဆရာကြီးရဲ့"

ဆရာနှံ့ဖရော ဆရာထူးရောက ပြောတာဗျ။

"လုကွာက အသက်ကိုးဆယ့်ငါးနှစ် ရှိပြီကွ၊ ဒီနေ့အထိ တောတက်တုန်း၊ အမဲပစ်တုန်း ရှိသေးတယ်"

"ဟာ"

ဒီတစ်ခါ တအံ့တသြ အော်လိုက်မိတာက ကျုပ်ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်တာတေ၊ လုက္ခာက တော်တော်ကို ကျန်းမာတဲ့သူ။ ကျုပ်တောင် ဒီလိုလူမျိုးကို သူတစ်ယောက်ပဲ မြင်ဖူးတာကွဲ့၊ ကျုပ်နဲ့ကတော့ ဟိုကတည်းက ခင်ကြတာပါ။ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသားတွေပေါ့ကွယ်။ လုက္ခာ့ ပထမဇနီးကတော့ ဆုံးသွားတာကြာပြီ။ သားသမီးတွေကလည်း အသက်ခြောက်ဆယ်လောက်တွေဆိုတော့ ဟိုရွာ ဒီရွာတွေမှာ ရောက်နေကြတာ၊ ဒါက လုက္ခာရဲ့ နောက်အိမ်ထောင်နဲ့ သားသမီးတွေပေါ့ကွဲ့"

မုဆိုးကြီးလုက္ခာရဲ့ နောက်အိမ်ထောင်နဲ့မွေးတဲ့ သားသမီးတွေတောင် အသက်သုံးဆယ်ကျော်တွေဗျ။ အဲဒီတစ်ည လုက္ခာတို့ အိမ်ကြီးမှာ အိပ်ပြီး နောက်နေ့မနက်စောစောမှာ တောထဲကို ဝင်ခဲ့ကြတယ်။

နေမွန်းတည့်ချိန်ရောက်တော့ လုက္ခာက တောင်တစ်လုံးကိုပြတယ်။

"ဆရာဝန်ကြီး ဒါ မော်ဝင်တောင်ပဲကွ၊ ဒီတောင်ကို သိတာ ဒီနယ်မှာ ငါတစ်ယောက်ပဲ ရှိတာ"

ဆရာကြီး ဒေါက်တာမင်းအောင်က မော်ဝင်တောင်ကို တစ်ချက်မော့ကြည့်ပြီး လုက္ခာကို ခေါင်းညိတ်ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"လုကွာ၊ ကျုပ် ဒီကိုလာတာ ကမ္ဘာ့ပထမံပုဂ္ဂိုလ်ကြီး တွေရဲ့ ခိုင်းစေချက်နဲ့ လာတာ၊ လုကွာ ကျုပ်ကို တစ်ခါတုန်းက ပြောပြဖူးတဲ့ ထူးဆန်းတဲ့ ခေါင်းတလားကြီးရှိတဲ့ ဂူကို ခေါ်သွား ပေးပါ"

"ဩော် လက်စသတ်တော့ ဆရာဝန်ကြီးက ဒီကိစ္စလာ တာကိုး၊ အေး အေး၊ ငါ မင်းတို့ကို အရောက်ပို့ပေးမယ် စိတ်ချ၊ စိတ်ချ"

ပြောပြောဆိုဆို လုကွာက ရှေ့ကတက်တယ်။ အသက် ကိုးဆယ့်ငါးနှစ်သာ ဆိုတယ်ဗျာ၊ ကျုပ်တို့ထက် ပိုပြီးပေါ့ပါးသွက် လက်နေလို့ဗျာ။

မုဆိုးကြီးလုကွာက မော့ာင်ဝင်တောင်ရဲ့ တောင်ထိပ်အထိ တက်တာ မဟုတ်ဘူးဗျ။ တောင်ခါးပန်းအထိပဲ တက်တာ။ တောင်ခါးပန်းရောက်တော့ တောင်ကြီးကိုပတ်ပြီး လျှောက်တယ်။ အံ့ဩစရာပဲဗျို့။ မော်ဝင်တောင်ရဲ့ ခါးပန်းမှာ သစ်ပင်တွေ အုပ်နေ တဲ့ လူသွားလမ်း ရှိနေတယ်ဗျို့။ လုကာက ကျုပ်တို့ကို လူသွား လမ်းအတိုင်း ခေါ်သွားတာဗျ။ တော်တော်တော့ သွားရသားဗျ။ တစ်နေရာရောက်တော့ လုကွာက တံ့ကနဲ ရပ်လိုက်တယ်။ ပြီး တော့ သစ်ပင်ချုံနွယ်တွေ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေတဲ့ နေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို လက်ညှိုးထိုးပြတယ်။

"ဆရာဝန်ကြီး ဒီချုံတွေအောက်မှာ ဂူပေါက်ရှိတယ်၊ ဒါတွေကို ရှင်းရမယ်"

ဆရာနှံ့ဖက လုက္ခာလက်ထဲက ဓားကိုယူပြီး ချုံတွေကို ခုတ်တယ်။ ကျုပ်က ဆရာနှံ့ဖ ခုတ်လိုက်တဲ့ အပင်တွေကိုဆွဲပြီး ခပ်လှမ်းလှမ်းမှာ သွားပုံတယ်။ ဆရာနှံ့ဖ ညောင်းတော့ ဆရာထူး က တလဲဝင်ခုတ်တယ်။ သိပ်မကြာဘူးဗျ။ ဂူပေါက်ကြီး ပေါ်လာ တယ်။ ဂူပေါက်က လူတစ်ကိုယ်စာမကဘူးဗျ။ အတော်လေး ကျယ်သားပဲ။

"ကဲ···ရပြီကွ၊ ရပြီ၊ ဒါဆိုရင် ဝင်လို့ရပြီ"

"နှံ့ဖ···ဖယောင်းတိုင်ကြီးတွေ မီးထွန်းလိုက်"

ဆရာနှံ့ဖက ဖယောင်းတိုင်တွေ မီးထွန်းပြီး တစ်ယောက် တစ်တိုင် ပေးတယ်။ လုက္ခာက ရှေ့ဆုံးက ဝင်သွားတယ်။ ကျုပ် တို့က နောက်က လိုက်ဝင်ခဲ့တယ်။

ဂူကြီးက အဝသာ ကျဉ်းတာဗျ၊ အတွင်းမှာက အကျယ် ကြီးပဲ။ ခေါင်မိုးကလည်း တော်တော်ကို မြင့်တာဗျ။ ကျောက်စက် ပန်းဆွဲတွေ ကျနေတာ တော်တော်ကို လှတာဗျို့။ လုက္ခာက ရှေ့ကသွားပြီး တစ်နေရာရောက်တော့ ဂူနံရံကြီးတစ်နေရာကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြတယ်။

"ဆရာဝန်ကြီးရေ…အခန်းကြီးက ပိတ်နေတယ်ကွ၊ ငါ ဟိုတုန်းက ရောက်ခဲ့တော့ တံခါးက ပွင့်နေတာ"

လုကွာက တံခါးလို့သာ ပြောတာဗျ။ ကျုပ်ဖြင့် ဘာ တံခါးမှ မတွေ့ပါဘူးဗျာ။ ဂူနံရံကြီးပဲ တွေ့တာပါ။

"ရတယ် လုကွာ၊ ကျုပ် ဖွင့်နိုင်တယ်၊ ဒီတံခါးက တစ်နှစ်မှာ တစ်ခါ သူ့အလိုလိုပွင့်တယ်။ လုကွာရောက်တုန်းက အဲဒီရက်နဲ့ တိုက်ဆိုင်လို့ ဖြစ်မယ်၊ ကဲ နောက်ကို နည်းနည်းဆုတ်ကြ"

လို့ ပြောပြီး ဆရာကြီးက သူ့လွယ်အိတ်ထဲက ရွှေကျမ်း စာအုပ်ကြီးကိုထုတ်ပြီး ဂူနံရံမှာ ထိထားလိုက်တယ်။ ပါးစပ်ကနေ မန္တန်တစ်ပုဒ်ကို ဩဇာနဲ့ကရိုဏ်းကျကျ ရွတ်လိုက်တယ်။ တစ်ခေါက်၊ နှစ်ခေါက်၊ သုံးခေါက်၊ လေးခေါက်၊ ဆရာကြီး ဆက်ရွတ်တယ်။ မန္တန်ကိုးခေါက်မြောက်မှာ…

"ကျွီ၊ ကျွီ၊ ကျွီ၊ ကျွီ"

ဟာ…ပွင့်ပြီဗျို့။ ပွင့်ပြီ။ ဂူနံရံက လျှို့ဝှက်တံခါးကြီး ပွင့်သွားပြီဗျာ။

ဟာ၊ မွှေးကြိုင်နေတာပဲဗျို့။ ဟာ၊ အခန်းကြီးက ငွေး



www.burmeseclassic.com

www.burmeseclassic.com



ထိန်နေပါလားဗျ။

"ကဲ နွံ့ဖတို့၊ လာကြ လာကြ၊ ဒါ မှော်ဝင်တောင်သခင်မ စံမြန်းနေတဲ့ အခန်းပဲကွဲ့"

အို…အထဲကိုဝင်လိုက်တော့ တော်တော်ကျယ်တာပဲဗျ။ ဟာ မှန်ခေါင်းကြီးဗျ။ ဂူနံရံမှာ ကျောက်ဖယောင်းတိုင်တွေ ထွန်းထားတာကိုး။ ဒါကြောင့် တစ်ခန်းလုံး လင်းနေတာဗျ။ ဒီဖယောင်းတိုင်တွေက ဘယ်တော့မှ မီးမငြိမ်းတဲ့ပုံပဲဗျ။ အားလုံး ဖယောင်းတိုင် ဆယ့်တစ်တိုင်။ ကျုပ်တို့လက်ထဲက ဖယောင်းတိုင်တွေနဲ့ဆိုရင် အားလုံး ဆယ့်ခြောက်တိုင်ပေါ့ဗျာ။

ဆရာကြီးက ခေါင်းတလားနားကို တဖြည်းဖြည်း ကပ်သွားတယ်။ ကျုပ်တို့လည်း ဆရာကြီးနောက်က လိုက်သွားကြတာပေါ့ဗျာ။

"ဟာ"

ကျုပ်ပါးစပ်က လွှတ်ကနဲ ထွက်သွားတာဗျို့။ ခေါင်းထဲမှာ လဲလျောင်းနေတာ မိန်းမတစ်ယောက်ဗျ။ အသက်သုံးဆယ်လောက်ပဲ ရှိသေးတာ၊ တော်တော်ကို မဟာဆန်တဲ့ မျက်နှာဗျ။ လှလိုက်တာများ မပြောပါနဲ့တော့ဗျာ။ မှန်ခေါင်းထဲ ထည့်ထားလို့သာ အလောင်းလို့ ပြောရတာဗျ။ ကျုပ်စိတ်ထဲတော့ သေနေတာ



www.burmeseclassic.com

www.burmeseclassic.com


လို့ကို မထင်တာဗျို့။ အိပ်နေတာလို့ကို ထင်တာ။ လူရော ဟုတ်ရဲ့လားဗျာ။ နတ်သမီးများလားလို့ ကျုပ်တွေးနေတုန်း ဆရာကြီးဦးမင်းအောင်က သူ့လက်ထဲက ဖယောင်းတိုင်ကို ဆရာနံ့ဖကို ပေးလိုက်တယ်။ ပြီးတော့ ဂူကြမ်းပြင်က ကျောက်သားပေါ်မှာ ရှိရှိသေသေ ထိုင်ချလိုက်တယ်။ မုဆိုးကြီးလုက္ခာရော ကျုပ်တို့သုံးယောက်ရော ဆရာကြီးနောက်က ထိုင်လိုက်ကြတယ်။ လက်ထဲက ဖယောင်းတိုင်တွေကို ဂူကြမ်းပြင်မှာ စိုက်ထားလိုက်ကြတယ်။ ဆရာကြီးက ခေါင်းတလားကြီးကို လက်အုပ်ချီပြီး ရှိရှိသေသေ ရှိခိုးတယ်။ ကျုပ်တို့လည်း ရှိခိုးကြတာပေါ့ဗျာ။ မုဆိုးလုက္ခာကြီးလည်း ကျုပ်တို့လိုပဲ ရှိခိုးတယ်ဗျ။

"ကမ္ဘာ့အမှောင်မှော်ပညာကျမ်းကြီးဖြစ်တဲ့ မှော်ဝင်ကျမ်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ရပါသော မှော်ဝင်တောင်သခင်မဘုရား၊ သခင်မ ထုံကူးချိန်ဟာ ပြည့်သွားပါပြီ၊ အခု သခင်မနိုးထရမယ့်အချိန်ကို ရောက်ပါပြီဘုရား၊ သခင်မ ဦးခေါင်းအောက်မှာထားပြီး စောင့်ရှောက်ခဲ့တဲ့ မှော်ဝင်ရွှေကျမ်းစာအုပ်ကြီးကို အခုပဲ သခင်မရဲ့ ဦးခေါင်းအောက်မှာ ထားပေးပါ့မယ်ဘုရား"

လို့ ပြောပြီး ဆရာကြီးရယ်၊ ဆရာနံ့ဖရယ်၊ ဆရာထူးရယ် မှော်ဝင်တောင်သခင်မရဲ့ မှန်ခေါင်းကြီးကို ဂရုတစိုက်နဲ့


www.burmeseclassic.com

www.burmeseclassic.com



အဖုံးဖွင့်တယ်။ မှန်ခေါင်းကြီးထဲမှာရှိတဲ့ သခင်မရဲ့ ကိုယ်ပေါ်မှာ ပန်းတွေအပြည့် ဖုံးထားတာဗျ။ သခင်မရဲ့ ကိုယ်ပေါ်က အဝတ်အစားတွေက ပုဂံခေတ်က ဝတ်ဆင်ပုံမျိုးပဲဗျ။

"နွံဖ၊ ကျုပ်က သခင်မရဲ့ခေါင်းကို မလိုက်မယ်၊ မင်းက ရွှေကျမ်းစာအုပ်ကို သခင်မရဲ့ ခေါင်းအောက်ကို ထည့်လိုက်"

"ဟုတ်ကဲ့ ဆရာ"

ဆရာနွံဖက ရွှေကျမ်းကြီးကို အဆင်သင့် ကိုင်ထားတယ်။ ဆရာကြီး ဦးမင်းအောင်က လူမက နတ်တမျှလှတဲ့ သခင်မကို လက်အုပ်ချီ တောင်းပန်ပြီးမှ ခေါင်းကို တဖြည်းဖြည်းလေး မတယ်ဗျ။ ဟော ရွှေကျမ်းကြီး ထည့်လိုက်ပြီ။ သခင်မရဲ့ခေါင်းက ရွှေကျမ်းကြီးပေါ်မှာ ခေါင်းအုံးလို့ပေါ့ဗျာ။

ကြုံရတဲ့ အဖြစ်အပျက်တွေကို အံ့သြလွန်းလို့ ကျုပ်ဖြင့် မှင်တက်မိပြီး ကြည့်နေတော့တာပေါ့ဗျာ။ အံ့သြပြီး မျက်တောင်မခတ် ကြည့်နေတဲ့ ကျုပ်ကို ဆရာကြီးက တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့မှ...

"နွံဖနဲ့ မောင်ထူး၊ တလားအဖုံးကို သေသေချာချာ ပြန်ပိတ်လိုက်တော့"

လို့ ခိုင်းတယ်ဗျ။ ဆရာနှစ်ယောက်လည်း မှန်တလားကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အဖုံးကို သေသေချာချာ ပြန်ပြီးပိတ်လိုက်ကြတယ်။ ဆရာကြီး က ကျုပ်ဘာက်ကို လှည့်ပြီးပြောတယ်ဗျ။

"မောင်တာတေ၊ ပုဂံအရည်း မင်းရဲစကျွရဲ့ အခန်းထဲကို သက်စွန့်ဆံဖျား ပြေးဝင်ပြီး တွေ့အောင်ရှာဖွေယူခဲ့တဲ့ မှော်ဝင်ကျမ်း ကြီးတော့ သူ့နေရာသူ ပြန်ရောက်သွားပြီကွဲ့ မောင်တာတေရဲ့၊ ဒီအဖြစ်တွေကို မောင်တာတေ သိချင်မှာပေါ့လေ။ ဒီလိုကွဲ့ မောင်တာတေရဲ့၊ ကမ္ဘာပေါ်မှာ ပေါ်ပေါက်ခဲ့တဲ့ မှော်ပညာတွေ အနက်က အနှစ်ကျကျပညာတွေအားလုံးကို တတ်မြောက်သွားခဲ့ တဲ့သူကတော့ တခြားမဟုတ်ဘူးကွဲ့၊ အိန္ဒိယက ဒဿဂီရိပဲ"

"ဗျာ...ရာမဇာတ်ထဲက ဒဿဂီရိလား ဆရာကြီး"

"ဟုတ်ပါ့ဗျာ၊ ဒီကမ္ဘာပေါ်မှာ ဒီနေ့အထိ ဒဿဂီရိ လောက် မှော်ပညာတတ်တဲ့သူ တစ်ယောက်မှ မပေါ်ဖူးသေးဘူး ကွဲ့။ သူ့ကို နှိမ်နင်းဖို့လုပ်တုန်းကလည်း ကမ္ဘာ့ပထမ်ပုဂ္ဂိုလ်ကြီး တွေ စုဝေးတိုင်ပင်ပြီး ရာမမင်းတို့ ညီအစ်ကိုကို လွှတ်ခဲ့ကြရတယ်။ အဲဒီတုန်းက ဒဿဂီရိ ရှုံးသွားတော့ သူ့ရဲ့ညီက ဒဿဂီရိကိုယ် တိုင် မာဂဓဘာသာနဲ့ ရေးသွားတဲ့ မှော်ဝင်ကျမ်းကြီးကို ရာမမင်း ဆီမှာ အပြီးအပိုင်နှလိုက်တယ်ကွဲ့၊ ဒီကျမ်းစာအုပ်ကြီးကို လုပ်ထား တဲ့ရွှေဟာ ဇမ္ဗူရာဇ်ရွှေအစစ်ကွဲ့ မောင်တာတေရဲ့။ ဇမ္ဗူရာဇ်ရွှေဆို



www.burmeseclassic.com

www.burmeseclassic.com


တာ တစ်ကျပ်သားမှာ ရွှေရည် မူးနှစ်ဆယ်ကိုက်တယ်။ အခုခေတ် လူတွေ သုံးနေတဲ့ ရွှေက ရှစ်မူးရည်ပဲ ရှိတာလေ။ ဒါကြောင့် မင်း ဝင်ရှာပြီး ယူခဲ့တဲ့ ကျမ်းဖာအုပ်ကြီးက လေးပြီး နှစ်နေတာ ပေါ့ကွယ်"

"ဟုတ်တာပေါ့ ဆရာကြီးရယ်၊ ကျုပ်ဖြင့် အဲဒီရွှေစာအုပ် ကြီး လွယ်အိတ်ထဲထည့်ပြီး လွယ်တာတောင် မနည်းကို လွယ် ထားရတာဗျ"

"အေးကွဲ့၊ အဲဒီရွှေကျမ်းကြီးကို ရာမမင်းသားက ကမ္ဘာ့ ပထမံပုဂ္ဂိုလ်ကြီးတွေကို အပ်လိုက်တော့ ပထမံပုဂ္ဂိုလ်ကြီးတွေက ဒီမှော်ဝင်ကျမ်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ မှော်ဝင်တောင် သခင်မကို ရွေးချယ်ကြတယ်။ သခင်မက ဒီမှော်ဝင်ကျမ်းကြီးကို လူတွေလက်ထဲ ရောက်မသွားအောင် စောင့်ရှောက်ထားရင်းနဲ့ သူ ထုံကူးရမယ့်အချိန်ရောက်တော့ ဆေးတော်သောက်ပြီး ထုံဝင်ခဲ့ ရတယ်။ သခင်မ ထုံဝင်ခဲ့တာ အနော်ရထာမင်းလက်ထက်မှာကွဲ့။ အင်မတန်လုံခြုံတဲ့ ဒီဂူကြီးထဲမှာ ပညာရပ်တွေအမျိုးမျိုးနဲ့ စီမံပြီး ထုံဝင်ခဲ့တယ်။ ဒါပေမဲ့ သခင်မ ထုံအောင်းတဲ့ အခန်းထဲကို အလင်းရောင်နဲ့ လေဝင်ဖို့ တစ်နှစ်တစ်ခါ တံခါးကြီး အလိုလျောက် ပွင့်အောင် စီမံထားခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဖြစ်တယ်ဆိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောရတော့မှာပေါ့ကွယ်။ ပုဂံအရည်းက ဒီဂူထဲကို ရောက်လာတဲ့ အချိန် ဂူတံခါးပွင့်တဲ့ရက်နဲ့ တည့်တည့်တိုးပြီး ပထမံပုဂ္ဂိုလ်တွေ ဖုက်ထားခဲ့တဲ့ ရွှေကျမ်းကြီးဟာ အရည်းမင်းရဲစက္ကူရဲ့ လက်ထဲကို ရောက်သွားခဲ့ရတယ်။ ဒီတုန်းက ပုဂံမှာ အနော်ရထာဘုရင်က အရည်းတွေကို နှိမ်နင်းပစ်လေတော့ မင်းရဲစက္ကူဟာ ရှောင်ရင်း ပုန်းရင်းနဲ့ ဒီဂူကို တွေ့သွားတာနေမှာပေါ့ကွယ်။ ဒါပေမဲ့ အရည်း က ဒဿဂီရိရဲ့ မှော်ပညာတွေကို ကုန်အောင် သူ မကျင့်ကြံနိုင်ဘူး ကွဲ့၊ ဒါပေမဲ့လည်း အရည်းတတ်ထားတဲ့အဆင့်ကလည်း နည်း နည်းနောနောတော့ မဟုတ်ဘူး မောင်တာတေရဲ့။ ကမ္ဘာ့ပထမံ ပုဂ္ဂိုလ်ကြီးတွေကတောင် ကျူပ်ကို အတန်တန် မှာကြရတာ။ အရည်းနဲ့ ပညာမပြိုင်ဖို့၊ တွေ့တာနဲ့ ကိုယ်က လက်ဦးမှုရအောင်ယူ ပြီးလုပ်ဖို့ ပြောကြတာကွဲ့။ ကမ္ဘာ့ပထမံပုဂ္ဂိုလ်ကြီးတွေရဲ့ အင်း တော်ကြီးတွေကလည်း ဘယ်လောက်အစွမ်းကြီးသလဲဆိုတာ မောင်တာတေ မြင်တဲ့အတိုင်းပဲလေ၊ ဂူကိုပါ ဖြိုပစ်နိုင်တာကွဲ့။ အရည်းက ဂူကြီးတစ်ခုလုံးကို မှော်အစီအရင်တွေနဲ့ လုပ်ထားတာ ဆိုတော့ ပထမံအင်းတော်က ဂူကြီးတစ်ခုလုံးကို ဖျက်ပစ်လိုက် တာပေါ့လေ၊ အခုတော့ ဒဿဂီရိရဲ့ မှော်ဝင်ရွှေကျမ်းကြီးဟာ မှော်ဝင်တောင်သခင်မလက်ထဲ ပြန်ရောက်သွားပြီပေါ့ကွယ်။ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com


ဒဿဂီရိဖြစ်ချင်တဲ့ ပုဂံအရည်းလည်း နိဂုံးချုပ်သွားပြီပဲ”

“ဒါဆိုရင် ကျုပ်တို့တာဝန် ပြီးဆုံးသွားပြီပေါ့နော် ဆရာကြီး”

“ဟာ…မပြီးသေးဘူးကွဲ့ မောင်တာတောရဲ့၊ သခင်မ ထုံကူးနေတဲ့အချိန်မှာ ခေါင်းအောက်က ရွှေကျမ်းကြီးကို ထုတ်ယူသွားတာဆိုတော့ အစီအမံ နည်းနည်းချော်သွားတာ ရှိတယ်ကွဲ့။ ဒါကြောင့် ထုံအဖွင့်မန္တန်ကို ကျုပ်ရွတ်ပေးရလိမ့်ဦးမယ်။ ဒါလည်း ကျုပ်ကို ပထမံပုဂ္ဂိုလ်ကြီးတွေ ညွှန်ကြားလိုက်တာကွဲ့။ ကဲ ကဲ ရိုရိုသေသေထိုင်ပြီး ထုံနှိုးမန္တန်တော်ကြီးကို နာကြားကြပေတော့ကွဲ့”

ဆရာကြီးကိုယ်တိုင် ဂူကြမ်းပြင်မှာ တင်ပလ္လင်ခွေထိုင်လိုက်တယ်။ ကျုပ်တို့အားလုံးကတော့ ကျုံ့ကျုံ့လေးတွေ ထိုင်ကြရတာပေါ့ဗျာ။

ဟော…ရွတ်ပြီဗျို့၊ ရွတ်ပြီ။ ဆရာကြီး ဒေါက်တာဦးမင်းအောင်ရဲ့ ထုံနှိုးမန္တန်တော်ကြီး ရွတ်သံက ဂူကြီးထဲမှာ ဟိန်းပြီး ထွက်လာတာပေါ့ဗျာ။ ဆရာကြီးရဲ့ သံလိုက်ဓာတ်အပြည့်ပါတဲ့ အသံနဲ့ မန္တန်ကို ဌာန်ကရိုဏ်းကျကျ ရွတ်တဲ့အသံဟာ လွှတ်နားထောင်လို့ကောင်းတာဗျ။ ကျုပ်ဖြင့် နားထောင်နေရင်းနဲ့ ကြက်သီး


www.burmeseclassic.com

www.burmeseclassic.com



တွေတောင် တဖြန်းဖြန်းထလို့ဗျာ။

ကျုပ်က မန္တန်ရွတ်သံကို နားထောင်ရင်းနဲ့ သခင်မ လဲလျောင်းနေတဲ့ ရွှေသလွန်ပေါ်က ခေါင်းတလားကြီးကို သတိ ထားကြည့်နေမိတယ်။ ဒါပေမဲ့ မှန်ခေါင်းကြီးထဲမှာက ပန်းတွေ အပြည့်ထည့်ထားတာဆိုတော့ အတွင်းက သခင်မကို မမြင်ရဘူး ဗျ။ မတ်တတ်ရပ်ပြီး အနားကိုကပ်ကြည့်မှ သခင်မရဲ့ ရုပ်ပုံလွှာကို မြင်ရတာ။ မမြင်ပေမဲ့ ခေါင်းတလားအဖုံးကြီးများ ပွင့်လာမလား လို့ ကျုပ်ကြည့်နေတာဗျ။

ကျုပ်စိတ်ထင်တော့ ဆရာကြီး မန္တန်ရွတ်တာ ဆယ်မိနစ် လောက်တောင် ရှိပြီဗျ။ ဆရာကြီးကတော့ မရပ်မနားကို ရွတ်နေ တာဗျို့။

"သခင်မ လူကလေးတို့ကို ကျေးဇူးအလွန်တင်ပါတယ် ကွယ်"

"ဟာ" "ဟာ" "ဟာ"

ကျုပ်ပါးစပ်ကရော ဆရာနွံဖတို့ ဆရာထူးတို့ပါးစပ်က ရော တစ်ပြိုင်နက်တည်း ထွက်သွားတာဗျို့။ အသံက ကျုပ်တို့ရဲ့ နောက်ဘက်က ကြားရတာဗျ။ အင်မတန်မှ သာယာပြီး အေးမြတဲ့ အသံဗျ။ ဆရာကြီး ဦးမင်းအောင်က မန္တန်ရွတ်တာကို ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ နောက်ဘက်ကိုလှည့်ပြီး လက်အုပ်ချီတယ်။ ကျုပ်တို့အားလုံးလည်း ဆရာကြီးလိုပဲ နောက်ဘက်ကိုလှည့်ပြီး လက်အုပ်ချီလိုက်ကြတာပေါ့ဗျာ။

"အို…မော်ဝင်တောင်သခင်မ"

ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ရွှေကျမ်းကြီးကို ရင်မှာပွေ့ပြီးရပ်နေတဲ့ မော်ဝင်သခင်မဗျာ။ ပုဂံဝတ်စုံ ပန်းခရမ်းရောင်လေး ဝတ်လို့ဗျ။ နောက်ဘက်မှာ ဝတ်ရုံကလည်း ပန်းခရမ်းရောင်လေးပဲ။ ခေါင်းမှာတော့ ရွှေသရဖူလေး ဆောင်းထားတယ်။ ကျုပ်စိတ်ထင်တော့ အသက်နှစ်ဆယ် အစိတ်လောက်ပဲ ရှိမယ်ထင်တာဗျ။ အသက်ထောင်ကျော် ရှိတယ်လို့ ဆရာကြီးတွေ ပြောတာကို ကျုပ်ဖြင့် ယုံတောင် မယုံချင်တော့ပါဘူးဗျာ။ မဟူရာရောင် နက်မှောင်နေတဲ့ မျက်လုံးတွေကလည်း ကြည်လင်ပြီး တောက်ပနေလိုက်တာဗျာ။ ညဘက်မှောကြည့်ရင် မြင်ရတဲ့ ကြယ်လေးနှစ်ပွင့်လိုပါပဲဗျာ။ နက်မှောင်နေတဲ့ မျက်ခုံးနှစ်ဖက်က လခြမ်းကွေးလေးတွေလိုပဲဗျ။ ဖြောင့်စင်းနေတဲ့ နှာတံနဲ့၊ နီစွေးနေတဲ့ နှုတ်ခမ်းဖူးဖူးလေးတွေကလည်း လှလိုက်ပါဘိတော့ဗျာ။ ကိုယ်လုံးကလည်း မဆူမကြုံ၊ မနိမ့်မမြင့်ပဲဗျို့။

ဆရာကြီးက ရှိရှိသေသေ ရှိခိုးတယ်။ ကျုပ်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးကြတယ်။

"သခင်မ ထုံဝင်နေတုန်းမှာ ဒီမော်ဝင်ကျမ်းကြီးဟာ လူမိုက်တစ်ယောက်လက်ထဲကို ရောက်သွားပေတာကိုး၊ သခင်မ က အခုမှ ထုံကူးရာက နိုးထလာတာဆိုတော့ အခုမှပဲ ဒါကို သိရတာကွဲ့၊ အဲဒီငမိုက်သားဟာ အခု ဘယ်အရပ်မှာ ရှိနေတယ် ဆိုတာ လူကလေးတို့ သိကြသလားကွဲ့"

"မှန်လှပါ သခင်မဘုရား၊ အဲဒီငမိုက်သားဟာ ပုဂံက အရည်းကြီး မင်းရဲစက္ကူပါဘုရား၊ မနေ့ကပဲ ကျွန်ုပ်တို့ သုတ်သင်ခဲ့ ပါပြီ။ အရည်းရော သူ့ရဲ့နောက်လိုက်တွေရော၊ သူတို့နေထိုင်တဲ့ ဂူကြီးရော အားလုံးပျက်စီးသွားပါပြီ သခင်မ"

ဆရာကြီး ဦးမင်းအောင်ကိုယ်တိုင် မော်ဝင်တောင်သခင်မ ကို ရိုရိုသေသေ လျှောက်ထားတာဗျ။

"ဩော်…ဒီလိုကိုး၊ လူကလေးတို့ အလွန်တော်ပါပေ တယ်၊ ဒီအရည်း ငမိုက်သားကို သုတ်သင်ပြီးမှ ဟောဒီမော်ဝင် ကျမ်းကြီးကို ယူဆောင်ခဲ့ကြတာကိုး၊ ကဲ လူကလေးတို့၊ သခင်မ ထုံဝင်ခဲ့တဲ့ ခေါင်းတလားထဲက ပန်းတွေကို ယူဆောင်သွားကြပေ တော့၊ အဲဒါ သခင်မပေးလိုက်တဲ့ လက်ဆောင်တွေပဲ၊ ဒီပန်းတွေ ဟာ နှစ်ပေါင်းတစ်ထောင်ကျော်နေပြီကွဲ့။ အခုထိ မညှိုးမနွမ်းသေး၊



www.burmeseclassic.com

www.burmeseclassic.com



နောက်လည်း ဘယ်တော့မှ ညှိုးမှာနွမ်းမှာ မဟုတ်ဘူးကွဲ့၊ လူကလေးတို့ ဉာဏ်ရှိသလိုသာ အသုံးပြုကြပေတော့။ သခင်မ လူကလေးတို့အားလုံးကို ကျေးဇူးတင်ပါတယ်ကွယ်၊ ကဲ သခင်မ သွားပြီ လူကလေးတို့”

မော်ဝင်တောင်သခင်မက ရပ်နေတဲ့နေရာကနေ ချက်ချင်း ပျောက်သွားရောဗျာ။

“ဟာ”

ကျုပ်ပါးစပ်ကနေ ယောင်ပြီးထွက်သွားတာဗျို့။

“ကဲ…ကျုပ်တို့ခရီးစဉ်ကတော့ ဒီမှာဆုံးခန်းတိုင်သွားပြီကွယ်၊ ပြန်ကြဖို့ပဲ ရှိတော့တယ်။ ကဲ နှံ့ဖတို့ မော်ဝင်တောင်သခင်မ ပေးခဲ့တဲ့ ထုံဝင်ပန်းတွေကို ဘာနဲ့ထည့်မတုံး၊ လုပ်ကြကွဲ့”

မုဆိုးကြီး လုကျွာက ချက်ချင်းပဲ ဂူပြင်ကို ထွက်သွားတယ်။ သူ့မှာပါလာတဲ့ ဓားနဲ့ ဝါးတွေခုတ်ပြီး ချက်ချင်း ပလိုင်းရက်တော့တာပဲဗျာ။ ကျုပ်တို့လည်း ခေါင်းတလားထဲက အနှစ်ထောင်ကျော်တဲ့အထိ မညှိုးတဲ့ ပန်းကလေးတွေကို လုကျွာ ရက်ပေးတဲ့ ပလိုင်းကြီးထဲကို တစ်ပွင့်မကျန်ထည့်ပြီး ယူခဲ့ကြတယ်ဗျ။

အပြန်လမ်းမှာ ကျုပ်က ဆရာကြီး ဦးမင်းအောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု မေးလိုက်မိတယ်ဗျို့။

"ဆရာကြီး မှော်ဝင်တောင်သခင်မက လူလား၊ နတ်လား"

"လူပါ မောင်တာတေ၊ လူမို့လို့ ထုံကူးရတာပေါ့ မောင်တာတေရဲ့၊ ကျုပ်စိတ်ထင်ပြောရရင်တော့ မှော်ဝင်တောင်သခင်မဟာ ကမ္ဘာ့ပထမံပုဂ္ဂိုလ်တွေထဲက တစ်ယောက်ပဲ ဖြစ်လိမ့်မယ်ကွဲ့"

"ဪ...သခင်မက လူပဲကိုး"

"မောင်တာတေ ဒါထက် ပိုရှင်းအောင် ပြောရရင်တော့ ဒဿဂီရိရဲ့ မှော်ဝင်ကျမ်းကြီးကို ထိန်းသိမ်းထားရတဲ့ မဟာဂန္ဓာရီဝိဇ္ဇာမိုရ်မတစ်ပါးပေါ့ကွယ်"

ကျုပ်တို့တွေ မုဆိုးကြီး လုကျွာရဲ့အိမ်မှာ တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်စောစောမှာ ထပြီးပြန်ခဲ့ကြတာပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



မင်းကျန်းသိဒ္ဓိချ

## ခေါင်းတလားထဲမှ ထွက်လာသော ရုပ်ရှင်ကောင်

လပျောက်နေသည်မှာ ကြာလေပြီ။ လဆုတ်ရက်တွေ တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားသည်။ ကောင်းကင်တွင် ကြယ်ပြောက်ကလေးတွေ ဟိုတစ်စု သည်တစ်စုသာ စကားမဆို

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ဆိတ်ဆိတ် ရှိသည်။ လရောင်ကို မြင်တွေ့ဖို့ဆိုတာ တော့ ဝေးသေးသည်။

ည ၇ နာရီ ထိုးပြီဆိုတာနှင့် တစ်ရွာလုံး ငြိမ်သက်တိတ်ဆိတ်သွားသည်။ ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဝတ်တက်သံ သဲ့သဲ့သာ ထွက်ပေါ်နေသည်။

ပတ်ဝန်းကျင်သည် အမှောင်ထုအောက်တွင် နစ်မြုပ်နေသည်မှာ စုံးစုံးမြုပ်ပင်။ လေမတိုက်တော့ ပို၍အထီးကျန်ဆန်လှကာ ကြောက်မက်ဖွယ်အဆင်းကို ပို၍ဆောင်လာသည်။ စေးပျစ်ပျစ် အမှောင်ထဲတွင် အရာဝတ္ထုအားလုံးသည် ငြိမ်သက်နစ်မြုပ်နေခြင်းသည် တစ်လောကလုံး ကမ္ဘာတည်ခါစ အမှောင်ထု တိတ်ဆိတ်ခြင်းနှင့် မခြား။ တစ်နေ့လုံး လှုပ်ရှားရုန်းကန်နေကြသော ကျေးငှက်များ၏ အသံ၊ ယာခင်းထဲမှ ပဲနှုတ်၊ ပဲချွေ စီညံညံ အသံများသည် လုံးဝပျောက်ကွယ်လျက်ရှိ၏။ ယုတ်စွအဆုံး ညဥ့်ငှက်များ၏ အသံများပင် မကြားရ။ လေထုပင် ကင်းမဲ့လျက်ရှိသည့်လောကပေတကား။

သို့သော် ထိုကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေသောည၊ ဖွဖွ လွလွလရောင်က ကမ္ဘာမြေသို့ အလည်မရောက်သည့် ညဆီးနှင်း



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေသော အရာတစ်ခုက ရှိနေသည်။ အသက်ဝင်နေသော အရာတစ်ခု ရှိနေသည်။ မှောင်မိုက်နေသော ညကို အန်တုနေသော အရာတစ်ခု ရှိနေသည်။ မျိုးသိပ်မှုတွေနှင့် ပြည့်နှက်နေသော အရှာတစ်ခု ရှိနေသည်။

တဲအပြင်တွင်တော့ ခေါင်းတလားတစ်လုံး ရှိသည်။ ခေါင်းတလားထဲတွင်တော့ ဝိညာဉ်ချုပ်ငြိမ်းနေပြီဖြစ်သော မိန်းမ တစ်ယောက် လဲလျောင်းနေသည်။

□

ဦးရွှေတုတ်သည် အောက်လင်းဓာတ်မီးကိုဖြုတ်ကာ လေပေါင်ထိုးလိုက်သည်။ ဖြူဝင်းသော မီးရောင်သည် တဲရှေ့ ပတ်ဝန်းကျင်ကို လင်းထိန်သွားသည်။ ဝါးနှစ်ပြန်ထိတော့ အလင်း က ရောက်၍နေသေးသည်။ လေက တဝေါဝေါမြည်ကာ တိုက်နေ သည်။

အောက်လင်းဓာတ်မီးရောင်အောက်တွင် လူတစ်စု ငြိမ် သက်ကာ တစ်ခုခုကို အာရုံစူးစိုက်နေသည်။ လူငါးယောက်



www.burmeseclassic.com

www.burmeseclassic.com



စုထိုင်နေသော ဝိုင်းတစ်ဝိုင်း၊ လှငါးယောက် ဘေးဘက်မှ လူသုံးယောက်က ရံ၍ထိုင်နေသေးသည်။ လူအချို့ကတော့ ဖျာကြမ်းပေါ်တွင် အိပ်ပျော်နေကြလေသည်။ သူတို့သည် ဖဲချပ်များကိုကိုင်ကာ ထမင်းမေ့ ဟင်းမေ့ ကစားနေကြသူများပင်တည်း။ သားမေ့ မယားမေ့ တစ်လောကလုံးကိုပါ မေ့နေကြသူများတည်း။

အားလုံး တစ်ရွာတည်းသားချည်း၊ ဆွေမျိုးတော်ကြသူချည်းပင်။ သူစိမ်းအနည်းငယ်သာ ပါသည်။ သူစိမ်းဆိုတာလည်း တစ်ရွာတည်းသားချည်း ဖြစ်ကြကာ ဆွေမျိုးလို ဖြစ်နေကြပြီး ရပ်ဆွေရပ်မျိုးပေါ့။ အသုဘအိမ်မှာပင် အိပ်ကြ၊ စားကြ၊ ဖဲရိုက်ကြပေါ့။

ဖဲဝိုင်းသည် ပိုကာဝိုင်း ကစားနေခြင်းပင်။ သူတို့သည် အသုဘစောင့်ရင်း ဖဲဝိုင်းထောင်နေကြခြင်းပင်တည်း။ ဒါက ရပ်ရွာကျေးရွာ၏ ထုံးစံလို ဖြစ်နေပြီ။

ဖဲဒိုင်သည် သူကိုင်ထားသော ဖဲချပ်ထဲမှ မလိုသည့် တစ်ချပ်ကို အောက်လက်သို့ ပစ်ချလိုက်ရင်း တဲအပြင်ဘက် အမှောင်ထုထဲသို့ လှမ်းကြည့်လိုက်သည်။ သူသည် ဘာရယ်ညာရယ်မဟုတ် မရဲတရဲ လှမ်းမျှော်ကြည့်လိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရုတ်တရက် သူ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားကာ ခေါင်းနားပန်း ကြီးသွားသည်။ မျက်မှောင်ကြုတ်ကာ အမှောင်ထုထဲသို့ ပြန်၍ စိုက်သွားကာ ခေါင်းနားပန်းကြီးသွားသည်။ မျက်မှောင်ကြုတ်ကာ အမှောင်ထုထဲသို့ ပြန်၍စိုက်ကြည့်လိုက်မိသည်။ သူ့အကြည့်က မရည်ရွယ်ပါဘဲလျက် ခေါင်းတလားကြီးဆီသို့ ရောက်သွားခြင်း ဖြစ်သည်။

"ဘုရား…ဘုရား…ခေါင်းကြီးက လှုပ်လာသလိုပဲ"

သူသည် ကိုင်ထားသော ဖဲချပ်ဆယ့်သုံးချပ်ကို စုလိုက်ကာ ဖျာပေါ်သို့ အသာအယာ ပစ်ချလိုက်သည်။ ထို့နောက် တဲအပြင်သို့ ပြန်ကြည့်လိုက်ပြန်သည်။

ပတ်ဝန်းကျင်သည် ပကတိ ငြိမ်သက်လျက်ရှိသည်။ မိနစ်ပေါင်းများစွာ ငြိမ်သက်နေသော လေသည် ရုတ်တရက် တိုက်ခတ်လာလေသည်။ တဲအပြင်တွင် လှုပ်ရှားမှုမရှိဘဲ ပကတိ ငြိမ်သက်စွာ ရှိနေသည်။ ဒါပေမဲ့ ထူးခြားမှုတစ်ခု ရှိနေသည်။

သူသည် သက်ပြင်းကို ချလိုက်သည်။

ငါမျက်စိအမြင်မှားပြီး မြင်မိမြင်ရာတွေ လျှောက်မြင်တာ ဖြစ်မှာပါ။ လူသေက လူသေပဲလေ။ ဘယ်လိုလုပ် အသက်ရှင်


www.burmeseclassic.com

www.burmeseclassic.com


လာဦးမှာတုံး။ ဘယ်လိုလုပ် ငုတ်တုတ်ကြီး ထထိုင်မှာတုံး။ သရဲခြောက်ဖို့ နေနေသာသာ သူ့တောင် ဘယ်ဘဝရောက်နေမှန်း မသိ။ ဩော်…ဒေါ်မယ်ခ ဒေါ်မယ်ခ၊ သနားပါတယ်၊ အင်း… ပြီးတော့ ငါတစ်ယောက်တည်းမှ မဟုတ်တာ။ လူတွေအများကြီး ရှိတာပဲ။ ကြောက်စရာမလို။ သူ့အတွေး မဆုံးမီမှာပင်…

"ဟော့ကောင် ငစိုး ဆွဲလေကွာ၊ မင်းအလှည့် ဘာကြောင် နေတာလဲ"

သူ့ဘယ်ဘက်မှ ဖဲကိုင်က ပြောမှ သူ သတိဝင်လာကာ-

"ဩော်…အေး…အေး"

ဖဲတစ်ချပ်ကို ဆွဲယူလိုက်သည်။

ပတ်ဝန်းကျင်သည် ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။ ပတ်ဝန်းကျင်သည် ညဥ့်နက်လေလေ၊ တိတ်ဆိတ်မှုက ကျယ်လောင်လာလေဖြစ်သည်။ သစ်ရွက်ကို လေတိုးတိုက်သံ၊ သစ်ရွက်ချင်း ရိုက်ခတ်ကာ တဖျပ်ဖျပ်မြည်နေသော အသံသည် စိတ်ကို ထွေပြားစေသည်။ မြေတွင်းအောင်း ပုရစ်ကလေးများ၏ အသံကလည်း တစီစီပေါ်လာပြန်လေသည်။ ချောက်ချားထိတ်လန့်စရာ ညတစ်ညဟု ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် တဲအပေါ်မှ ဦးစံပ ဆင်းလာသည်။ ဦးစံပသည် ဒေါ်မယ်ခ၏ ခင်ပွန်းဖြစ်သည်။ ဦးစံပသည် ဖဲဝိုင်းဘက်သို့ တစ်ချက်မျှ ငဲ့စောင်းကြည့်ပြီး အမှောင်ထုထဲသို့ ထွက်သွားသည်။ လင်းလင်းကျင်းကျင်းရှိရန် မီးဖို၍ ဆင်းသွားခြင်းဖြစ်သည်။

စိုးသည် ကိုင်ထားသော ဖဲချပ်ကို အတွဲမတည့်သဖြင့် တစ်ချက်မျှ ညည်းညူကာ ထောင့်မှာကပ်ထားရင်း ဦးစံပကို လှမ်းကြည့်သည်။

ဦးစံပသည် တဲအပြင်အမှောင်ထုအောက်တွင် ပြင်ဆင်ထားသော အလောင်းစင်ကို တစ်ချက်လှမ်းကြည့်ကာ ... ား၊ နှမ်းရိုးများကို မီးရှို့ရန် စုပုံနေသည်။ ထို့နောက် မီးခြစ် ခြစ်က... မီးရှို့သည်။ မီးညွန့်ဝါဝါတွေ တဟုပ်ဟုပ်မြည်ကာ ထိုးတက်လာလေသည်။

မီးရောင်ကြောင့် ပတ်ဝန်းကျင်သည် ပို၍လင်းလာသည်။ မီးညွန့်ဝါဝါများသည် တဖျစ်ဖျစ်မြည်ကာ လူတစ်ရပ်မျှ မီးညွန့် တက်လာသည်။ ထိုအခါ စင်ထိုးထားသော အလောင်းစင်ကို ထင်ထင်ရှားရှား မြင်လာလေ၏။

စိုးသည် အလောင်းစင်ကို လှမ်းကြည့်လိုက်ပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်မယ်ခ
## အသက်(၅၀)နှစ်

သူသည် မီးရောင်ဖြင့် ထင်ထင်ရှားရှား မြင်ရသော ခေါင်းနံဘေးမှ ဆေးဖြူဖြင့် ရေးထားသော စာတွေကို မဝံ့မရဲ ဖတ်ရင်း သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်မိသည်။ ဖဲဝိုင်းသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိကာ ဝိုင်းသားအားလုံး၏ အာရုံသည် ဖဲချပ်များပေါ်တွင်သာ အာရုံလွှင့်လျက်ရှိသည်။ ဝိုင်းထဲ၌ ဆေးလိပ်သောက်သူ၊ ကွမ်းစားသူတွေ ရှိသည်။ ဆေးလိပ်မီးခိုးနံ့က ဝိုင်းထဲတွင် ဝေ့ဝိုက်လျက်ရှိသည်။ တစ်ယောက်တလေကတော့ ဝိုင်းအပြင်ဘက်ထွက်ကာ ကွမ်းတံတွေး ထွေးတတ်သည်။

ဖဲဝိုင်းကား ဖွဲ့ကောင်းလှသည်။ ဒေါ်မယ်ခ သေဆုံးသည့်ညမှစ၍ ဝိုင်းထောင်နေခဲ့ရာ ယနေ့ ဒုတိယမြောက်ဖြစ်သည်။ နောက်ထပ် ခုနစ်ရက်လည်သည့်ညတွင် ဖဲဝိုင်းက အသုဘစောင့် အဖြစ် ရှိနေဦးမည်။ ဖဲသမားတွေ အိမ်မပြန်ဘဲ ဖွဲ့ကောင်းကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com


ညကား တဖြည်းဖြည်း ထူထဲသိပ်သည်းစပြုလာသည်။ အမှောင်ထုထဲတွင် အရာဝတ္ထုအားလုံးသည် တစ်ပုံစံတည်း ဖြစ်နေသည်။ အမှောင်ထုအောက်တွင် နစ်မြုပ်နေကြပြီ။

ငစိုးသည် ဖဲချပ်များကို ကိုင်ထားသော်လည်း အာရုံက တစ်နေရာသို့ လွင့်ပါးလျက်ရှိသည်။ ဒေါ်မယ်ခနှင့် သူသည် တူဝရီးအရင်းခေါက်ခေါက် တော်စပ်သည်။ ငစိုးအစ်မ ဒေါ်မယ်မြနှင့် ဒေါ်မယ်ခသည် ညီအစ်မအရင်းဖြစ်ပြီး ဒေါ်မယ်ခက ငယ်ရွယ်သည်။ သို့သော် ရောဂါထူသည်။ ပန်းနာရင်ကြပ်ရှိသည်။ ပြီးတော့ အခြားရောဂါတွေကလည်း ရှိသေးသည်။ သွေးတိုး၊ ဆီးချို ရောဂါတွေက မခေါ်ဘဲ ရောက်လာကြသည်။

ဒေါ်မယ်ခ အသည်းအသန်ဖြစ်နေချိန်တွင် ဦးစံပက ငစိုးကို ပခုက္ကူမြို့ပေါ်တွင် နေထိုင်သည့် တစ်ဦးတည်းသမီးဖြစ်သူ ခင်စန်းရီကို သွားခေါ်ခိုင်းသည်။ မိခင်အသက်မီချင်လျှင် အလျင်အမြန်လာရန် သွားရောက်ခေါ်ခိုင်းခြင်း ဖြစ်သည်။ ငစိုး ပခုက္ကူ ရောက်တော့ အစ်မဝမ်းကွဲ ခင်စန်းရီ မရှိ။ ခရီးက လွန်နေသည်။ နောက်တစ်ရက်မှ ရောက်မည်ပြောသလို လူမမာအခြေအနေ မကောင်း၍ မြန်မြန်လာရန် မှာကြားပြီး ရွာသို့ ပြန်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ရွာရောက်တော့ ဗမာဆရာနှင့် ဆက်ကုသော်လည်း မရ။ ရောဂါက ကျွမ်းနေပြီ။

ရွာသို့ ငစိုးရောက်ပြီး ညမှာပင် ဒေါ်မယ်ခ ဆုံးရှာသည်။ သမီး ခင်စန်းရီ အသက်မမီလိုက်ရှာ။ ဒေါ်မယ်ခ ကွယ်လွန်သည်မှာ ယနေ့နှင့်ဆို နှစ်ရက်မြောက်ရှိလေပြီ။ ခင်စန်းရီ ရောက်မလာသေး။ ခရီးလွန်နေဆဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ်၊ တောခလေ့အတိုင်း အသုဘကို ငါးရက်ထားလေ့ရှိပေရာ အသုဘမြေမကျခင်ရက်တွင်တော့ ခင်စန်းရီ ရောက်လာနိုင်သည်။ ခရီးလွန်သော သမီးအမြန်ရောက်စေချင်လှပြီကော။

ဆွေမျိုးသားချင်းတွေက တစ်ဦးတည်းသမီး ခင်စန်းရီကို မျှော်လင့်နေကြသည်။ မိခင်အသက်အမီကို အားလုံးက စုံစုံညီညီ ရှိးစေချင်လှသည်။ မသေခင် လူစုံတက်စုံ ရှိစေချင်သည်။

"ငစိုး···ခင်စန်းရီ ဘယ်အထိများ ခရီးလွန်နေတာလဲကွာ"

ငစိုးသည် ဦးစံပကို တစ်ချက်လှမ်းကြည့်သည်။

"အိမ်မှာ သူ့ယောက္ခမနဲ့ပဲ တွေ့တယ် ဦးလေး၊ သူ့ယောကျ်ားနဲ့ ပါသွားတယ် ပြောတာပဲ၊ ကျွန်တော် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



မှာခဲ့ပါတယ်”

ဦးစံပသည် သက်ပြင်းချကာ မျက်ရည်ဝဲသွားသည်။ ရင်ကို ပြန်မကာ အသက်ရှူသည်။

“ဪ..သမီးလေး..သမီးလေး၊ အမေသေတာတောင် အသက်မမီတဲ့အပြင် သိတောင်မှ သိပါ့မလား၊ သူ့ယောက္ခမတွေ ကကော အချိန်မီ ပြောနိုင်ပါ့မလား”

ဦးစံပသည် အလှူညီးညီးတောက်လောင်နေသော ရင်ထဲမှ အပူသောကမီးကို သယ်ဆောင်ကာ နေပူကြဲကြဲထဲသို့ ထွက်သွားခဲ့သည်။ ယာရိုးတော၏ အပူကို ဂရုမစိုက်နိုင်။

စိုးသည် အတွေးစကို ဖြတ်ကာ သက်ပြင်းချသည်။ ဖဲကိုကောက်ကိုင်သည်။ အာရုံကို ဖဲချပ်တွေဆီသို့ ပို့လွှတ်ထား လိုက်မိသည်။ ဖဲဝိုင်းသည် ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။ ဖဲချပ်ဆွဲသံ၊ ပစ်ချသံမှလွဲ၍ ဘာသံမျှ မကြားရတော့ပေ။

❑

ညကား တဖြည်းဖြည်း အေးစက်ကာ နက်ရှိုင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပတ်ဝန်းကျင်တွင် တစီစီမြည်နေကြသော ပိုးပုရစ်ကောင်ကလေးများ၏ အသံက ပို၍ ပို၍ကျယ်လောင်လာသည်။ တစ်ခါတစ်ရံ ဟိုးခပ်ဝေးဝေး ယာခရီးတောစပ် ထန်းတောညှိညှိအောက်ဆီမှ မြွေဆိုးတစ်ကောင်၏ တွန်သံပြတ်ပြတ်ကို တရှိုရှို ကြားနေရသည်။ အစာဆာလောင်နေသော မြွေတစ်ကောင် ဖြစ်လိမ့်မည်။

တဲ၏အပြင်ဘက်ဆီတွင် ဆောင်းဦးလေပြည်သည် ရေခဲတမျှ အေးစက်ကာ တသုန်သုန်တိုက်ခတ်နေလေသည်။ လေထုထဲတွင် ယာနံ့၊ ပဲရိုးနံ့တွေက ကျေးလက်၏ အငွေ့အသက်တွေအဖြစ် ထုံမွှမ်းလျက်ရှိလေသည်။

တဲအလယ်တွင် ချိတ်ဆွဲထားသော အောက်လင်းဓာတ်မီး၏ အလင်းရောင်တွင် ပိုးကောင်ကလေးတွေ ဝေ့ဝိုက်ပျံသန်းနေကြသည်။ တဲရှေ့အလောင်းစင်၏ ခပ်လှမ်းလှမ်းဆီတွင် မီးဖိုက အရှိန်ကောင်းနေဆဲ။ ညဥ့်နက်လာလေလေ လေပြည်က ပို၍ ကြောက်မက်ဖွယ်အဆင်းကို ဆောင်လာသည်။ အောက်လင်းဓာတ်မီးအရောင်သည် အလောင်းစင်ရှိရာသို့ ရောက်နေသည်။ မီးဖိုဆီမှ အဝါရောင်မီးတောက်များသည် တလွန့်လွန့် တလူးလူး တွန့်လိမ်ကာ တောက်လောင်လျက်ရှိပြီး ကောင်းကင်သို့ ထိုးတက်လွင့်ပျံ



www.burmeseclassic.com

www.burmeseclassic.com



နေကြပေသည်။ မီးညှ့နံ့ဝါဝါများနှင့် အပြာရောင်မီးခိုးများ လွင့်ပျံ့ထိုးတက်နေပုံမှာ တောကြက်ဖအရိုင်းကောင်များ မြူးထူးကခုန်နေသည်နှင့်တူသည်။ မခြောက်သေးသည့် ထင်းအစိုများကလည်း မီးပုံထဲတွင် ပါဝင်သွားပေရာ တဖျစ်ဖျစ်မြည်လျက်ရှိသည်မှာ နာနာဘာဝအရိုင်းကောင်များ တီးတိုးစကား ပြောနေကြသလိုလို။

အေးမြသောလေသည် တသုန်သုန် တိုက်ခတ်လျက်ရှိသည်။ အသုဘကောင်ကား ဒုတိယမြောက်ရက်ဖြစ်ပြီမို့ အနံ့ဆိုးမထွက်ချင်သေး။ ဆောင်းဦးလေထဲတွင် မည်သည့်ဆိုးဝါးသောအနံ့မျှ ရောနှောပါဝင်မလာသည်ကပဲ ခပ်ကောင်းကောင်းမဟုတ်လား။

ဖဲဝိုင်းသည် တိတ်ဆိတ်လျက် ရှိသော်လည်း ဖဲချပ်များကပြန့်ကြဲလွင့်ပျံ့လျက်ရှိသည်။ စိုး၏အာရုံက တစ်နေရာဆီသို့ လွင့်ပျံ့သွားပြန်သည်။ သူသည် ရုတ်တရက် ဆေးလိပ်သောက်ချင်စိတ်ပေါ်လာကာ ဆေးပေါ့လိပ်တစ်လိပ်ကို ကောက်ကိုင်လိုက်စဉ်မှာပင် တဲခေါင်မိုးပေါ်မှ ညဥ့်ငှက်တစ်ကောင်၏ ဂီးခနဲ အလန့်တကြား အော်လိုက်သံကို ကြားလိုက်ရပေရာ လက်ထဲမှာ ကိုင်ထားသော ဆေးလိပ်ကို ယောင်ယမ်း၍ ပစ်ချလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပေါ်သို့ မီးပွားတွေ လွင့်စဉ်ကာ ဖွားခနဲ ဖြစ်သွားသည်။

"အား"

သူ့နှုတ်ဖျားမှ လေပူတစ်ချက် ရှူးခနဲ ထွက်သွားသည်။ တစ်ဆက်တည်းမှာပင် သူ့မျက်ဝန်းများက အလောင်းစင်ရှိရာသို့ လှမ်းကြည့်လိုက်သလို ဖြစ်သွားကာ...

"ဟိုက်"

လူသေခေါင်းထည့်ထားသော သစ်သားခေါင်းကြီး လှုပ်သွားသလို ခံစားလိုက်ရ၏။ သူ့ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်း၍ သွားကာ ခြေဖျားလက်ဖျားတွေ တဆတ်ဆတ် တုန်ခါသွားလေသည်။ သူ နောက်တစ်ကြိမ် လူသေခေါင်းကို လှမ်းကြည့်လိုက်ပြန်တော့ ပကတိငြိမ်သက်လျက် အေးမြသော လေထုအောက်ကွင် နှစ်မြုပ်လျက်။

"လေတိုက်လိုက်လို့ပဲလား၊ ငါ့အမြင်မှားတာပါပဲလေ၊ အင်း...ညဥ့်တောင် တော်တော်နက်လာပြီ၊ ဆယ့်နှစ်နာရီလောက် ရှိပြီ ထင်ပါရဲ့၊ အိပ်ချင်မူးတူးနဲ့မို့ စိတ်က ထင်ယောင်ထင်မှား ဖြစ်တာပါ။ ဒေါ်မယ်ခက သေနေပြီပဲ၊ ဘယ်လိုလုပ် ရှင်လာမှာတုံး၊ ပုပ်တောင်မှ ပုပ်တော့မယ့်ဟာ"



www.burmeseclassic.com

www.burmeseclassic.com


ဇော်းသည် ဖဲချပ်တွေကို ကိုင်ထားသော်လည်း အာရုံက တခြားနေရာသို့ လွင့်မျောနေသည်။ လက်ထဲမှာ ကိုင်ထားသော ဖဲချပ်တွေ၏ အတွဲတွေကလည်း မှားယွင်းနေသည်။ အမြီး အမောက် မတည့်ကြတော့။

သူ့စိတ်အစဉ်က တခြားတစ်နေရာသို့ ဆက်၍လွင့် မျောနေပြန်သည်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်ခန့်ကပေါ့။

တစ်ဖက်ရွာမှာ ထူးဆန်းကြောက်လန့်စရာကောင်းတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့တာလေ။ ပူပူနွေးနွေး ရှိသေးရဲ့။ မနေ့ တစ်နေ့က ဖြစ်ပျက်သလို လူပြောများနေကြတုန်းလေ။

ဥတိုဆိုတဲ့ အရက်ချိုးတစ်ကောင်ကို မြွေကိုက်လိုက်တာ သေပါရောလား။ မြွေမှ မြွေပွေး၊ လက်မောင်းလောက် ရှိတယ်ဆို ပဲ။ ဒီကောင်သေတော့ ရွာလေ့ ရွာထုံးစံအတိုင်း ရွာစပ်မှာ အလောင်းစင်နဲ့ပြင်ပြီး ကာလသားတွေ အသုဘစောင့်ကြတယ်ဆို ပဲ။ တစ်ညတော့ ရက်မလည်ခင် အလောင်းမြေမကျခင် ဆိုပါ တော့၊ ညဘက် သန်းခေါင်ကျော်လောက်မှာ လင်ကောင်ပိုးငှက် ဆိုးကြီးတစ်ကောင်က အလောင်းကောင်ဥတိုရဲ့ ရင်ဘတ်ပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com


ခုန်တက်ပြီးနား၊ ပြီးတော့ ချက်ချင်းပဲ ပျံထွက်သွားတယ်ဆိုပဲ။

သိပ်မကြာပါဘူးဗျာ၊ ပက်လက်ကြီးဖြစ်နေတဲ့ ဥတို အလောင်းကောင်ကြီးဟာ ပါးစပ်ကြီး လှုပ်စိလှုပ်စိ ဖြစ်လာပြီး ထထိုင်ပါလေရော။ အလောင်းကောင်ကြီးက ခြေဆင်းပြီး ထထိုင် နေတာ။ အမယ်လေး ကြောက်စရာကြီး၊ ကျောချမ်းလိုက်ပါဘိသ နဲ့။

အဲဒီအချိန်မှာ အလောင်းကောင်ကြီးက အဝတ်အစားတွေ ကို တစ်စစီ ချွတ်ချွာနေပြီဆိုရင်ပဲ သတ္တိကောင်းပါပြီဆိုတဲ့ ရွာခံ လူမိုက်တွေ သူရဲကောင်းတွေ လက်လွတ်ကိုယ်လွတ်၊ တချို့လုံချည် တောင် မဝတ်နိုင်ဘူး။ ရွာထဲဝင်ပြေးကြတာ။ အပမှီတာလေ၊ အပမှီတာ။ တချို့ကလည်း ဖုတ်ဝင်တာတဲ့။ အပမှီတာနဲ့ ဖုတ်ဝင် တာ အတူတူပဲ မဟုတ်လားဗျာ။

နောက်တော့ ရွာထဲက အထက်ဂိုဏ်းဆရာ ရောက်လာပြီး ဂါထာတွေ၊ ရေမန်းတွေ မန်းမှုတ်ပက်ဖျန်းမှ အလောင်းကောင်ကြီး ပြန်လဲကျသွား...သွား...ဟင်...ဘာ...ဘာ...ဖြစ်...။

"ဒုန်း"

ပြန်-လဲ-ကျ-သွား-ပွား-ပွား-ပွား-အောင်မယ်လေး


www.burmeseclassic.com

www.burmeseclassic.com


ဗျန့်…

"အား"

"အမယ်လေးဗျာ"

မြင်လိုက်ရသည့် မြင်ကွင်းကြီးကြောင့် ပထမဦးဆုံး အာမေဋိတ်သံတွေ ထပ်ဆင့်ထွက်လာသူမှာ ငစိုး။ ငစိုးသည် လက်ထဲမှ ဖဲချပ်တွေကို ယောင်ယမ်းကာ လွှတ်ချလိုက်သည်။

ဒုန်းဆိုသော အသံကြီး ပထမဦးဆုံး ကြားလိုက်ရပြီး တဲရှေ့မှ ခေါင်းတလား၏ အဖုံးကြီးသည် ရုတ်တရက် ပွင့်သွားလေသည်။ ထို့နောက် လက်ကြီးနှစ်ဖက် ကိုရိုကားရားထွက်လာပြီး ခေါင်းဖုံးကြီးကို ရုတ်တရက် တွန်းလှန်လိုက်လေ၏။ ထို့နောက် ခေါင်းဖုံးကြီး ပြုတ်ကျသွားသည်။

"ဝှမ်း…ဒုန်း"

"အောင်မယ်လေးဗျ"

"သရဲ"

"သရဲခြောက်ပြီဗျို့"

ဖဲဝိုင်းထဲမှ ဖဲသမားငါးယောက်သည် အသံလာရာ ခေါင်းတလားကြီးဆီသို့ ပြိုင်တူအသီးသီး လှည့်ကြည့်ကြလေ


www.burmeseclassic.com

www.burmeseclassic.com


လက်ထဲမှာ ကိုင်ထားသော ဖဲချပ်များကို တိုင်ပင်ထားသည့်အလား အသီးသီး ပစ်ချလိုက်ကြသည်။ သူတို့၏ မျက်နှာအသီးသီးတွင် လွှန်မင်းစွာ အံ့ဩတုန်လှုပ်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းများဖြင့် ထရမလို ထိုင်နေရမလို ချီတုံချတုံ ဖြစ်နေကြပြီးလျှင် အံ့ဩတုန်လှုပ်မှုများဖြင့် ကြောင်အ,ကာ စကားမဆိုနိုင်ကြတော့။ သူတို့သည် တုန်ယင်နေလေသောဒူး၊ တထိတ်ထိတ်ခုန်နေသောရင်၊ တဂတ်ဂတ်ရိုက်ခတ်နေကြသော မေးရိုးကြီးများသည် သားသတ်ရုံမှ ဘဲငန်းများနှင့် တူနေသည်။ လည်တံများကို ဆန့်ကာ အထိတ်ထိတ်အပျာပျာ ဖြစ်နေကြလေသည်။

သူတို့အားလုံး ရင်ထဲမှာ ဘာကိုမျှ သတိမရတော့ဘဲ ရင်ထဲမှာ ဗလာဟင်းလင်းပင် ဖြစ်သွားကြလေပြီ။ လှုပ်လှုပ်ရှရှ ဖြစ်သွားကြလေပြီ။

သူတို့အားလုံး ခန္ဓာကိုယ်များကို ပူးကပ်လိုက်ကြသည်။ ခပ်လှမ်းလှမ်း မီးဖိုဆီမှ မီးညွန့်ဝါဝါများကလည်း တဟုန်းဟုန်းတောက်လောင်၊ တဖျစ်ဖျစ်မြည်သံများကလည်း စည်းဝါးလိုက်ပေးသလို ရှိသည်။ ထိုစဉ် တဲအနောက်ဘက်ဆီမှ သရက်ပင်ကြီးတွင် အိပ်တန်းဝင်နေကြသော ဖျိုင်းများသည် တဂီးဂီး တဂတ်ဂတ်


www.burmeseclassic.com

www.burmeseclassic.com


ဖြင့် နှုတ်သီးချင်းရိုက်၊ တောင်ပံတွေ တဖြန်းဖြန်းခတ်ကာ လှုပ်လှုပ်ရွရွ ဖြစ်လာကြလေပြီ။

ခေါင်းတလားထဲမှ လူသေကောင်ကြီးက ခေါင်းအဖုံးကြီးကို လက်ဖြင့် တွန်းဖယ်လိုက်ရာ ခေါင်းအဖုံးကြီး မြေပြင်ပေါ်သို့ ကျိုးကြေကားရား ကျသွားသည်နှင့် အသုဘစောင့် ဖဲဝိုင်းမှ ပုဂ္ဂိုလ်များလည်း အဆင်သင့်ဖြစ်နေကြလေပြီ။ ထွက်ပြေးရန်။

"ဝုန်း"

သူတို့အားလုံး အလန့်တကြား လှမ်းကြည့်နေဆဲမှာပင် ခေါင်းတလားထဲမှ အလောင်းကောင်ကြီးသည် ခေါင်းပျဉ်နှစ်ဖက်စွန်းကို လက်နှစ်ဖက်ဖြင့် တုန်တုန်ယင်ယင် ဆုပ်ကိုင်ကာ ငုတ်တုတ်ကြီး ထထိုင်လိုက်လေသည်။ လဲပြိုတော့မလို ယိမ်းထိုးနေလေသည်။

"ဟိုက်...ရှားဘား"

"အမေရေ...ကယ်ပါ"

"ဘုရား...ဘုရား...ဘုရား"

"အား"

"ဦး...ဦး...စံပ...လုပ်...လုပ်ပါဦး"


www.burmeseclassic.com

www.burmeseclassic.com



ဖဲပိုင်းထဲမှ ပိုင်းတော်သားများ၏ အသံများ စီစီညံညံ ထွက်ပေါ်လာလေပြီကော။ ဖဲဒိုင်ကျော်မြိုင်သည် ပြန့်ကြဲနေသော ဖဲချပ်တွေကို တက်နင်းကာ လုံချည်ကို ဒူးခေါင်းအထက် ခပ် တင်းတင်းဝတ်ထားကာ ပြေးလမ်းကို ကြည့်ထားသည်။

ကျော်မြိုင် လက်ထိပ်ခွဲထိုင်သော အာလူးသည် ဆေးလိပ် ခွက်နှင့် ဆေးလိပ်အတိုအထွာအပေါင်းများကို အယောင်ယောင် အမှားမှားဖြင့် ခါးပုံစထဲ ထိုးထည့်နေလေပြီ။

ရွာ၏ သူရဲကောင်း ပါလေရာ ငါးပိချက် လူမိုက်ဟု တစ်နယ်လုံး၊ တစ်ရွာလုံး ကြောက်ဖျား ဖျားနေကြရသည့် သံဂေါလီ သည် ကုန်းကုန်းကွကွကြီးလုပ်ကာ တာတိုအပြေးသမား တာ ထွက်ခါနီး ဟန်ပြင်သကဲ့သို့ လေးဖက်ကြီးထောက်ကာ လွတ် လမ်းကို ရှာဖွေနေသည်တကား။

ကျန်သည့်ဖဲသမားများလည်း ပုဆိုးပြင်ဝတ်သူဝတ်၊ ပိုက်ဆံသိမ်းသူသိမ်း၊ တလှုပ်လှုပ် တရွရွ ဖြစ်နေကြလေပြီ။ ပြေးပေါက်၊ ပြေးလမ်း လွတ်ရာလွတ်ကြောင်းကို ရှာဖွေနေကြလေ ပြီကော။

"လုပ်...လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ငစိုးသည် အယောင်ယောင်အမှားမှားဖြင့် ပိုက်ဆံတွေကို စုစည်းကာ ခါးပုံစထဲ ထည့်နေစဉ်မှာပင် အလောင်းကောင်ကြီး၏ မျက်နှာသည် မီးအလင်းရှိရာ ဖဲဝိုင်းဆီသို့ လှည့်ကြည့်လိုက်လေရာ...

"အမယ်လေးဗျ၊ ဖုတ်မကြီး"

ပြည်တွင်းဖြစ် ရွာကျော်လူမိုက်ကြီး သံဂေါ်လီသည် ဝမ်းခေါင်းသံကြီးဖြင့် အမယ်လေးတ,ကာ ထွက်ပြေးမည်ပြုရာ ငစိုးက ဆွဲထားရသည်။

အလောင်းကောင်ကြီးသည် ငုတ်တုတ်ထထိုင်ရာမှ ဟီးခနဲ တစ်ချက်ရယ်လိုက်လေရာ အားလုံးလန့်ဖျပ်ကုန်လေသည်။

"ဟိုက်"

"ရွာတော့ပျက်ပြီ"

"ကယ်တော်မူပါဘုရား"

"လူသေကောင်ကြီး အပမှီလာပြီ"

အာလူး၏လက်ထဲမှ မီးခြစ်သည် ချွေးစေးဖြင့်ချော်ကာ လွင့်စဉ်ကျသွားသည်။ ငစိုး၏ရင်ထဲမှ ဆင်ခြင်တုံတရားသည် ခနောက်ကိုယ်ပြင်ပသို့ လွင့်စဉ်သွားကာ နှလုံးခုန်သံသည် ရှာ...ရှိ



www.burmeseclassic.com

www.burmeseclassic.com


စပါးကြိတ်စက်မှ ဗြိုင်လာအိုးဟောင်းကြီးလို တဗုန်းဗုန်း မြည်ဟိန်း လာလေတော့သည်။ ဆက်ပဲထိုင်ရမလို၊ ရှာထဲပဲ ထွက်ပြေးရမလို ချီတုံချတုံ ဖြစ်နေသည်။

အလောင်းကောင် ဒေါ်မယ်ခ၏ မျက်နှာကြီးသည် အိမ်ဘက်သို့ တစ်ချက်လှည့်ပြီး ဟီးခနဲ ရယ်သံသည် ရပ်မသွားဘဲ ဆက်၍ တဟီးဟီး ရယ်လေတော့သည်။ အသက်ဝိညာဉ်ချုပ်ပြီးခြင်း ရပ်ရှာခလေ့အတိုင်း အလောင်းကို ရေချိုးသန့်စင် အဝတ်ကောင်းအစားကောင်းများ ဝတ်ဆင်၊ သူကြိုက်တတ်သည့် နံ့သာဖြူ သွေးကာ မျက်နှာတစ်ပြင်လုံး ဖွံ့ဖွံ့ဖွေးဖွေး ဖွေးဖွေးပုံ လိမ်းကျံထား ပေးသေးသည်။

ထိုအခါ အလောင်း၏ မျက်နှာပြင်သည် နံ့သာဖြူ သနပ်ခါးကြောင့် အပေါ်ယံအရေပြားတွေ တင်းမာနေသည်။ အလောင်းကောင်သည် တဲဆီဘက်သို့သာ စူးစူးစိုက်စိုက်ကြည့်ပြီး မျက်နှာပြင်ကို ရှုံ့ချည်ပွချည် လုပ်နေပေရာ ပြောင်ပြ ခြောက်လှန့်ပြသလို ဖြစ်နေရာ ဖဲသမားများမှာ အလန့်တကြားဖြင့် တစ်ယောက်နှင့် တစ်ယောက် ပွေးကပ်လိုက်ကြလေသည်။ အလောင်းကောင်ကြီးသည် ခုန်ချတော့မလို ကုန်းကုန်းကြီး ဖြစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား...ဘုရား"

"ဒုက္ခပါပဲ"

"ဖုတ်ဝင်လာပြီ"

"ကယ်တော်မူပါဗျို့"

အလောင်းကောင်ကြီး ဒေါ်မယ်ခသည် ငုတ်တုတ်ထ ထိုင်နေရာမှ သူမခန္ဓာကိုယ်ပေါ်ရှိ လွှမ်းခြုံထားသော မျက်နှာသုတ်ပဝါနှင့် လက်ကိုင်ပဝါများကို ဆွဲယူကာ ဒေါသတကြီး လွှင့်ပစ်နေလေသည်။ ဖဲသမားအုပ်စုကို တစ်ချက်ထောင်ကြည့်ကာ...

"တောက်...ရှုပ်နေတာပဲ"

"ဟိုက်...ရှုပ်နေတာပဲလို့ ပြောတယ်ဟေ့၊ ငါတို့ကိုလား မသိဘူး"

ကျော်မြိုင်ဆီမှ အလန့်တကြားအသံ...

"ဟုတ်တယ်၊ ငါတို့ကို ရှုပ်နေတာလို့ ပြောတာ"

"လစ်ကြမယ်ဟေ့"

"နေပါဦးဟ၊ ထွက်ပြေးရင် ငါတို့ သိက္ခာကျတယ်"

"ဟုတ်တယ်"

"ပူလိုက်တာ၊ ရေ...ရေ...ရေ...တစ်ခွက်လောက်"



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကောင်ကြီးဆီမှ ဗီဗီသသ ထွက်ပေါ်လာသော အသံ။ သို့သော် မည်သူမျှ တုတ်တုတ်မျှ မလှုပ်။ ပြည်တွင်းဖြစ် သူရဲကောင်း ယောက်ျားများသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြေးလမ်းကိုသာ ရှာဖွေနေကြဆဲ။

ဒေါ်မယ်ခအလောင်းကောင်ကြီး၏ မျက်နှာပြင်မှ နံ့သာဖြူ သနပ်ခါးဖွေးဖွေးသည် အောက်လင်းမီးအလင်းရောင်အောက်ဘက် တွင် ဖွေးဖွေးဖြူဖြူ ဖြစ်နေပြီး ထူထူပိန်းပိန်း လိမ်းထားသဖြင့် မျက်နှာပြင် အရေပြားများ တင်းနေကာ မျက်နှာကို ရှုံ့ချည်တွန့် ချည် ပြုလုပ်နေပေရာ ဖဲသမားအုပ်စုကို ပြောင်ပြသကဲ့သို့ ရှိသည်။

ငစိုးသည် အလောင်းကောင်ကြီးကို မဝံ့မရဲ စိုက်ကြည့် နေရာမှ တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်း ဖြစ်လာပြီး ဆံပင်ဘုတ်သိုက် ကြားမှ ပုရွက်ဆိတ်တွေ တရွရွ လှုပ်ရှားလာသကဲ့သို့ ခံစားလာရ သည်။ သူသည် လေဖြတ်သကဲ့သို့ ကြောင်ငေးငေး မပီမသ ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့်...

"အ...အ...အဒေါ်ကြီး...မယ်...မယ်ခလား"

အယောင်ယောင်အမှားမှား စကားမှ နှုတ်ဖျားမှ ကျွံကျ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကောင်ကြီးသည် အသံလာရာသို့ တစ်ချက်လှမ်းကြည့်လိုက်ကာ…

"ဘယ်သူလဲ၊ မောင်လေး ငစိုးလား၊ မောင်လေး"

ငစိုးမှာ ရုတ်တရက် လေဖြတ်သူလို လန့်ဖျပ်သွားကာ အာလူး၏ခါးကို ပြေး၍ဖက်လေသည်။ ဒေါ်မယ်ခအလောင်းကောင်ကြီးက သူ့ကို မောင်လေးတဲ့။ အမှန်တော့ ဒေါ်မယ်ခနှင့်သူသည် တူဝရီး အရင်းခေါက်ခေါက် တော်ပေသည်။ သူ့မိခင် ဒေါ်မယ်မြနှင့် ဒေါ်မယ်ခက ညီအစ်မအရင်းခေါက်ခေါက် မဟုတ်လား။ ယခုတော့ ဒေါ်မယ်ခအလောင်းကောင်ကြီးသည် သူ့ကို မောင်လေးဟု ခေါ်နေလေပြီကော။ မောင်လေးတဲ့ ငစိုးသည် ခြေဖျားလက်ဖျားမှ ချွေးစေးတွေ ပျံ့လာသည်။

"ဘုရား…ဘုရား…သရဲမကြီးက ငါ့ကို မောင်လေးတဲ့၊ ဘုရား…ဘုရား…ငါ့ကို မောင်လေးတဲ့"

ငစိုးသည် အစာဆာလောင်နေသော တောဘဲင်န်းအိုကြီးလို နူတ်ခမ်းနှစ်လွှာသည် လှုပ်စိလှုပ်စိ ဖြစ်လာကာ မပီမသ အိုးတိုးအတလေသံဖြင့်…

"ဦးစံပရေ…အဘ ဦးစံပ လုပ်ပါဦးဗျို့၊ ဒီမှာ ဒေါ်မယ်ခ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကောင်ကြီး ဖုတ်ဝင်လာပြီ၊ လာပါဦး"

ငစိုးသည် သံကုန်ဟစ်၍ အော်လေသည်။ ငစိုး၏ ထိတ်လန့်တကြား ဝမ်းခေါင်းသံကြီးသည် အကြီးစားစက်ရုံတစ်ရုံမှ အရေးပေါ် ဥသြဆွဲလိုက်သောအသံကြီးကဲ့သို့ တိတ်ဆိတ်နေသော ညဥ့်ယံကို ကမ္ဘာပျက်မတတ် ပေါ်ထွက်သွားလေသည်။

ထိုအခါ အိမ်ပေါ်တစ်နေရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန်ရှိသော ဦးစံပသည် 'ဘာလဲ ဘာလဲ' ဟူသော ကယောင်ကတမ်း ယောင်ယောင်မှားမှား လေသံဖြင့် လုံချည်ဖြင့်မဝတ်နိုင်ဘဲ ဖိုးရိုးဖားရား ကပိုကရိုဖြင့် နေအိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာလေသည်။ ကမ္ဘာ့စံချိန် အသာကလေးချိုးလောက်သည့် ခုန်ချပုံမျိုးဖြစ်သည်။

ဦးစံပသည် ဖိနပ်ချွတ်ဆင့်ကို ရောက်သည်နှင့် ရှေ့ဆက်ခြေမလှမ်းနိုင်တော့ဘဲ မြင်လိုက်ရသည့် မြင်ကွင်းတွေကြောင့် ကြောင်အအေးမောကာ ပါးစပ်အဟောင်းသားနှင့် သတိလစ်သကဲ့သို့ ဖြစ်နေလေသည်။ သူသည် ဗိုသီဖတ်သီ ဖြစ်နေသော လုံချည်ကို ပြင်ဝတ်လိုက်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်နေသော ဖဝိုင်းအုပ်စုကိုလည်းကောင်း၊ ခေါင်းတလားကြီးထဲမှ ငုတ်တုတ်ထထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



စနီးသည် ဒေါ်မယ်ခကိုလည်းကောင်း မြင်လိုက်ရသည်နှင့် လွန်မင်းစွာ အံ့ဩတကြီး ထိတ်လန့်သွားကာ လောဘကြီးသော မိကျောင်းကြီး အစာနင်နေသည့် လေသံမျိုးဖြင့်…

“မယ်…မယ်…မယ်…ခ”

ဦးစံပသည် စပါးစေ့ကို အလုအယက် ကောက်မျိုနေသော အမွေးပြောင်နေသော တိုက်ကြက်ဖအိုကြီး၏ လည်တိုင်နှင့်တူသည့် သူ၏လည်ပင်းပိန်ပိန် မည်းခြောက်ခြောက်ကြီးကို ရှေ့သို့ တစ်ထွာခန့်ငေါကာ အထစ်ထစ် အငေါ့ငေါ့ ပြောလေသည်။

“နင်…နင်…နင်”

ဖဲဝိုင်းမှ သူရဲကောင်းများ၏ မျက်နှာများက ဦးစံပဆီသို့ လှည့်လာကြသည်။ ကျော်မြိုင်သည် လူအုပ်ကြားမှ အသာတိုး ထွက်လာလေ၏။ မဝံ့မရဲ ထွက်လာခြင်းဖြစ်သည်။

“ဦးစံပ…ဦးစံပ…ဒေါ်မယ်ခကြီး အပမှီလာပြီဗျ၊ လုပ်ပါဦး”

ဦးစံပသည် ကျော်မြိုင်စကားကို ဂရုမစိုက်နိုင်။ ခေါင်းတလားထဲမှ ငုတ်တုတ်ထထိုင်နေသော ဒေါ်မယ်ခ၏ ဖြူဖွေးဖွေး ပြောင်ပြောင်မျက်နှာကြီးကို ကြည့်ကာ…

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…မယ်ခ…မယ်ခ၊ နင်…နင်…နင်…မသေဘူး
နော်"

ဒေါ်မယ်ခ ရုပ်အလောင်းကောင်ကြီးသည် ဦးစံပကို
ပြူးကျယ်သော မျက်လုံးများဖြင့် စူးစိုက်ကြည့်လေသည်။
ထို့နောက် လျှာကြီးကို အပြားလိုက်ထုတ်ကာ…

"ဟီ…ဟီ…ဟီ…ဟီ"

ဖဲသမားအုပ်စုသည် တစ်ယောက်မျက်နှာ တစ်ယောက်
ကြောင်စီစီကြည့်ကာ ခပ်ရှုံ့ရှုံ့ဖြစ်သွားပြန်သည်။ ရုပ်အလောင်း
ကောင်ကြီးသည် တဟီးဟီး ရယ်နေပြန်သည်။ ရယ်ရင်းနှင့်…

"အဟွတ်…ဟွတ်…အဟွတ်…ဟွတ်"

ရုပ်အလောင်းကောင်ကြီးသည် တဟွတ်ဟွတ် ချောင်းဆိုး
ကာ…

"ဟွတ်…ဟွတ်…အဖေ…အဖေ…အဖေ"

ဦးစံပသည် ကြောင်စီစီဖြစ်သွားသည်။ မျက်လုံးကြီး
ပြူးကျယ်လာသည်။

"ဟဲ့..ဘယ်လိုဖြစ်တာတုံး၊ မယ်ခရဲ့၊ ငါ နင့်ယောက်ျား
စံပလေ၊ စံပ နင် မမှတ်မိတော့ဘူးလားဟင်၊ မယ်ခ ငါ သိပ်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



သာတယ်၊ မယ်ခ နင် အသက်ပြန်ရှင်လာတာ ငါ သိပ်ဝမ်းသာတာပဲ၊ ဘုရားမတာပဲဟော့၊ အမယ်လေး မယ်ခရဲ့"

အလောင်းကောင်ကြီးသည် ခေါင်းကို တသွင်သွင် ယမ်းခါနေသည်။ ထိုစဉ် ခေါင်းတလားအလောင်းစင်နံဘေးရှိ သစ်ပင်အိုကြီးဆီမှ တောကျီးကန်းတွေ တအာအာမြည်ကြွေးကာ လန့်ဖျပ်နိုးထလာကုန်လေပြီ။ ကြက်သားအုပ်မသည် ဝပ်ကျင်းကမ္ဘာပျက်သည့်ပမာ ဟိုသည်ပြေးလွှားနေပြီ။

ငှက်များသည် တောင်ပံတဖြန်းဖြန်းရိုက်ကာ ထပျံသည့်အကောင်က ထပျံ၊ တလူပ်လူပ် တရှုရှုဖြစ်သည့်အကောင်ကြီးကဖြစ်၊ တစ်ကောင်နှင့် တစ်ကောင် တိုးဝှေ့ကြကုန်သည်။ နှစ်ကောင်သုံးကောင်က ရုတ်တရက် ထပျံသွားသည်။

"အဖေ...အဖေ...အဖေ"

အလောင်းကောင်ကြီးသည် ဦးစံပကို လက်ညှိုးထိုးကာ အဖေ...အဖေဟု ခေါ်လေတော့သည်။ ဦးစံပသည် အလန့်တကြားကြောင်စီစီဖြစ်နေသည်။ မျက်လုံးပြူးကြည့်နေရသည်။

"ဟာ...မယ်ခ၊ ငါ နင့်ယောက်ျားပါဟဲ့၊ ဘယ်လိုဖြစ်တာတုံး၊ ငါ နင့်ယောက်ျားလေဟယ်၊ ငါ စံပလေ၊ စံပပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ် အဖေလို့ ခေါ်နေတာတုံး"

ဒေါ်မယ်ခ အလောင်းကောင်ကြီးသည် ခေါင်းဖျဉ်နှတ် ခမ်းကို ကိုင်ကာ ဒယီးဒယိုင်ဖြင့် ဦးခေါင်းကြီးကို ယမ်းခါနေလေသည်။ ခေါင်းကြီးက လှုပ်နေသည်။

"ဟင်…အဖေ…အဖေ၊ ဘယ်မလဲ အမေ၊ ဘယ်မလဲ အမေ"

အားလုံး ကြောင်စီစီဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြကုန်သည်။

"အမေ…အမေ"

ဦးစံပသည် မျက်လုံးကြီး အဆမတန် ပြူးထွက်လာသည်။ လည်တိုင်ရှည်ငေါငေါကြီးသည် သွေးကြောကြီးများ ထောင်ထလာကာ…

"မယ်ခအသံက တစ်မျိုးဖြစ်နေပါလား၊ ဒါ မယ်ခအသံ မဟုတ်ဘူးဟေ့"

သည်အခါကျမှ ဝိုင်းတော်သားများ သတိဖြစ်ကြသည်။ ဒေါ်မယ်ခ၏ အသံသည် ပုံမှန်မဟုတ်ဘဲ အသံပြောင်းနေသည်။ လူငယ်အသံပေါက်နေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အပမှိုပြီး အသံတွေပြောင်းနေပြီဗျ၊ ဂျွန်တော့်ကိုလည်း ဒေါ်မယ်ခကော မောင်လေးတဲ့ဗျို့၊ အလောင်းကောင်ကြီးက မောင်လေးတဲ့၊ အသံလည်း ပြောင်းနေပြီ၊ ဟင့်… ဟင့်…ဟင့်…ဘာတွေဖြစ်ကုန်ပြီလဲ"

ကျော်မြိုင်နှင့် သံဂေါလီသည် ပြိုင်တူလိုပင်…

"ဟုတ်တယ်ဗျို့၊ ဟုတ်တယ်၊ ကြီးတော်မယ်ခအသံ မဟုတ်ဘူး"

"အသံပြောင်းသွားပြီ၊ ပြောင်း…ပြောင်း"

ကျော်မြိုင်သည် ခေါင်းတလားထဲတွင် ကုန်းကုန်းကွကွ ကြီးဖြစ်နေသော ဒေါ်မယ်ခအလောင်းကောင်ကြီးကို အထိတ်တလန့်ကြည့်ကာ စကားတွေထစ်နေသည်။ ဦးစံပသည် ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား ဝေခွဲမရဟန်ဖြင့် ကြောင်စီစီ အထိတ်တလန့်ဖြစ်ရင်း ကယောင်ကတမ်းဖြင့် ရေရွတ်ပြန်လေသည်။

"မယ်ခ…မယ်ခ…နင် အသက်ပြန်ရှင်လာပြီ မဟုတ်လား"

အလောင်းကောင်ကြီးသည် မီးရောင်အောက်တွင် ဝါ



www.burmeseclassic.com

www.burmeseclassic.com


ကျင်ကျင် ကွမ်းချိုးစွဲနေသည့် သွားကြီးများကို အစွမ်းကုန်ဖြဲကာ ကုန်းထနေသည်။ ထိုအခါ အလောင်းစင်သည် ယာယီသဘောမျိုးသာ ပြုလုပ်ထားရကာ ခနီးခနဲ့ ဖြစ်လာသည်။

"အဖေ…အဖေ…ဘယ်မလဲ၊ အမေ၊ ဘယ်မလဲ အမေ၊ အသက်မီချင်ရင် မြန်မြန်လာခဲ့၊ လိုက်ခဲ့ဆိုလို့ ကျွန်မ လိုက်လာတာလေ၊ ခုတော့ ကောင်းကြသေးရဲ့လားဟင်၊ ကျွန်မ ခရီးလွှန်နေတာ အဖေရဲ့၊ ကျွန်မနဲ့ တာတီးနဲ့ အတူတူလာတာ အဖေရဲ့၊ ခု တာတီး ဘယ်မှာကျန်ရစ်ခဲ့မှန်းတော့ မသိဘူး အဖေ"

ငစိုးသည် အလန့်တကြား ချွေးပျံနေရသည့်အထဲ အပကောင်ကြီးက အသိစိတ်မဲ့ လည်ပင်းကြီးလိမ်၍ ပြောနေပေရာ ကြောင်စီစီ ဖြစ်သွားပြန်သည်။

"ဒေါ်မယ်ခအသံ မဟုတ်ဘူး၊ မခင်စန်းရီအသံပဲဗျို့"

ထိုအခါမှ ငစိုးသည် ပြူးတူးပြဲတဲ ဖြစ်လာကာ ဗလုံးဗထွေး လေသံဖြင့်…

"ဟုတ်တယ်၊ မခင်စန်းရီအသံပဲဗျ၊ သူ့သား တာတီးလည်း ပါတယ်၊ ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ"


www.burmeseclassic.com

www.burmeseclassic.com


ဖဲသမားတစ်သိုက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောင်စီစီဖြစ်နေစဉ်…

အလောင်းကောင်ကြီးသည် ဆံပင်ဖိုးရိုးဖားရားဖြင့်…

"ဟီး..ဟီး..ဟီး..အဖေ…အဖေ…ဘယ်မလဲ အမေ… အမေ…အမေ…အမေ"

တုန်တုန်ယင်ယင်ဖြင့် ဦးစံပကို လက်ညှိုးကြီးထိုးကာ ပြောလိုက်သဖြင့် ဦးစံပသည် ခြေဖျားလက်ဖျားများ အေးစက်ကာ ဖဲသမားအုပ်စုထဲသို့ ပူးကပ်တိုးဝင်လိုက်လေသည်။ ဖဲသမားအုပ်စုသည် ကြားလေမသွေးရအောင် ညီညွတ်စွာ ပူးကပ်လိုက်ကြလေပြီ။

"ငါ့မိန်းမကို မကောင်းဆိုးဝါး ပူးဝင်သွားပြီ၊ အလောင်းကြီးက အပမှီသွားပြီဟော့၊ ပြဿနာတော့ တက်ကုန်ပါပြီကွာ"

"ဟုတ်တယ်၊ ဦးစံပ၊ အစ်မ ခင်စန်းရီ အယောင်ဆောင်ပြီး ပူးကပ်လာတဲ့ သရဲပဲဖြစ်ရမယ်၊ အယောင်ဆောင်သရဲပဲ"

"အသံကတော့ မခင်စန်းရီရဲ့ အသံနဲ့ တစ်ထေရာတည်းပဲဗျို့"

"ဒီလိုပဲ၊ ဖုတ်ဝင်ပြီး အချောင်ဝင်အုပ်နေတဲ့ ဖုတ်သွေး


www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိတယ်”

တစ်ယောက်တစ်မျိုး ဆွေးနွေးစွာ အော်ဟစ်ပြောကြလေသည်။ သစ်ပင်ပေါ်မှ ငှက်တွေလည်း အငြိမ်မနေကြတော့။ ဆူညံစွာ မြည်တွန်ကာ တောင်ပံတွေ တဖြန်းဖြန်း ရိုက်ခတ် အလန့်တကြား ပျံထွက်သည့် အကောင်က ပျံထွက်ကြလေပြီ။ အော်သည့်အကောင်ကအော်။

ငစိုးသည် လုံချည်တိုတို ပြင်ဝတ်ကာ ခေါင်းတလားကြီးထဲတွင် ကုန်းကုန်းကွကွ၊ မတ်တတ်ရပ်ရမလို ထိုင်ချရတော့မလို တုန့်တုန့်ယင်ယင် ဖြစ်နေသော အလောင်းကောင်ကြီးကိုကြည့်ကာ ခြေဖျားလက်ဖျားတွေ အေးစက်လာလေပြီ။ ဒူးချင်းရိုက်နေလေပြီ။

ဒေါ်မယ်ခ အသည်းအသန် ရောဂါသည်းသည် ဆိုကတည်းက အသက်မီရန် ပခုက္ကူအိမ်သို့ ပြန်ရောက်ရောက်ချင်း ရွာသို့ အလျင်အမြန် လာပါရန် ယောက္ခမများကို မှာကြားရန် ပြန်လာခဲ့သည်။ ငစိုး ရွာပြန်ရောက်သည်မှာ တစ်ရက်ပဲ ရှိသေးသည်။

ဒေါ်မယ်ခသည် အမှန်ပင် အသက်ဇီဝ နီးကြားကာ အသက်ပြန်ရှင်လာခြင်းလော။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် လူသူနည်းပါးသော တောရွာတို့တွင် ဖြစ်ပေါ်တတ်သည့် ဓလေ့အတိုင်း အပမှီကာ အမနုဿကောင်တစ်ကောင်ကောင်က ဝင်ပူးကပ်ခြင်းလော။ မခင်စန်းရီ အယောင်ဆောင်ကာ ဝင်ရောက်ပူးကပ်နေခြင်းလော။ တာတီးလည်း ဘယ်မှာကျန်ရစ်ခဲ့ပြီလဲ မသိဘူးတဲ့။ ခေါင်းထဲမှာ ရှုပ်ထွေးနောက်ကျိသွားသည်။

အံ့ဩစရာ ထူးဆန်းစရာကောင်းသည်မှာ ဒေါ်မယ်ခ၏ အသံမှာ မခင်စန်းရီ၏ အသံနှင့် တစ်ထေရာတည်း တူညီနေခြင်းပင်တည်း။ ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။

ငစိုးသည် အတွေးစကို ဖြတ်တောက်ကာ ဒေါ်မယ်ခအလောင်းကောင်ကြီးကို မဝံ့မရဲ လှမ်းကြည့်လိုက်မိသည်။

"အမေ···အမေ··,သမီး လာပါပြီတော်၊ လာပါပြီ"

ဦးစံပသည် ရုပ်အလောင်းကောင်ကြီးကို ကြည့်ကာသဝေမပါ ကိုးဂါထာဖြစ်သည့် ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဂါထာကို ကျယ်လောင်စွာ ရွတ်ဖွားလေတော့သည်။

ဦးစံပ၏ ဂါထာရွတ်ဖွားသံသည် တိတ်ဆိတ်နေသော ညယံထဲတွင် ကျယ်လောင်ဝီသအောင်မြင်စွာ ဟိန်းညံကာ သွက်



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။ ရွာဦးကျောင်းတွင် ငယ်စဉ်က ခုနစ်ဝါထိ သင်္ကန်း ဆီးခဲ့ဖူးလေရာ ဦးစံပ၏ အသံသည် ဥဒ္ဓါန်ကရိုဏ်း ကျမ်းစွာ ပြန်နှံ့သွားလေသည်။

ထိုစဉ် ကြောက်မက်ထိတ်လန့်ဖွယ် အော်ဟစ်လိုက်သံ ကြီး တစ်သံက ညဉ့်ယံကိုဖောက်ကာ ဟိန်းထွက်သွားလေသည်။

"မရွတ်နဲ့"

ခေါင်းတလားကြီးထဲမှ မတ်တတ်ရပ်ကာ ကုန်းကုန်းကွကွ ကြီး ဖြစ်နေသော အလောင်းကောင်ကြီးဆီမှ အော်ဟစ်လိုက်သံ၊ ဝမ်းခေါင်းသံကြီး ဖြစ်သည်။

ဦးစံပသည် တစ်ချက်လှမ်းကြည့်ကာ ဘုရားစာကို ဆက် ၍ရွတ်သည်။ မတုန်မလှုပ် ရဲဝံ့စွာရွတ်သည်။

"မရွတ်နဲ့လေ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

ဂါထာကို ဆက်၍ဆက်ကာ ရွတ်နေစဉ်မှာပင် ထူးခြားမှု တစ်ခုက ဖြစ်ပေါ်လာသည်။ အလောင်းကောင်ကြီးသည် ခုန်ဆွ



www.burmeseclassic.com

www.burmeseclassic.com



တော့မလို တုန်တုန်ယင်ယင် ဖြစ်နေရာမှ တဟီးဟီးအသံကြီး ထွက်လာသည်။ ညည်းညူသံကြီး ထွက်လာသည်။

"ဟီး…ဟီး…ဟီး…အား"

အထိတ်တလန့် အော်သံကြီးနှင့်အတူ ခေါင်းတလားထဲသို့ ပြန်၍လဲပြိုကျသွားလေတော့သည်။

"ဝုန်း"

"အား…အား…အား…အား"

ကျီးကန်းတွေ လန့်ပြိုသံ။

❑

နောက်တစ်နေ့နံနက် မိုးလင်းသောအခါ ရွာထဲတွင် ထူးဆန်းအံ့သြစရာကောင်းပြီး တုန်လှုပ်ချောက်ချားစရာလည်းဖြစ်သည့် ဖြစ်ရပ်များကို ဆက်တိုက်ဆိုသလို ကြားလိုက်ရသည်။ အဆိုပါသတင်းသည် တစ်ရွာလုံးသာမက ရွာနီးစပ်ချုပ်ထိတိုင် ပြန့်နှံ့သွားတော့သည်။

ဦးစံပ ဒေါ်မယ်ခ၏ တစ်ဦးတည်းသမီး ခင်စန်းရီသည်



www.burmeseclassic.com

www.burmeseclassic.com


မိခင်၏အသက်ကို မီရန် အပူတပြင်း လိုက်လာခဲ့သည်။ သားငယ် ကလေး တာတီးလည်း ပါလာခဲ့သည်။ သူတို့ လိုက်ပါလာသော ကားသည် ပခုက္ကူမြို့မှအထွက်တွင် ရန်ကုန်မှ တက်လာသော ဆယ်ဘီးကားကြီးနှင့် တွေ့ဆုံပြီး မရှောင်နိုင်၊ မတိမ်းနိုင် ခေါင်း ချင်းဆိုင် တိုက်မိကြသည်ဆိုသည်။ ကားပေါ်ပါလာသော ခရီး သည်များအနက် လေးဦးခန့် သေဆုံးပြီး လူအများအပြား ပြင်းထန် စွာ ဒဏ်ရာရသွားကြသည်။

ကြေကွဲစရာကောင်းသည်မှာ ပွဲချင်းပြီး သေဆုံးသူများထဲ တွင် မခင်စန်းရီ ပါဝင်သွားပြီး သားကလေး တာတီးသည် ကားတိုက်မှုဖြစ်စဉ် အပြင်သို့ လွင့်စဉ်သွားကာ အသက်ဘေးမှ လွတ်ကင်းသွားသည်။ ပွန်းပဲ့ဒဏ်ရာ အနည်းငယ်မျှသာရသည်။ အပြင်းအထန် ဒဏ်ရာရသူများ၊ အနည်းငယ် ဒဏ်ရာရသူများ သည် ဆေးရုံတွင် တစ်စုတစ်ဝေးတည်း ရှိနေကြဆဲဖြစ်သည်။

မခင်စန်းရီသည် ရုတ်တရက် ကွယ်လွန်သွားသည်နှင့် မိခင်ကို စိတ်စွဲလမ်းမိသည့်စိတ်က ကြီးစိုးနေပေရာ သူမ၏ဝိညာဉ် သည် မိခင်ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ကာ ပူးကပ်ခြင်း ဖြစ်ပေ သည်။ သားကလေး ကျန်ရစ်ခဲ့သည် ဆိုသည်မှာလည်း သူမ၏


www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်လွင့်စဉ်သွားသည်နှင့်အမျှ သားငယ်မှာ အသက်ထင်ရှား ရှိနေသေးပေရာ ထိုစဉ်မှာပင် မိခင်နှင့်သား ဘဝခြားသွားရှာပြီ ဖြစ်ပေသည်။ ထို့ကြောင့် သားကလေးတာတီးကို တစ်ပါတည်း မခေါ်ယူလာနိုင်ဘဲ ဘယ်မှာကျန်ရစ်ခဲ့သလဲ မသိဘူးဟု ပူးကပ် ပြောဆိုခြင်း ဖြစ်ပေသည်။

မခင်စန်းရီ၏ အာရုံထဲတွင် မိခင်၏ အသက်ကို မီရေးသာ ဖြစ်သည်။ ထို့ကြောင့် မီရာကားဖြင့် လိုက်လာရ၊ လမ်းတွင် မမျှော်လင့်ဘဲ ဘေးဆိုးနှင့် တွေ့သွားရရှာခြင်းဖြစ်ပေရာ သူမ အာရုံက မိခင်ထံသာ လျှောက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ရုတ်တရက် သေဆုံးလျှင် သေဆုံးခြင်း မိခင်၏ အသက်မဲ့နေသော ခန္ဓာတွင်းသို့ သူမ၏ နာမ်ဝိညာဉ်ရောက် ကိန်းအောင်းသွားခြင်း ဖြစ်ပေသည်။

မင်းဘုန်းသိခ်သူ

□□□



www.burmeseclassic.com

www.burmeseclassic.com




# ကိုးသခင် / ကိုးကောင်းနွဲ့သမီ

ကျွန်းသစ်တွေ အများအပြားပေါက်ရောက်တဲ့ တောင်နီတောကြီးဆိုတာ ပြင်ဦးလွင်မြို့ရဲ့ အနောက်မြောက်ယွန်းယွန်းမှာရှိတာလေ။ တောလမ်းခရီးကဆိုရင် ခုနစ်မိုင် ရှစ်မိုင်လောက်

အရှေ့ခက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပဲဝေးမယ်လို့ ခန့်မှန်းရတယ်။ ပြင်ဦးလွင်မြို့အစွန်က ကြည့်လိုက်ရင် ညို့ညို့မှိုင်းမှိုင်း အုံ့အုံ့ဆိုင်းဆိုင်း တောနက်ကြီးအလယ်မှာ တောင်နီကမ်းပါးရုံကြီးကို ထီးထီးမားမား လှမ်းမြင်နိုင်ပါတယ်။

ကျွန်းသစ်ခုတ်သွားကြပြီဆိုရင် တောင်နီကြီး တောင်ခြေမှာရှိတဲ့ ကျွန်းပင်ဆိုတဲ့ရွာကလေးထဲက ဘိုးနော်ဖတို့ ရှမ်းမိသားစုလေးအိမ်မှာ တည်းတာဗျ။ ရွာကလေးဆိုပေမယ့် ၆ အိမ် ၇ အိမ့်လောက်ပဲ အိမ်ခြေရှိပြီး တောထဲမှာ စုနေကြတဲ့နေရာလေးတစ်နေရာပါပဲ။ ဘိုးနော်ဖတို့အိမ်ကလည်း သူတို့လင်မယားရယ်၊ ကျုပ်နဲ့ရွယ်တူ စိုင်းနော်ဝေးဆိုတဲ့ သားတစ်ယောက်နဲ့ မိသားစုသုံးယောက်ပဲ ရှိတာကိုး။

သူတို့အလုပ်ကတော့ သစ်ခုတ်တယ်၊ အမဲလိုက်တယ်။ အမဲလိုက်တာကတော့ အဓိကအလုပ်ပေါ့။ ကျုပ်တို့ သစ်ခုတ်ရာမှာ စိုင်းနော်ဝေးက ကူညီတယ်လေ။ လုပ်အားခတော့ ပေးရတာပေါ့။ ကျုပ်တို့ သစ်တွေရလို့ ပြန်ပြီဆိုရင်လည်း ပိုတဲ့ရိက္ခာတွေအကုန်ပေးထားခဲ့တယ်။ တောတက်တယ်ဆိုတာ ရိက္ခာကပိုပိုသာသာ ထည့်ရတာကိုး။ သည်တော့ အမြဲတမ်းပိုပြီး အမြဲတမ်း ပေးထားခဲ့တာပေါ့။ ဒါနဲ့ ကျုပ်တို့ကို တအားခင်နေတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ သည်တစ်ခေါက်တော့ စိုင်းနော်ဝေးက ရွာကို အလည်လိုက်ချင်တယ်ဆိုလို့ ရွာကို အလည်ခေါ်ခဲ့တယ်လေ။

□□□

ရွာရောက်တော့ ကျုပ်အိမ်ကိုပဲခေါ်သွားပြီး ဟိုအိမ်လည် သည်အိမ်လည်၊ ရွာနီးချုပ်စပ်တွေလိုက်ပြပြီးတော့ တစ်ခါတည်း ကျုပ်ဆရာ ဖိုးသူတော်ကြီးဦးရွှေသီးကျောင်းကို အလည်ခေါ်သွားလိုက်တယ်။ ကျောင်းရောက်လို့ ကျောင်းပေါ်တက်လိုက်တော့ ဦးရွှေသီးက ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်ပြီး ကျုပ်တို့ကို လှမ်းကြည့် တယ်...။

'ဟ...ငါ့တပည့်ကျော် သာဒင်ပါလား၊ ဧည့်သည်လည်းပါ လာတာကိုး၊ လာ..လာ ထိုင်ကြ''

ကျုပ်တို့လည်း ဦးသူတော်ကို ဝတ်ချပြီး ထိုင်ကြတာပေါ့။

''ဧည့်သည်ကို အကြမ်းအိုးချပေးပါကွသာဒင်ရ၊ ရေမြည်းကြ''

ဆိုပြီး စားပွဲပေါ်က အကြော်၊ လက်ဖက်သုတ်၊ မြေပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆံကြော် စုပြုံထည့်ထားတဲ့ ပန်းကန်ပြားတစ်ချပ်ကို ကမ်းပေးတယ်။ ကျုပ်က အနားမှာရှိတဲ့ အကြွမ်းအိုးထဲကို ဦးသူတော်သောက်တဲ့ခွက်ဘူးထဲက နှပ်ပြီးသားရေနွေးကြမ်းတွေ ထပ်ဖြည့်ထည့်လိုက်ပြီး…

"စိုင်းနော်ဝေး သောက်၊ ဒါ ငါ့ဆရာဦးသူတော်တဲ့ကွ"

"ဦးသူတော် သူက တောင်နီတောထဲမှာရှိတဲ့ ကျွန်းပင်ရွာက စိုင်းနော်ဝေးတဲ့၊ ရွာကို အလည်လိုက်လာတာ"

ကျုပ်က မိတ်ဆက်ပေးလိုက်တယ်။ ပြီးတော့ ဒေသအကြောင်း၊ တောအကြောင်း၊ တောင်အကြောင်း အလ္လာပ သလ္လာပ စကားပြောရင်း ဆေးဖက်ဝင်ဝံအူမြစ်အကြောင်းကို ရောက်သွားကြတော့တာပဲ။

ဦးသူတော်က…

"ငါ အဲဒီဝံအူမြစ်ကို လိုချင်တာကွ၊ အရိုးအကြောအတွက် သိပ်ကောင်းသလို ထိနိုက်တဲ့ဒဏ်ရာ၊ ရောဂါကြောင့်ပေါက်တဲ့ အနာတွေအတွက်လည်းသိပ်စွမ်းတာ"

"တပည့်တော်တို့ တောင်နီတောထဲက အိမ်ဝိုင်းကြီးထဲမှာ သိပ်ပေါပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com


စိုင်းနော်ဝေးက လျှောက်လိုက်တော့ ဦးသူတော်မျက်နှာ ဝင်းလက်သွားပြီး…

"အေး…လုပ်စမ်းကွာ၊ ငါလိုချင်တယ်၊ ဒါပေမဲ့ သူက အပင်တိုင်းတော့ မစွမ်းဘူး၊ စွမ်းတဲ့အပင်က တစ်ရာမှာတစ်ပင်တောင် တွေ့ခဲတယ်၊ တစ်ပင်မှာလည်း တစ်တောင်လောက်ပဲ စွမ်းတဲ့အကာန့်ပါတာ။ ဒါကြောင့် ထိုက်မှရတာလို့လည်း ပြောလို့ရတယ်၊ တကယ်တမ်းကျတော့ ဝံအူမြစ်လို့သာခေါ်တာ၊ နွယ်ပင်တစ်မျိုးပဲကွ"

ဦးသူတော်ပြောတဲ့ ဝံအူမြစ်ကို ကျုပ်လည်း မြင်ဖူး တွေ့ဖူးတယ်ဗျ။ ဒါပေမဲ့ ဦးသူတော်လို အကျိုးအာနိသင်ကိုတော့ ထဲထဲဝင်ဝင် မသိပါဘူး။ ဦးသူတော်စကားကြောင့် ကျုပ်လည်း စိတ်ဝင်စားလာပြီး…

"ဦးသူတော် တပည့်တော်လည်း ဝံအူမြစ်ကို တွေ့ဖူးပါတယ်၊ ဒါပေမဲ့ ဦးသူတော်ပြောတာတွေ နားမလည်လို့ ရှင်းပြပါဦးဘုရား"

"အေး…မင်းတို့ ဗဟုသုတအဖြစ် မှတ်ထားကြ၊ ဝံအူမြစ်ကိုတွေ့ရင် ဓားနဲ့ဖြတ်ကြည့်လိုက်၊ အရောင်က ဖြူညိုရောင်ရှိ


www.burmeseclassic.com

www.burmeseclassic.com


တယ်၊ အစေးက အကြည်ရောင်ထွက်တယ်၊ အထဲက အနှစ်က ဝံခြေရာလိုလို ကျားခြေရာလိုလိုရှိတယ်၊ ဒါပေမဲ့ ခြေသည်းရာ လေးတွေမပါဘူး"

"တင့်ပါ့ဘုရား တပည့်တော်တို့တော့ ဒါမျိုးပဲတွေ့ ဖူးပါတယ်"

"အေး…အဲဒါက ဆေးဖက်မဝင်ဘူး၊ သာမန်ပဲ၊ အဲသည်နွယ်ကို တစ်တောင်ချင်း လိုက်ဖြတ်ကြည့်လိုက်ရင် အစွမ်း ထက်တဲ့ အကာနဲ့ပါလို့ တွေ့ရင် အနက်ရောင်ကို ပြောင်းသွားပြီး အစေးကလည်း အနက်ရောင်ပဲ ထွက်တော့တာ၊ ပြီးတော့ အတွင်း အနှစ်ခြေရာလေးတွေမှာလည်း ခြေသည်းရာလေးတွေပါလာတယ်၊ နောက်ပြီး ဘယ်လိုဖြတ်ဖြတ် တစ်ပြေးညီတည်းမတွေ့ရဘူး၊ အတွင်းအနှစ်က ခြေရာလေးတွေက အတွင်းကို နည်းနည်းဟိုက်နေ တာကိုပဲတွေ့ရတယ်။ အဲသည့်အကာနဲ့ကမှ ဆေးဖက်ဝင်တာ"

ဦးသူတော်က ရှင်းပြလိုက်ပြီး ယာလက်စကွမ်းကို ပါး စောင်ထဲကို ထိုးသွင်းလိုက်တယ်။ စိုင်းနော်ဝေးက··

"အဲဒါတွေတော့ တပည့်တော် နားမလည်ဘူးဘုရား၊ အဲသည်တောင်နီတောထဲက အိမ်ပိုင်းကြီးထဲမှာတော့ ဝံအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်တွေကတော့ ပေါမှပေါပဲ"

"အေး သည်လိုဆို ဒီတစ်ခါ သာဒင်တို့တောတက်ရင် ငါလိုက်ခဲ့မယ်ကွာ"

စိုင်းနော်ဝေးက စကားဆက်ပြန်တယ်။

"ဒါပေမဲ့ အဲဒီအိမ်ကြီးက လူမနေတာ တပည့်တော် တစ်သက် မကတော့ဘူးဘုရား၊ တပည့်တော်တို့ နယ်တစ်ဝိုက်က လူတွေဆို အိမ်ပိုင်းထဲဝင်ဖို့နေနေသာ အနားကို မသီကြဘူး"

"ဟ…ဘာဖြစ်လို့လဲ"

ဦးသူတော်က အံ့ဩတဲ့ အမူအယာနဲ့ စကားကို ထောက်လိုက်တယ်။

"တပည့်တော် သိထားတာကတော့ အိမ်ကြီးထဲမှာ တစ္ဆေသရဲတွေ အများကြီးရှိတယ်လို့ ကြားဖူးတာပဲ၊ တပည့်တော် တောင် တောပစ်ရင်း မျက်စိလည်ပြီး အမှတ်မထင်ရောက်သွားရာက ဝံအူမြစ်တွေကို တွေ့ခဲ့တာဘုရား"

ဦးသူတော်နှင့် ထွေရာလေးပါး စကားတွေပြောကြပြီးနောက် အချိန်လည်းအတော်လင့်ပြီမို့ ဦးသူတော်ကိုဝတ်ချပြီး ကျုပ်နဲ့ စိုင်းနော်ဝေးတို့လည်း အိမ်ကိုပြန်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒီလိုနဲ့ပဲ တောတစ်ခေါက်တက်ချိန်ရောက်လာပြန်တော့ တယ်။ သည်တစ်ခေါက်မှာတော့ ဖိုးသူတော်ဦးရွှေသီးက ဆေး ဖက်ဝင် ဝံအူမြစ်ရှာချင်တယ်ဆိုပြီး ကျုပ်တို့အဖွဲ့နဲ့လိုက်ခဲ့တယ်ဗျ။

လမ်းအောက် ကျောက်ပုံစခန်းမှာ တစ်ညအိပ်ခဲ့ကြပြီး နံနက်လင်းလင်းချင်း ထမောင်းလာခဲ့ရကြတာဆိုတော့ ညနေ (၃)နာရီလောက်မှာ တောင်နီတောကြီးထဲက ကျွန်းပင်ရွာကလေး ကို ရောက်ခဲ့ကြတယ်။ ရောက်တာနဲ့ ဦးနော်ဖတို့အိမ်ကို တန်းသွား ခဲ့ကြတယ်။

"ဩော်...မောင်သာဒင်တို့ ရောက်လာကြပြီကိုး"

ဦးနော်ဖက ခရီးဦးကြိုပြုရင်း ဖိုးသူတော်ဦးရွှေသီးကို အံ့ဩသလိုကြည့်နေရာ စိုင်းနော်ဝေးလည်း လှည်းပေါ်ကဆင်း လာပြီး...

"အဘ သူက ကိုသာဒင်ရဲ့ဆရာ ဖိုးသူတော်ကြီး ဦးရွှေ သီးတဲ့၊ ဦးသူတော် အိမ်ပေါ်ကို ကြွပါခင်ဗျာ"

စိုင်းနော်ဝေးက ဦးသူတော်ကို အိမ်ပေါ်ပင့်သွားပြီး ဦးနော်ဖက နောက်က လိုက်သွားတယ်။ ကျုပ်တို့ကတော့ လှည်း


www.burmeseclassic.com

www.burmeseclassic.com


တွေမြိုက်၊ ပစ္စည်းတွေချနဲ့၊ ခဏချင်းပဲ အလုပ်ရှုပ်သွားတာပေါ့။ ပြီးတော့မှ ထမင်းဟင်းချက်ကြ၊ နွားတွေကျွေးကြ၊ ရေခပ်ကြပေါ့။ ဦးနော်ဖတို့ မိသားစုသုံးယောက်ကတော့ အိမ်ပေါ်မှာ ဦးသူတော်ကို ညှို့ခံစကားပြောနေကြတယ်ဗျို့။ သည်လိုနဲ့ မှောင်ရီလေးသမ်းလာတော့ ထမင်းဝိုင်းပြင်တယ်။ စံအေးတို့ကတော့ လှည်းပေါ်က အရက်ပုံးချပြီး စားကြသောက်ကြလုပ်နေတယ်။ သောက်တာတော့ ဦးသူတော်ပါလာတာမို့ သိသာသိစေ မမြင်စေနဲ့ပေါ့။ စားသောက်ပြီးတော့ ကျုပ်နဲ့စံအေးက အိမ်ပေါ်တက်ပြီး ဦးသူတော်ကို ညဂျင်းသုပ်ကပ်ရင်း ဦးနော်ဖတို့မိသားစုနဲ့ စကားပြောကြတယ်။ ကျုပ်က...

"ဦးနော်ဖ ကျုပ်ဆရာ ဦးသူတော်က ဆေးဖက်ဝင် ဝံအူမြစ် ရှာချင်လို့တဲ့ဗျ၊ အဲဒါ ကူညီပါဦးလို့"

"ဦးသူတော် ပြောပြလို့ သိပြီးပါပြီမောင်သာဒင်၊ ဒါပေမဲ့ သွားရှာရမယ့် အိမ်ဝိုင်းကြီးက သိပ်အန္တရာယ်များတယ်ကွဲ့၊ ဘယ်လိုအန္တရာယ်လဲဆိုတော့ တို့အဖေ ပြောတာကတော့ အင်္ဂလိပ်တွေ မြန်မာပြည်ကို အုပ်ချုပ်စဉ်ကပေါ့။ သစ်တောအရာရှိ တစ်ယောက်က အဲဒီအိမ်ကြီးကို ဆောက်ခဲ့တာ။ သံဆူးကြိုးတွေ


www.burmeseclassic.com

www.burmeseclassic.com



ကာပြီး ဝိုင်းသတ်မှတ်ခဲ့တာဆိုပဲ။ ဝိုင်းက အကျယ်ကြီးပဲ။ သူက သစ်တောနဲ့ပတ်သက်ပြီး အရေးကြီးအလုပ်တွေရှိတဲ့အချိန် သူကိုယ်တိုင်သည်အိမ်ကြီးမှာ လာနေပြီး ကြပ်မတ်နိုင်းလေ့ရှိသတဲ့။ အဓိကကတော့ ကျွန်းသစ်တွေ တအားထုတ်တာတဲ့။ သည်တော့ ဆင်ဝိုင်းတွေရှိသလို ကျွဲဝိုင်းတွေ ကျွဲခေါင်းတွေလည်း ရှိတာပေါ့။ အိမ်ကြီးကိုလည်း အခိုင်အမာဆောက်တယ်၊ အိမ်ရှေ့က စမ်းပေါက်လျှိုကြီးကို ကျောက်တုတ်ကြီးခံ ရေဒလက်ကြီးလုပ်၊ ပြီးတော့ မီးဆင်ထားတာ လျှပ်စစ်မီးတောင်ရဆိုပဲ။ အားလပ်တဲ့အချိန်တွေမှာတော့ သူ့မိသားစုပါခေါ်လာတတ်တယ်။ နောက်လိုက်အခိုင်း အစေတွေ၊ ရိက္ခာအပြည့်အစုံတွေထည့် တောပစ်လိုက်ကြ၊ စားလိုက်ကြသောက်လိုက်ကြနဲ့ တစ်လတန်သည် နှစ်လတန်သည် အပန်းဖြေနေတတ်သတဲ့။ တောလိုက်တဲ့ နေရာမှာတော့ နယ်ခံမုဆိုး ဖြစ်တဲ့ တို့အဖေ နော်ကာလောင်းကို အမြဲခေါ်လို့ လိုက်ခဲ့ရတယ်။ အဲသည်လို နေလာရာက တစ်ညမှာ မိသားစုနှစ်စု ၉ ယောက်တိတိ အစိမ်းသေ သေခဲ့ရတယ်။ ဒါကြောင့် တို့မုဆိုးလောကမှာတော့ အဲဒီအိမ်ကြီးကို ကိုးလောင်းစံအိမ်လို့ခေါ်ကြတယ်"

ဦးနော်ဖက စကားအရှည်ကြီး ပြောလိုက်ရလို့ အာခြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ထင့်။ အကြမ်းတစ်ပန်းကန် သောက်လိုက်ပြီး လက်ထဲမှ ဆေးလိပ်တိုကို မီးညှိကာ တစ်ချက်ရှိုက်လိုက်တယ်။ စံအေးက သိလိုဇောနဲ့…

"အဲသည်ကိုးယောက်က ဘယ်လိုဖြစ်ကြတာလဲ"

"အေး…ပြောမယ်လေ"

"ငါ့တပည့်တို့ စိတ်ဝင်စားတယ်နဲ့ တူတယ်"

"တင်ပါ့ဘုရား"

"ကဲ ဆက်ပြောဟေ့ ဒကာနော်ဖ"

"ပြောရမယ်ဆိုရင်တော့ အဲသည်အစိမ်းသေတွေက မကျွတ်သေးဘူးဘုရာ့၊ သေရတဲ့အကြောင်းက သည်လိုဘုရာ့"

□□□

တောင်နီတောကြီးထဲမှ တဲစုလေးတစ်စု။ တဲမက အိမ်မကျ ဆောက်လုပ်ထားသော လူတစ်ရပ်လွှတ်ရုံ သက်ကယ်မိုး ဝါးထရံကာအိမ်မြင့်ကလေးရှေ့ ဝါးရုံပင်ရိပ် ကွပ်ပျစ်ကလေးပေါ်တွင် မုဆိုးကြီးနော်ကလောင်း ရေနွေးကြမ်းသောက်နေလေသည်။ အသားညိုညိုနှင့် ဂင်ကောင်းကောင်း မြန်မာလို ဝတ်ဆင်ထားသော လူတစ်ယောက်ဝါးရုံပင်များကြားရှိ လူသွားလမ်းကလေး



www.burmeseclassic.com

www.burmeseclassic.com


အတိုင်းပျော့ကျလာရာမှ နော်ကလောင်းအနားသို့ ရောက်လာကာ...

"ဗျို့..ဦးနော်ကလောင်း သခင်ကြီးက လွှတ်လိုက်တာ"

"အေး...ထိုင်ကွာ၊ ရေနွေးကြမ်းသောက်ဦး"

"မသောက်တော့ဘူး၊ လုပ်စရာတွေရှိသေးလို့၊ ညကို ဆင်သေချောင်းစပ်က လှိုဏ်ထဲမှာ လင့်စောင့်မယ်တဲ့၊ လင့်စင်လည်း အသင့်လုပ်ပြီးပြီတဲ့၊ တောပစ်ရအောင် ညနေကို စောစောလာခဲ့ပါတဲ့"

"အေး...အေး"

ပြောပြီးသည်နှင့် ထိုင်တောင်မထိုင်တော့ဘဲ လာလမ်းကို ပြန်လှည့်သွားလေသည်။ ထိုသူကား အခြားမဟုတ်ပေ။ အင်္ဂလိပ် သစ်တောအရာရှိကြီး၏ အခိုင်းအစေ လူယုံတော် ဦးသာခွေးပင်။ ဦးသာခွေးတို့တွင် မိသားစုလေးယောက် ရှိလေသည်။ မိသားစု လေးယောက်စလုံး တောင်နီတောကြီးထဲကရှိ အင်္ဂလိပ်သစ်တော အရာရှိကြီး ဆောက်လုပ်ထားသည့် အိမ်ကြီးတွင် အိမ်စောင့်အဖြစ် နေကြလေသည်။

ညနေစောင်းသည်နှင့် မုဆိုးကြီးနော်ကလောင်းသည်း


www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲတော်ဒူးလေးကြီးကို ယူဆောင်လိုက်သည်။ ကျည်တောက်ထဲ မြားအပြည့်ထည့်၊ ရေဘူး၊ အမဲလိုက်ဓားမြှောင်စသည့် မုဆိုးအသုံးအဆောင်များယူလျက် သစ်တောအရာရှိကြီးအိမ်သို့ထွက်ခဲ့တော့သည်။ အရာရှိကြီးအိမ်ရောက်သည့်အခါ အရာရှိကြီးနှင့် ဦးသာဒွေးက ပစ္စည်းတွေနှင့် အသင့်စောင့်နေကြသည်။ အရာရှိကြီးက နော်ကလောင်းကို ဆလံပေးကာ နှုတ်ဆက်သည်။ ထို့နောက် အမဲပစ်သေနတ်ကို ကောက်လွယ်လိုက်ကာ သူ၏ သား၊ သမီးနှင့်ဇနီးတို့အား နှုတ်ဆက်လိုက်သည်။ လူယုံတော်ကြီး ဦးသာဒွေးကလည်း သူ့မိသားစုကိုနှုတ်ဆက်ကာ တောထဲသို့ ထွက်ခဲ့ကြလေသည်။

တောက တဖြည်းဖြည်းနက်လာသလို အမှောင်ထုကလည်း တဖြည်းဖြည်း သိပ်သည်းစပြုလာလေသည်။ ခရီးအတော်ကလေးပေါက်ခဲ့သော်လည်း သူတို့အသင့်လုပ်ထားသည့် လင့်စင်ရှိရာနေရာသို့ မရောက်သေး။ ယခုလိုအချိန် လင့်စင်ပေါ်သို့ မရောက်သေးလျှင် အန္တရာယ်တွေ့နိုင်သည်ကို ဦးနော်ကလောင်းက မုဆိုးအတွေ့အကြုံအရ သိနေသည်။ ထို့ကြောင့် စိုးရိမ်စိတ်ဖြင့် ဦးသာဒွေးကို လက်တို့လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"လင့်စင်ကို မရောက်သေးဘူးလားဗျ"

ဟု မေးလိုက်ရာ ဦးသာခွေးက လေသံတိုးတိုးဖြင့်…

"ဒါလောက်တော့ မသွားရဘူးဗျ၊ ဆရာ မျက်စိလည်နေပြီထင်တယ်"

"ခင်ဗျားတို့သုံးတဲ့ လမ်းပြတဲ့ဟာလေး မပါဘူးလား"

"အဲဒီသံလိုက်အိမ်မြှောင်က မနေ့က လင့်စင်ဆောက်တဲ့နေရာမှာ ကျနေရစ်ခဲ့လို့ဗျ"

"သည်လိုဆို ခင်ဗျားဆရာကို ပြောဦးလေ၊ သည်တိုင်းဆက်သွားရင် အန္တရာယ်တွေ့နိုင်တယ်"

ထိုအခါမှ ဦးသာခွေးက သူ့ဆရာကို သူတို့ဘာသာစကားနှင့်ပြော၏။ အရာရှိကြီးမှလည်းတစ်စုံတစ်ရာ ပြန်ပြောလေသည်။ နော်ကလောင်းက နားမလည်သဖြင့်…

"ဘာတဲ့လဲ ဦးသာခွေး"

"မျက်စိလည်နေတယ်တဲ့၊ ခဏနားမယ်တဲ့"

သူတို့သုံးယောက် ခဏထိုင်နားရင်း ရေဘူးထဲမှရေကို တစ်ကျိုက်စီ မော့လိုက်ကြသည်။ အားလုံးအတွေးကိုယ်စီနှင့် စကားမပြောဘဲ ငြိမ်နေကြလေသည်။ ဦးနော်ကလောင်မှာ



www.burmeseclassic.com

www.burmeseclassic.com


တော၏အခြေအနေ တစ်မူထူးနေသည်ဟုထင်သည်။ သားကောင်လွှန်စွာပေါသည့်တောမှာ သားကောင်တစ်ကောင်မှ မတွေ့ရ။ အသံတောင်မကြားရဘဲ ငြိမ်သက်လျက်ရှိနေသည်။ အင်းဆက်ပိုးမွှားကလေးများ အံသံမှလွဲ၍ ဘာမျှမကြားရပေ။ သည်တောတစ်ခုခုတော့မှားနေပြီး မကြာမီကျရောက်လာမည့် အန္တရာယ်ကိုလည်း ဦးနော်ကလောင်း ကြိုမြင်နေရသလိုရှိလေသည်။ အတန်ငယ် အမောပြေ၍ ဆက်လျှောက်ကြရာ လျှိုကြီးတစ်ခုထဲသို့ရောက်လာကြသည်။ လျှိုကြီးထဲတွင် ခြေမျက်စိသာသာရှိရေများစီးဆင်းနေသည်။ စမ်းချောင်းကြီးဖြစ်နေသောကြောင့် ခဏရပ်ကာ တစ်ဖက်ကမ်းသို့ မီးလှမ်းထောက်လိုက်ကြသည်။ မီးရောင်အောက်တွင် အစိမ်းရောင်တောက်နေသော မျက်လုံးနှစ်စုံကိုတွေ့လိုက်ရာ ဦးသာဒွေးနှင့်သူ့ဆရာမှာ မီးကိုခဏပိတ်လိုက်ပြီး တီးတိုးစကားပြောနေကြသည်။ နော်ကလောင်းက…

"သည်အချိန် သည်အခြေအနေမှာ ဘာကောင်မှ မပစ်တာ အကောင်းဆုံးပဲ ကိုသာဒွေး"

နော်ကလောင်းသည် သူတို့ တောမှောက်နေပြီဆိုသည်ကိုမှဆိုးအတွေ့အကြုံအရ ရိပ်မိနေပြီဖြစ်သည်။ တောမှောက်သည့်


www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်မှာ မျက်စိအမြင်အာရုံမှားနေခြင်းကို ဆိုလိုသည်။ ရွာထဲရောက်နေသော်လည်း တောကြီးထဲဟု ထင်ချင့်ထင်နေသလိုကျောက်တုံးကျောက်ဆောင်တို့ကိုလည်း သားကောင်မှတ်ချင်မှတ်နေတတ်သည်။ တောမှောက်ပြီးလူကို သားကောင်မှတ်ကာ ပစ်မိသည့်အဖြစ်ကို ကိုယ်တိုင်ကြုံခဲ့ခြင်းကြောင့် ပြောရခြင်းဖြစ်သည်။ အရာရှိကြီးနှင့် ဦးသာဒွေးမှာ အရေးမစိုက်ဘဲ ရှိနေကြသည်။

ထိုစဉ်မှာပင်.....၊

'ဖောင်း၊ ဖောင်း...'

အရာရှိကြီးက နှစ်ချက်ဆက်တိုက် ပစ်လိုက်ရာ သေနတ်သံမှာ တစ်တောလုံးဟိန်းသွားလေသည်။ ပစ်ပြီးနောက် မီးမှိတ်ပြီးအခြေအနေကို အကဲခတ်နေကြသည်။ ခဏကြာမှ အရာရှိကြီးကအခြေအနေကောင်းတယ်ဆိုသည့် သဘောဖြင့် ဦးသာဒွေးအားလက်တို့ကာ လှိုကြီးတစ်ဖက်သို့ ရေထဲမှ ဖြတ်လျှောက်ခဲ့ကြသည်။ သားကောင်လဲသည့်နေရာသို့ ရောက်သည့်အခါ မီးဖြင့်ထိုးကြည့်လိုက်ရာ...

'အိုးမိုင်ဂေါ့...'



www.burmeseclassic.com

www.burmeseclassic.com


'ဟာ…'

'ဟင်..ဘုရား…ဘုရား…'

သုံးယောက်သား အာမေဋိတ်သံများ စုံသွားရသည်။ မျက်လုံးပြူးသွားကြသည်။ မီးရောင်အောက်မှာ တွေ့လိုက်ရသည်က သေနတ်ဒဏ်ရာဖြင့် အသက်ပျောက်နေသည့် လူနှစ်ယောက်။ လူနှစ်ယောက်ကို သေချာကြည့်လိုက်တော့ အရာရှိကြီး၏ဇနီးနှင့် သားအကြီးဖြစ်နေလေသည်။ အရာရှိကြီးလည်း မျောက်ရှုတ်ဆုံထိုင်မိသလို ဟျာယာခတ်သွားပြီး ပါးစပ်မှလည်း ဘာတွေပြောမှန်းမသိ ဆူညံသွား၏။ နော်ကလောင်းနှင့်ဦးသာခွေးလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားလေသည်။ နော်ကလောင်းက ပတ်ဝန်းကျင်ကို လျှို့ကြီးကမ်းနဖူးမှနေ၍ ဝေ့ကြည့်လိုက်ရာ ခန့်ညားထည်ဝါသည့် အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။ သူက ဦးသာခွေးကို ပြလိုက်ပြီး…

"ကျုပ်တို့ မျက်စိလည်ပြီး သူ့အိမ်ပိုင်းကြီးထဲကို ပြန်ရောက်နေတာဗျ၊ ဒါဟာ တောမှောက်ကယ်လို့ခေါ်တယ်၊ ဒါကြောင့် ကျုပ်က သည်အခြေအနေမှာ ဘာကောင်မှမပစ်တာ အကောင်းဆုံးပဲလို့ ပြောတာ၊ ကဲလေ တစ်ယောက်နဲ့တစ်ယောက် အပြစ်



www.burmeseclassic.com

www.burmeseclassic.com


ပြောမနေပါနဲ့တော့၊ လုပ်စရာရှိတာသာ ဆက်လုပ်ကြစို့"

အရာရှိကြီးကတော့ တောင်ထွက်ပြေးတော့မလို မြောက်ထွက်ပြေးတော့မလိုလုပ်နေရာမှ အလောင်းနှစ်ခုကို ပြေးပွေ့လိုက်သည်။ နှုတ်မှလည်း ဘာတွေပြောမှန်းမသိ ဆူညံစွာ အော်ဟစ်ကာ အရူးမီးဝိုင်းဖြစ်နေလေသည်။ ဦးသာဒွေးက သူ့ဆရာအဖြစ်ကို ကြည့်ပြီး…၊

"ကျုပ်လည်း ဘာလုပ်ရမှန်းမသိတော့ဘူးဗျာ"

"ဘာလုပ်ရမှာလဲ၊ ခင်ဗျားဆရာ သွေးပျက်ပြီး သည်းခြေမမှန်တော့ဘူး၊ သူ့ကို လုံခြုံရာတစ်နေရာကိုပို့ပြီးမှ ဒီအလောင်းတွေကို ကြည့်စီစဉ်ရမယ်"

အရှေ့ဆီမှ ရောင်နီသမ်းပြီး လင်းစပြုလာလေပြီ။ သူတို့နှစ်ယောက်လည်း အရာရှိကြီးကို ချော့ကာတစ်မျိုး၊ ခြောက်ကာတစ်မျိုးဖြင့် နှစ်ယောက် အတင်းချုပ်ကာ အိမ်ကြီးဆီသို့ ခေါ်ခဲ့ကြတော့သည်။

အိမ်ကြီးဆီရောက်တော့ အိမ်သားတွေ တစ်ယောက်မှ မတွေ့ရဘဲ အိမ်ကြီးက တိတ်ဆိတ်နေလေသည်။ အိမ်ကြီးအပေါ်ထပ်ရှိ အရာရှိကြီးမိသားစုအိပ်ခန်းသို့ အရာရှိကြီးအား နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တွဲခေါ်လာခဲ့ကြသည်။ အိပ်ခန်းသို့အရောက်တွင် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် နော်ကလောင်းရော ဦးသာဒွေးပါ သတိလက်လွတ်ဖြစ်သွားစေခဲ့သည်။ မြင်လိုက်ရသည့် မြင်ကွင်းမှာ ဦးသာဒွေး၏ သား၊ သမီးနှင့်ဇနီးတို့က ကြောက်လန့်တကြား ချက်လုံးပြူးကြီးများဖြင့် တစ်စုံတစ်ရာကို ကြောင်ကြည့်နေကြသောကြောင့်ဖြစ်သည်။ သားအလတ်ဖြစ်သူက လက်ထဲတွင် သွေးများပေကျံနေသည့် ခြောက်လက်မဓားမြှောင်တစ်ချောင်းကိုင်ကာ ငူငူကြီးထိုင်နေလေသည်။ သူ့နံဘေးရှိ သွေးအိုင်ကြီးထဲတွင် ဝမ်းဗိုက်ကြီးကွဲကာ မသေမရှင်တွန့်လိမ်နေသည့် ပေါင်လုံးလောက်ရှိသော မြွေကြီးတစ်ကောင်။ မနီးမဝေးမှာတော့ တစ်ကိုယ်လုံးသွေးများ၊ အကျီအစွဲများပေကျံနေပြီး သေနေသည့် (၉)နှစ်အရွယ် ကလေးမလေးတစ်ယောက်၏အလောင်း။

မြင်လိုက်ရသော မြင်ကွင်းကြောင့် နော်ကလောင်းနှင့် ဦးသာဒွေးမှာ သတိလက်လွတ်ဖြစ်သွားကြပြီး ၄င်းတို့ သိုင်းဖက်ချုပ်ထားသည့် အရာရှိကြီးကို လွှတ်လိုက်မိသည်။ နှစ်ဦးသား ဦးသာဒွေး၏ မိသားစုထံ ပြေးဝင်သွားကြသည်။

'ဒိုင်း ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com


'ကိန် ကိန်'

သေနတ်သံကြောင့် နောက်သို့ လှည့်ကြည့်လိုက်ကြရာ အရာရှိကြီးက သခင်ကို ခရီးဦးကြိုပြုရန် ပြေးထွက်လာသော အိမ်စောင့်အင်းခွေးကြီးနှစ်ကောင်ကို ခါးတွင် ချိတ်ထားသော ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်သတ်လိုက်ခြင်းဖြစ်လေသည်။ ထိုအခါမှ နော်ကလောင်းတို့လည်း အရာရှိကြီးခါးမှ သေနတ်အား သတိရကြလေသည်။

"ဟား…ဟား… ဟား…"

အရာရှိကြီးက အသံနက်ကြီးနှင့် ရယ်နေသလို မျက်နှာကြီးမှာလည်း ကြမ်းတမ်းခက်ထန်စွာ ကြောက်စရာအသွင်ကို ဆောင်နေသည်။ အရာရှိကြီး သွက်သွက်ခါအောင်ရူးသွားပြီ ဆိုသည်ကို နော်ကလေ်ာင်းတို့ သိလိုက်ကြသည်။ သို့သော် သူတို့ အသိက နောက်ကျသွားခဲ့လေပြီ။

"ဟား၊ ဟား၊ ဟား"

"ဒိုင်း၊ ဒိုင်း၊ ဒိုင်း"

အရာရှိကြီးက ဦးသာခွေး၏ သား၊ သမီးနှင့်ဇနီး ဖြစ်သူတို့ သုံးယောက်ကို ပစ်လိုက်ရာ ဦးသာခွေးလည်း လျှပ်တစ်ပြက်


www.burmeseclassic.com

www.burmeseclassic.com



ဝင်၍ လုံးသတ်လေတော့သည်။ အရာရှိကြီးသားက ဦးသာခွေး အား ကိုင်ထားသောဓားမြှောင်နှင့် ပြေးထိုးလိုက်ရာ....၊

'ဖွပ်'

'အား'

ဦးသာခွေး ဖမ်းဆုပ်ကိုင်ထားသော အရာရှိကြီးလက်ထဲ မှ သေနတ်က 'ဒိုင်း'ကနဲ ကျည်တစ်တောင့်ထွက်သွားကာ သားဖြစ်သူအား ထိမှန်လေတော့၏။ အရာရှိကြီးသား ခွေကျသွား သလို ဦးသာခွေးလည်း ဓားချက်ကြောင့် လဲကျသွားလေတော့ ၏။ အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် နော်ကလောင်းဘာလုပ် ရမှန်းမသိဘဲ ကြောင်နေစဉ်...

"ဟား...ဟား...ဟား"

အရာရှိကြီးက နော်ကလောင်းဘက်သို့ သေနတ်ပြောင်း လှည့်လာသည်။ ထိုအခါမှ နော်ကလောင်း သတိဝင်လာပြီး ဘေးရှိ တစ်ဖက်ခန်းထဲသို့ ဒိုင်ဗင်ထိုးဝင်လိုက်ပြီး တံခါးကိုဂျက်ချလိုက် သည်။ ခါးမှဓားမြှောင်ကို ဆွဲထုတ်ပြီး အသင့်အနေအထားဖြင့် တံခါးဘေးသို့ ကပ်နေလိုက်သည်။

'ဟား...ဟား...ဟား'



www.burmeseclassic.com

www.burmeseclassic.com



အရာရှိကြီး၏ ကြောက်စရာရယ်သံကြီးကို ကြားနေရသည်။ အတန်ကြာတော့ 'ဒိုင်း' ကနဲ သေနတ်သံတစ်ချက်ထွက်လာပြီး 'အား' ဆိုသည့် အရာရှိကြီး၏ အသံနက်ကြီးပါတွဲလျက်ပေါ်လာသည်။ နော်ကလောင်းက အခန်းတွင်းမှနေ၍ အခြေအနေကို အကဲခတ်နေလိုက်သည်။ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေပြီ။ နော်ကလောင်းလည်း အခန်းတွင်းမှ သတိအနေအထားနှင့်ထွက်လိုက်ပြီး ပတ်ဝန်းကျင်ကို လှေ့လာကြည့်လိုက်သည်။ အခန်းတွင်းမှာ အလောင်းများပုံနေလေသည်။ နောက်ဆုံး သေနတ်သံတစ်ချက်မှာ အရာရှိကြီး သူ့ကိုယ်သူစီရင်သွားခြင်းဖြစ်လေသည်။ နော်ကလောင်းလည်း တစ်ခဏချင်း ဖြစ်လိုက်သည့် သွေးပျက်စရာမြင်ကွင်းများကြောင့် သူ့ကိုယ်သူ သွေးပျက်မသွားအောင် သတိကိုစွဲမြဲအောင်အားတင်းပြီး အိမ်ကြီးထဲမှ ထွက်ခဲ့လေတော့သည်။

□□□

"ကိုးလောင်းစံအိမ်ကြီးရဲ့ ရာဇဝင်ကတော့ ဒါပဲ မောင်စံအေးရေ"

"နောက်တော့ သည်အိမ်ကြီးကို စစ်ဆေးမှုတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ကြဘူးလား"

ကျုပ်က မေးလိုက်တော့ ဦးနော်ဖက ချက်ခြင်းမဖြေနိုင်သေးဘဲ အကြမ်းပန်းကန်ကိုကောက်ကာ တစ်ကျိုက်သောက်လိုက်ပြီး…

"သည်လိုဖြစ်ပျက်နေချိန်မှာ မြန်မာပြည်ထဲကို ဂျပန်တွေဝင်လာပြီလေ။ အင်္ဂလိပ်တွေ မြန်မာပြည်ထဲက ထွက်နေရပြီမို့ အဆက်အသွယ်တွေပြတ်ပြီး အမှုမဲ့အမှတ်မဲ့ပဲဖြစ်သွားတာပေါ့"

"ဒါနဲ့ နေပါဦး၊ (၉)နှစ်အရွယ် ကလေးလေးက ဘာဖြစ်တာလဲ"

ကျုပ်က ကျန်နေတဲ့စကားကို သိလိုဇောနဲ့ ထောက်လိုက်တော့…

"အဖေပြောတာကတော့ တောထဲက မြွေကြီးတစ်ကောင်ရောက်လာပြီး ကလေးကို မျိုတာ၊ မျိုပြီး မသွားနိုင်ဘဲ စင်းနေတဲ့အချိန်မှာ အိမ်သားတွေနဲ့တွေ့ပြီး အရာရှိကြီးသားအလတ်က ဓားမြှောင်နဲ့ မြွေကြီးဗိုက်ကို ခွဲထုတ်တယ်။ ဒါပေမယ့် ကလေးအသက်ကို မမီတော့ဘူးဖြစ်သွားတာ ဖြစ်နိုင်တယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အရာရှိကြီးက အကုသိုလ် အတော်ကြီးတယ် ထင်ပါ့ကွယ်၊ ကဲ‥ကဲ‥ မနက်ကို အလုပ်ဘယ်လိုစီစဉ်ကြမလဲ"

"အဲ…တပည့်တော်စီစဉ်ထားတာကတော့ တပည့်တော်သား စိုင်းနော်ဝေးက စံအေးတို့နဲ့ သစ်ခုတ်လိုက်သွားပြီး တပည့်တော်ရယ်၊ ဦးသူတော်ရယ်၊ မောင်သာခင်ရယ် ဝံအူမြစ်သွားရှာမယ်လို့ စီစဉ်ထားတယ်ဘုရား"

"အေး…ကောင်းတယ်ကွာ၊ ညလည်း နက်လာပြီ၊ အိပ်ကြစို့ရဲ့"

□□□

တောင်နီတောကြီးရဲ့ နံနက်ခင်းကအတော်လှတယ်။ တောပန်းတောင်ပန်းတွေက အရောင်စုံပွင့်ပြီးနေကြတယ်။ စိမ့်စမ်းရေတံခွန်တွေဆီက ရေစီးသံရေကျသံတွေနဲ့ သာယာလှပလို့။

ဦးနော်ဖခေါင်းဆောင်တဲ့ ဦးသူတော်နဲ့ ကျုပ်တို့သုံးယောက်က လျှိုကြီးတစ်ခုကို ဖြတ်ကူးထားတဲ့ တံတားအိုကြီးတစ်ခုကို ရောက်လာခဲ့တယ်။ တံတားအိုကြီးရဲ့ အထက်နားမှာ ခိုင်ခံ့တဲ့ ကျောက်တုတ်ကြီးခံပြီး ပြုလုပ်ထားတဲ့ ရေဒလက်ကြီးတစ်ခု တဝုန်းဝုန်း လည်တာတွေ့ရတယ်။ တံတားအိုကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာတော့ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်ပြီး သစ်ပင်ကြီးတွေ အုံ့ဆိုင်းနေတယ်။ သံဆူးကြိုးတွေ ကာရံထားတာကိုလည်း တွေ့ရတယ်။ အိုမင်းယိုယွင်းနေတဲ့ အိမ်ဝိုင်းကြီးထဲက အိမ်အိုကြီးတစ်လုံးကို ချောက်ချားဖွယ်ရာ လှမ်းမြင်လိုက်ရတယ်။

"ကဲ လာကြ၊ ဝံအူမြစ်က သည်အိမ်ဝိုင်းကြီးထဲမှာ ရှာရမှာ"

ဟု ဆိုကာ ဦးနော်ဖက တံတားအိုကြီးပေါ်သို့ ခြေလှမ်းစလိုက်ရာ…

"ဖလပ် ဖလပ်၊ ဗိုး၊ ဗုန်း၊ ဖုန်း"

တံတားအိုကြီးအလယ်လောက်ဆီက သစ်သားပြားကြီးတွေက အလိုလိုကျိုးကာ သံချက်များပြုတ်ပြီး လျှိုကြီးထဲကို ကျသွားတာကြောင့် အားလုံးတွန့်သွားရတယ်။ ဦးနော်ဖက…

"သတိနဲ့လျှောက်ကြနော်၊ တံတားက အိုနေပြီဆိုတော့ ကြည့်တော့နင်းကြ"

တံတားအိုကြီးကို ဖြတ်ကျော်ပြီး ဝိုင်းတံခါးဝရောက်တော့ တံခါးပေါ်ကို ဖုံးလွှမ်းနေတဲ့ နွယ်ပင်တွေကို ဦးနော်ဖက ဓားနဲ့ ဖြတ်တောက်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"လာဟေ့ မောင်သာဒင် တံခါးဖွင့်ရအောင်"

နှစ်ယောက်သား တံခါးကြီးကို မပြီးတွန်းဖွင့်လိုက်ရာ

'ကျွီ ကျွတ် ကျွတ်'

ခြောက်ကပ်ကပ် အသံကြီးနဲ့အတူ တဝုန်းဝုန်းလည်

နေတဲ့ ရေဒလက်ကြီးက ခလုတ်နှိပ်လိုက်သလို ရပ်တန့်သွားတယ်။ ရုတ်တရက်မို့ ချောက်ချားစရာပင်။ အိမ်ဝိုင်းထဲရောက်တော့ ကျုပ်လည်း နောက်ကျောမလုံသလိုခံစားရလို့ လှည့်ကြည့်လိုက် တော့ ရေဒလက်ကြီးက တဝုန်းဝုန်းပြန်လည်နေတာတွေ့ရတယ်။

အိမ်ကြီးနားရောက်တော့ အိမ်ကြီးအပေါ်ထပ်ကို ကျုပ် မျက်စိရောက်သွားတယ်။ မှိန်ပျပျမှန်ပြတင်းမှာ မိန်းကလေး တစ်ယောက် ရိပ်ကနဲဖြတ်သွားတာကို မြင်လိုက်ရတယ်။ ကျုပ်လည်း ထိတ်ကနဲဖြစ်သွားရတယ်။ ဦးနော်ဖနဲ့ဦးသူတော်တို့တော့ မြင်လိုက် သလား မပြောတတ်ဘူး။

"လာကြ ဝံအူမြစ်တွေက အိမ်ကြီးနောက်ဖေးတောသဲမှာ"

အိမ်ကြီးဘေးကပတ်ပြီး နောက်ဖေးဘက်ကို ရောက်လာ ခဲ့ကြတယ်။

'ဂျလောက် ဂျလောက်'



www.burmeseclassic.com

www.burmeseclassic.com



အသံကြားရာကို ကြည့်လိုက်တော့ အပေါ်ထပ်ဝရံတာ ထောင့်က ပိုးမျှင်တွေတန်းနေတဲ့ ကုလားထိုင်ကြီးတစ်လုံးက လူတစ်ယောက် ထိုင်လျှပ်နေသလို ဂျလောက် ဂျလောက်နဲ့ မြည်ပြီး ရှေ့တိုးနောက်ငင် ဖြစ်နေတာတွေ့တယ်။

'ဟဲ ဟဲ ဟဲ'

ဦးသူတော်က ထုံးစံအတိုင်း မရယ်ချင့်ရယ်ချင်ရယ်လိုက်သလို ဦးနော်ဖကလည်း

'ဟွန်း ဟွန်း ဟွန်း ဒါလောက်တော့ မကြောက်သေး'

လို့ တီးတိုးရေရွတ်တယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာမှမပြောဘဲ အိမ်ကြီးနောက်ဖေးရောက်အောင်သာ ဆက်လျှောက်ခဲ့ကြတယ်။ အိမ်နောက်ဖေးတောထဲရောက်တော့…၊

"သည်မှာ ဦးသူတော် ဝံအူမြစ်တွေ ပေါမှပေါ"

"အေး…ဟုတ်တယ်ဟေ့၊ ဖြတ်ပြီးရှာကြကွာ၊ ငါပြောထားတဲ့အတိုင်းတွေ့ရင် ဖြတ်ပြီးယူထားကြ"

သုံးယောက်သား ဝံအူမြစ်နွယ်ပင်တွေကို တစ်ပင်ပြီးတစ်ပင် ဖြတ်တောက်ရှာကြတော့တာပဲ။ အတော်ကလေးရှာမိတော့ ဦးနော်ဖက…



www.burmeseclassic.com

www.burmeseclassic.com



"ဦးသူတော် တစ်ဖြတ်တော့ ရပြီဘုရာ့"

"အေး…ငါလည်း နှစ်ဖြတ်တော့ ရပြီ"

ထိုအချိန်ဝယ်…

"ဖျန်း၊ ဖလောက်၊ ဖလောက်၊ ဖလောက်"

ကျောက်ခဲကလေးတွေကို ဆုပ်ပက်လိုက်သလို ကျောက်ခဲလေးတွေက ချုံပင်များ သစ်ရွက်များပေါ်ကို ပြန့်ကြဲပြီး ကျလာတယ်ဗျို့။ တစ်ခါ နှစ်ခါ သုံးခါလောက်ရှိတော့…

"ခြောက်…ခြောက်ပော့၊ ဒါလောက်တော့မကြောက်သေး"

ဦးနော်ဖက အော်လိုက်ရာ…

ဦးသူတော်ကလည်း 'ဒါပါပဲကွ' လို့ပြောလိုက်ပေမယ့် ကျုပ်ကတော့ နောက်မလုံဘူး။ တဖွဲဖွဲကျလာတဲ့ ကျောက်တုံးတွေထဲမှာ တစ်ခါတလေ လက်သီးဆုပ် ထန်းသီးလုံးလောက် ကျောက်တုံးတွေပါလာတယ်။ ဦးသူတော်နဲ့နော်ဖတို့က မမှုပေ မယ့် ကျုပ်ကတော့ နောက်မလုံလို့ ဇောဇော လှည့်ကြည့်နေမိတယ်။

"ဂျုတ်…ဂျုတ်…ဂျုတ်…ဖြောင်း"

သည်တစ်ခါတော့ ကြမ်းတယ်ဗျို့။ တစ်ပေပတ်လည်



www.burmeseclassic.com

www.burmeseclassic.com


လောက်လုံးပတ်ရှိတဲ့ သစ်ကိုင်းကြီး ကျိုးကျလာတာ။ သစ်ကိုင်းကြီးက နွယ်ကြိုးနဲ့ပတ်ပြီး ဒန်းလွဲသလို အရှိန်ပြင်းပြင်းနဲ့ ဦးနော်ဖဆီ ပြေးဝင်လာတာဗျို့။ ဦးနော်ဖကလည်း လျင်တယ်လေ။ ကိုယ်ကို ပစ်လှဲလိုက်ပြီး တစ်ဖက်ဆင်ခြေလျှောထဲ လှိမ့်ချလိုက်တာ။ သီသီလေး လွတ်သွားတယ်။ သစ်ကိုင်းကျိုးကြီးဘေးက ကျောက်တုံးကြီးကို ဝင်တိုက်တာ 'ဝုန်း' ဆိုတဲ့ အသံကြီးထွက်လာပြီး သစ်ကိုင်းကြီးလည်း ကျေမွသွားတာပဲ။

သုံးယောက်သား နီးရာသစ်ပင်ကိုကပ်ပြီး ငြိမ်နေလိုက်ကြရတယ်။ သည်တစ်ခါတော့ မကြောက်ပါဘူးဆိုတဲ့ ဦးသူတော်ရော ဦးနော်ဖပါ နှစ်ယောက်စလုံး မျက်လုံးပြူး နှုတ်ခမ်းမွေးပါ ကားသွားတော့တာပဲ။

"ရှီး...ဝေါ..."

အဲဒီအချိန်မှာပဲ မနီးမဝေးက နွယ်ကြိုးကြီးတစ်ချောင်းက လုံးပတ်တစ်ပေ အရှည်တစ်လံလောက်ရှိတဲ့ သစ်တုံးကြီးတစ်တုံးကို သစ်ပင်ကြီးပေါ် အရှိန်ပြင်းပြင်းနဲ့ ဆွဲတင်သွားတယ် သစ်ပင်ကြီးခွကြားမှာ သစ်တုံးကြီးက ကန့်လန့်ကြီးဖြစ်နေတယ်။ ကျုပ်တို့သုံးယောက်လည်း အသက်တောင် ပြင်းပြင်းမရှူရဲသလို ဖြစ်နေ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။

"ဝေါ…ဝုန်း…ဒုတ်…ဒုတ်"

တစ်ဆက်တည်းမှာပဲ သစ်ပင်ကြီးတစ်ပင်ပေါ်က ဝါးချွန်တွေနဲ့ အစီအရီလုပ်ထားတဲ့ ဝါးကွပ်ပျစ်တစ်ခုက ဝါးချွန်တွေပြေထွက်သွားပြီး အရှိန်ပြင်းစွာနဲ့ ကျုပ်တို့ဆီ ဝုန်းကနဲပြုတ်ကျလာတယ်။ ကျုပ်တို့လည်း မြေကြီးပေါ်လှိမ့်ပြီး သေလုမျောပါးရှောင်ကြရတယ်။ ကံကောင်းလို့တစ်ယောက်မှ မထိတာဗျို့။ ထိလိုက်လို့ကတော့ အရှင်လတ်လတ်တံစို့ထိုးပြီးသားပဲ။ ဝါးချွန်တွေက တဒုတ်ဒုတ်နဲ့ မြေကြီးစိုက်ဝင်သွားကြတယ်။ သုံးယောက်လုံး အသက်တောင်မရှူပဲအတန်ကြာ ငြိမ်သက်နေမိကြတယ်ဗျို့။ ခဏနေမှ ဦးသူတော်က သစ်တုံးကြီးမှာပတ်နေတဲ့ နွယ်ကြိုးကြီးကို သွားကိုင်ကြည့်ပြီး…၊

"ဟော့…သာဒင်နဲ့ နော်ဖတို့ ဘာမှမလုပ်နဲ့တော့၊ မင်းတို့လာတဲ့လမ်းအတိုင်း ပြန်ဆုတ်ကြ‌ေဟာ့"

ကျုပ်တို့လည်း ဦးသူတော်ပြောဝဲ့အတိုင်း တောက်ပြားခြေလှမ်းမျိုးနဲ့ ပြန်ဆုတ်ခဲ့ကြတယ်။ ဦးသူတော်နားရောက်တော့…

"သည်မှာကြည့်၊ နွယ်ပင်မဟုတ်ဘူးကွ၊ စတီးနန်းကြိုး



www.burmeseclassic.com

www.burmeseclassic.com


ကြီး၊ ဒါဟာ နာနာဘာဝမဟုတ်သလို သဘာဝလည်းမဟုတ်ဘူး၊ မဟုတ်မှလွဲရော မင်းပြောတဲ့ အရာရှိကြီး ထောင်ထားခဲ့တဲ့ မောင်းတွေဖြစ်ရမယ်"

"ဟုတ်တာပေါ့ ဦးသူတော်၊ ဒါ တပည့်တော်တို့ မုဆိုးတွေ ထောင်လေ့ထောင်ထရှိတဲ့ မောင်းတွေပဲ"

ဦးသူတော်စကားကို ဦးနော်ဖက ထောက်ခံလိုက်သည်။ သည်တော့ ဦးသူတော်က...

"ငါက နာနာဘာဝ ဝိနာဘာဝတွေသာ နိုင်တာ၊ ဒါတွေတော့ မနိုင်ဘူး၊ ပြီးတော့ ဒါမျိုးတွေ ဘယ်လောက်ရှိမှန်း မသိဘူး၊ အန္တရာယ်ရှိတယ်၊ ဆေးဖက်ဝင် ဝံအူမြစ်လည်း သုံးလေးဖြတ်တော့ ရပြီ၊ ပြန်ကြစို့"

ကျုပ်တို့လည်း လာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြပြီ။ အိမ်ကြီးနားရောက်တော့ အလာတုန်းက ဝရံတာထောင့်က ကုလားထိုင်ကြီးက အလာတုန်းကလို 'တရှောက်ရှောက်'နဲ့ လှုပ်နေပြန်ရော။ သည်တော့ ဦးနော်ဖက...

"အံမာ ခုထိလှုပ်တုန်းပါလား၊ မညောင်းသေးဘူးလား" လို့အော်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသူတော် တပည့်တော်တို့ သည်ထဲဝင်လေ့လာကြဦးစို့လား"

ဦးသူတော်ကလည်း…

"စိန့်လိုက်လေ၊ တို့ဆရာတပည့်က ဒါမျိုး သိပ်ဝါသနာပါတာ၊ မဟုတ်လည်း တို့တစ်ညအိပ်ချင်အိပ်မှာလို့ မှာထားခဲ့တာပဲ"

ကျုပ်ကတော့ ဆိတ်ဆိတ်ပဲ နေလိုက်တယ်။

အချိန်ကတော့ မှောင်ရီသန်းကာစ။ အိမ်ကြီးထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ အေးစိမ့်စိမ့်အရသာနဲ့ လင်းနို့ချေးနံ့တွေက စတင်နှုတ်ဆက်လာတယ်။ အိမ်ကြီးကတော့ တိတ်ဆိတ်နေမြဲပင်။

'ပလောက်…ပလောက်'

ဘယ်ကမှန်းမသိ ရေစက်ကျနေတဲ့ အသံကလေးကို ကြားလိုက်ကြရတယ်။ တိတ်ဆိတ်နေတဲ့ကြားထဲက ရေစက်ကျနေတဲ့အသံက ချောက်ချားဖွယ်ရာ ဖြစ်နေတာအမှန်ပဲ။

"ကျွီ…ကျွတ်…ကျွတ်"

လူမမာ ညည်းသံလို အသံကြီးနဲ့အတူ အခန်းတစ်ခန်းက တံခါးကြီးတစ်ချပ် သူ့ဖာသာပွင့်သွားပြီး…

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ...ဖလပ်...ဖလပ်"

"ဟ...ဟ...ဘယ်လိုလဲ၊ ဘာတွေလဲ တိုက်မိကုန်ပြီ"

ရာနဲ့ရှိပြီး များပြားလှတဲ့ လင်းနို့အုပ်ကြီးက တစ်ဟုန်ထိုး ထွက်လာပြီး ကျုပ်တို့ကို ဝင်တိုက်ကာ ပျံသန်းသွားလို့ လန့်သွားကြတာလေ။

သည်လိုနဲ့ တစ်ခန်းဝင် တစ်ခွန်းထွက် ဆက်လာခဲ့ရာ..

"ကျွီ...ဗြောင်း...ကျွီ...ဗြောင်း"

ကျွန်ုပ်က အသံလာရာနောက်ကို လှည့်ကြည့်လိုက်တော့ ကျုပ်တို့ထွက်လာတဲ့ အခန်းတံခါးကြီးက ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေတာတွေ့လိုက်ကြရတယ်။ ကျုပ်လည်း နောက်ဆုံးက လိုက်လာရာကနေ ဦးသူတော်ရှေ့ကို ကျော်တက်လိုက်တယ်။ ကျောအတော်ချမ်းလာပြီလေ။

"ဟ...ငါ့တပည့်က အပွဲပွဲနွဲ့လာပြီးမှ ကြောက်နေသလားကွ"

"နောက်မလုံလို့ဘုရား"

"ဟား...ဟား...ဟား"

ဦးနော်ဖကတော့ ရယ်တာပေါ့။ အပေါ်ထပ်တက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘေးဘက်အခန်းကြီးထဲက ရုတ်တရက်ထွက်လာတဲ့ အသံတွေကြောင့် ရှေ့ဆုံးက ဦးနော်ဖပင် ရုတ်တရက်လန့်သွားကာ 'ဟဲ့ ပလုတ်တုတ်'ဆိုပြီး နောက်ကိုခြေတစ်လှမ်းဆုတ်သွားတယ်။ အခန်းကြီးထဲက ထွက်လာတဲ့ အသံတွေက စုံတယ်။ ညည်းသံ တွန်းထိုးသံ လဲကျသံ ရယ်သံ။ အသံများကို ခန့်မှန်းခြင်းဖြင့် အခန်းထဲတွင် လူ (၇)ယောက်ထက်မနည်းဘူးလို့ ခန့်မှန်းလိုက်မိတယ်။ သုံးယောက်လုံး ခဏရပ်ပြီး နားစွင့်နေလိုက်ကြတယ်။ ဘာသံမှ ထပ်မကြားရတော့ပေ။ သုံးယောက်သား အခန်းထဲဝင်ကြည့်လိုက်ကြတော့ လူ (၇)ယောက်ထက် မနည်းတဲ့ အရိုးစုတွေကို တွေ့လိုက်ကြရတယ်။ ဒီလောက်များတဲ့ အရိုးစုတွေကို တစ်နေရာတည်းမှာ တွေ့လိုက်ရတော့ ကျုပ်လည်း ကြက်သီးတွေ တစ်ဖြန်းဖြန်းကို ထသွားတော့တာပဲ။ ကြမ်းပြင်တစ်နေရာမှာတော့ ဝင်းလက်နေတဲ့ ဓားမြှောင်တစ်ချောင်း၊ ပျက်စီးနေပြီဖြစ်တဲ့ ပြောင်းတိုသေနတ်တစ်လက်၊ ပြောင်းရှည်သေနတ်တစ်လက်ကိုတွေ့ကြတဲ့အခါ ဦးနော်ဖက ဓားမြှောင်ကိုကောက်ယူလိုက်ပြီး . . .

"တော်တော်ကောင်းတဲ့သံနဲ့ လုပ်ထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com


ဘေးဘက်အခန်းကြီးထဲက ရုတ်တရက်ထွက်လာတဲ့ အသံတွေကြောင့် ရှေ့ဆုံးက ဦးနော်ဖပင် ရုတ်တရက်လန့်သွားကာ 'ဟဲ့ ပလုတ်တုတ်' ဆိုပြီး နောက်ကိုခြေတစ်လှမ်းဆုတ်သွားတယ်။ အခန်းကြီးထဲက ထွက်လာတဲ့ အသံတွေက စုံတယ်။ ညည်းသံ တွန်းထိုးသံ လဲကျသံ ရယ်သံ။ အသံများကို ခန့်မှန်းခြင်းဖြင့် အခန်းထဲတွင် လူ (၇)ယောက်ထက်မနည်းဘူးလို့ ခန့်မှန်းလိုက်မိတယ်။ သုံးယောက်လုံး ခဏရပ်ပြီး နားစွင့်နေလိုက်ကြတယ်။ ဘာသံမှ ထပ်မကြားရတော့ပေ။ သုံးယောက်သား အခန်းထဲဝင်ကြည့်လိုက်ကြတော့ လူ (၇)ယောက်ထက် မနည်းတဲ့ အရိုးစုတွေကို တွေ့လိုက်ကြရတယ်။ ဒီလောက်များတဲ့ အရိုးစုတွေကို တစ်နေရာတည်းမှာ တွေ့လိုက်ရတော့ ကျုပ်လည်း ကြက်သီးတွေ တစ်ဖြန်းဖြန်းကို ထသွားတော့တာပဲ။ ကြမ်းပြင်တစ်နေရာမှာတော့ ဝင်းလက်နေတဲ့ ဓားမြှောင်တစ်ချောင်း၊ ပျက်စီးနေပြီဖြစ်တဲ့ ပြောင်းတိုသေနတ်တစ်လက်၊ ပြောင်းရှည်သေနတ်တစ်လက်ကိုတွေ့ကြတဲ့အခါ ဦးနော်ဖက ဓားမြှောင်ကိုကောက်ယူလိုက်ပြီး . . .

"တော်တော်ကောင်းတဲ့သံနဲ့ လုပ်ထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ သည်စည်းအတွင်းမှာ အိပ်ကြ၊ ဘယ်လောက်ကြောက်စရာတွေ့တွေ့ စည်းအပြင်မထွက်ကြနဲ့၊ ငါခေါ်မှထွက်၊ မင်းတို့အတွက် နဘယ်ဘေးမရှိပဲ"

"တင်ပါ့ဘုရား"

ကျုပ်တို့လည်း ဦးသူတော်မှာတဲ့အတိုင်း စည်းဝိုင်းအတွင်းမှာ အိပ်ဖို့ပြင်ဆင်ကြတာပေါ့။ ဦးသူတော်ကတော့ အခန်းထောင့်တစ်နေရာမှာ စိတ်ပုတီးစိပ်လိုက်၊ ထိုင်ပြီး တရားရှုမှတ်လိုက်၊ စင်္ကြံလျှောက်လိုက် လုပ်နေတာ တွေ့ရတယ်။ ခြူသံတချွင်ချွင်ခြေသံတရှပ်ရှပ်နဲ့ အိမ်အနှံ့သွားနေတဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့အသံမိန်းကလေးတစ်ယောက်ရဲ့ မချိမဆံ့ညည်းသံ၊ ရှိုက်သံ၊ ဖွန်းသံ၊ ပန်းကန်သံတွေ ကြားနေရသလို တစ်ခါတစ်ခါ ထွက်ပေါ်လာတဲ့ရယ်သံကြီးက အိမ်ကြီးတစ်ခုလုံး တုန်သွားသလို ကြားနေရတယ်။ ကျုပ်တို့အိပ်နေတဲ့ အခန်းတံခါးပေါက်မှာလည်း မကြာမကြာ ဖြတ်လျှောက်သွားတဲ့ လူရိပ်တစ်ခုကိုလည်း မြင်ကြရတယ်။

ဒါပေမယ့် လူတွေကိုတော့ ဘာမှအန္တရာယ်မပြု ကြဘူးဗျ။ သည်လိုနဲ့ ကျုပ်လည်း ဘယ်အချိန်အိပ်ပျော်သွားလဲ မသိဘူး။ ဦးသူတော် လာနှိုးတော့ မိုးလင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ သည်စည်းအတွင်းမှာ အိပ်ကြ၊ ဘယ်လောက် ကြောက်စရာတွေ့တွေ့ စည်းအပြင်မထွက်ကြနဲ့၊ ငါခေါ်မှထွက်၊ မင်းတို့အတွက် နဘယ်ဘေးမရှိပဲ"

"တင်ပါ့ဘုရား"

ကျုပ်တို့လည်း ဦးသူတော်မှာတဲ့အတိုင်း စည်းဝိုင်းအတွင်း မှာ အိပ်ဖို့ပြင်ဆင်ကြတာပေါ့။ ဦးသူတော်ကတော့ အခန်းထောင့် တစ်နေရာမှာ စိတ်ပုတီးစိပ်လိုက်၊ ထိုင်ပြီး တရားရှုမှတ်လိုက်၊ စင်္ကြံလျှောက်လိုက် လုပ်နေတာ တွေ့ရတယ်။ ခြူသံတချွင်ချွင် ခြေသံတရှုပ်ရှုပ်နဲ့ အိမ်အနှံ့သွားနေတဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့အသံ မိန်းကလေးတစ်ယောက်ရဲ့ မချိမဆံ့ညည်းသံ၊ ရှိုက်သံ၊ ဖွန်းသံ၊ ပန်းကန်သံတွေ ကြားနေရသလို တစ်ခါတစ်ခါ ထွက်ပေါ်လာတဲ့ ရယ်သံကြီးက အိမ်ကြီးတစ်ခုလုံး တုန်သွားသလို ကြားနေရ တယ်။ ကျုပ်တို့အိပ်နေတဲ့ အခန်းတံခါးပေါက်မှာလည်း မကြာ မကြာ ဖြတ်လျှောက်သွားတဲ့ လူရိပ်တစ်ခုကိုလည်း မြင်ကြရတယ်။

ဒါပေမယ့် လူတွေကိုတော့ ဘာမှအန္တရာယ်မပြု ကြဘူး ဗျ။ သည်လိုနဲ့ ကျုပ်လည်း ဘယ်အချိန်အိပ်ပျော်သွားလဲ မသိဘူး။ ဦးသူတော် လာနှိုးတော့ မိုးလင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ထကြ၊ ထကြ၊ ပြန်ကြရအောင်"

ကျုပ်တို့လည်း အိပ်ရာကထပြီး ပစ္စည်းတွေ သိမ်းဆည်းလိုက်တယ်။ ထူးခြားနေတာက တစ်ညလုံး ခြောက်လှန့်နေတဲ့ အိမ်ကြီးက အခုတော့ တံညိငြိမ်အေးဆေးနေတာပဲဗျို့။ ကျုပ်တို့ အိမ်ကြီးထဲက ထွက်လာပြီး တံတားကြီးပေါ်ရောက်တော့ ဦးသူတော်က တစ်ယောက်တည်း…

"အင်း…ကျွတ်ထိုက်ရင်တော့ ကျွတ်ကြ လွတ်ကြပြီပေါ့"

လို့နှုတ်က ရေရွတ်လိုက်သံကို ကြားလိုက်ရတယ်လေ။ တံတားကြီးပေါ်ရောက်တော့ အမှတ်မထင်နဲ့ ရေဒလက်ကြီးကို ကြည့်လိုက်တော့ အလာတုန်းက တဝုန်းဝုန်းလည်နေတဲ့ ရေဒလက်ကြီးက ရပ်တန့်နေတာကို တွေ့ရတယ်။ ကျုပ်တို့လည်း လိုချင်တဲ့ ဝံအူမြစ်တွေရလာပြီဆိုတော့ ခြေလှမ်းခပ်သွက်သွက်နဲ့ပဲ ဦးနော်ဖအိမ်ဘက်ကို လျှောက်ပြန်ခဲ့ကြတော့တယ်ဗျို့။

□□□

ဘိုးသာဒင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ တာတေနှင့် အခြား စာရေးဆရာများ ပါဝင်ရေးသားပြီး
ရှိထားသော စာအုပ်များမှာ အောက်ပါစာရင်းအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| တာတေ + ကလောင်စုံ | ကားလမ်းပေါ်က တစ္ဆေ |
| တာတေ + ကလောင်စုံ | ကဝေပုရပိုက် |
| တာတေ + ကလောင်စုံ | တစ္ဆေတွေ နေတဲ့အိမ် |
| တာတေ + ကလောင်စုံ | ခေါင်းထမ်းလာတဲ့ တစ္ဆေ |
| တာတေ + ကလောင်စုံ | တစ္ဆေတွေလာတဲ့ ည |
| တာတေ + ကလောင်စုံ | တစ္ဆေမှော် |
| တာတေ + ကလောင်စုံ | တစ္ဆေတစ်ရာ မှော်ဝင်ဓား |
| တာတေ + ကလောင်စုံ | တစ္ဆေထောင်ချောက် |
| တာတေ + ကလောင်စုံ | တစ္ဆေထိုးတဲ့ခေါင်းလောင်းသံ |
| တာတေ + ကလောင်စုံ | ဆရာမနိုင် တစ္ဆေအိုင် |
| တာတေ + ကလောင်စုံ | ဖုရဲဂူမှ တစ္ဆေထောင် |
| တာတေ + ကလောင်စုံ | ကဝေကျွန်းရှင် |
| တာတေ + ကလောင်စုံ | တတိယမျက်လုံး |
| တာတေ + ကလောင်စုံ | မှော်ဝင်တောင်သခင်မ |
| တာတေ + ကလောင်စုံ | တစ္ဆေမျက်လုံး မဂ္ဂဇင်း၊ အမှတ် (၁) |
| တာတေ + ကလောင်စုံ | တစ္ဆေမျက်လုံး မဂ္ဂဇင်း၊ အမှတ် (၂) |
| တာတေ + ကလောင်စုံ | တစ္ဆေမျက်လုံး မဂ္ဂဇင်း၊ အမှတ် (၃) |

www.burmeseclassic.com